ဝဏ္ဏအောင်

# မစ္ဆရိယအမှား

နှစ်အုပ်တွဲသိုင်းစာစဉ်



ပထမပိုင်း

ကျင်းထုံ၏ ဝေ့ကျောင်းရှမ်း


2000

သိုင်းစာစဉ်များpage.

13.8.2018

ဇော်ရဲအောင်(TZ)

Alien မှ pdf အဖြစ် စကန်ဖတ်သည်


ပ + ၃
နှစ်အုပ်တွဲ

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၃၇၃ / ၂၀၀၀ ( ၆ ) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၄၁၂ / ၂၀၀၀ ( ၆ ) |
| ထုတ်ဝေကာလ | ၂၀၀၆ ဖြည့်နှစ် |
| အုပ်ရေ | ၄၀၀ |
| တန်ဖိုး | ၁၀၀ ကျပ် |
| ထုတ်ဝေသူ | ဒေါ်မိုးကေခိုင် |
| | ချိုတေးသံစာပေ |
| | ရွှေနံ့သာရပ်ကွက်၊ ပုလဲမြို့(၃)၊ |
| | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးလှသိန်း |
| | လှသိန်းဦး-ပုံနှိပ်တိုက်၊ |
| | ၁၂/ဒါနလမ်း၊ သာယာကုန်း၊ |
| | မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးရိုက် | ဦးတိုးဝင်း၊ (မြဲ ၀၂၄၃၁) |
| | နေလရောင် အော့ဖ်ဆက် |
| | ဗ၆/ခ၊ ၁၁-လမ်း၊ |
| | လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |

တုံးတကရေး
၀၁၆ပ
နှင်းမှုံဖုံးတွန်းလှိမ်းဖော

# ဝဏ္ဏအောင်

# မစ္ဆရိယအမှား

(ပ + ဒု)

၂-အုပ်တွဲ သိုင်းစာစဉ်

# ဝဏ္ဏအောင်

---

## မစ္ဆရိယအမှား

(ပထမပိုင်း)

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ..... ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ..... ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ..... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

---

# ပြည်သူ့သဘောထား

— ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

— နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

— နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

— ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စိတ်စေစားရာ

---

တောင်ကုန်းလေးပေါ်တွင် သစ်ပင်ကြီးတစ်ပင်တည်းသာ ရှိသည်။

ထိုသစ်ပင်ကြီးအောက်၌ အဘိုးအိုတစ်ယောက် ရပ်နေ၏။

ထိုအဘိုးအိုသည် မလှမ်းမကမ်းရှိ မြေကွက်လပ်သို့ မမှိတ်မသုန် ကြည့်နေသည်။

မြေကွက်လပ်တွင် လူငယ်နှစ်ယောက်ရှိနေ၏။

ထိုလူငယ်နှစ်ယောက်အနက် တစ်ယောက်မှာ အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

သူတို့ နှစ်ယောက်သည် မျက်နှာချင်းဆိုင်ရပ်ကာ တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေကြ၏။

ဝန်းကျင်တစ်ခုလုံး အပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ် ငြိမ်သက်နေ၏။

ရုတ်တရက်....

ကျီးကန်းတစ်ကောင်သည် အဝေးမှ ပျံသန်းလာပြီး တောင်ကုန်းပေါ်ရှိ သစ်ပင်ပေါ်၌ ရပ်နားလိုက်လေသည်။

သို့သော်....

သစ်ပင်အောက်၌ရပ်နေသော အဘိုးအိုနှင့် မျက်နှာချင်းဆိုင်လျက်ရှိသော လူငယ်နှစ်ယောက်ကို တွေ့မြင်သွားလျှင် ကျီးကန်တို့၏ ထုံးစံအတိုင်း မယုံသင်္ကာသော အကြည့်ဖြင့် ကြည့်လိုက်သည်။

ထို့နောက်....

'အ....အ'

စူးစူးဝါးဝါး အော်မြည်ကာ အဝေးသို့ ပျံသန်းသွားလေတော့သည်။

ကျီးကန်းပျံသန်းသွားပြီး မကြာမီမှာပင်....

'ယား....'

လူငယ်နှစ်ယောက်သည် ပြိုင်တူ ကြာသံပေးလိုက်ကြသည်။ တစ်ယောက်ကိုတစ်ယောက် တိုက်ခိုက်လိုက်ကြလေသည်။



သစ်ပင်အောက်၌ ရပ်နေသော အဘိုးအိုသည် တိုက်ပွဲကို မျက်တောင်မခတ် စိုက်ကြည့်နေလေတော့သည်။

* * *

အဖြူရောင်လူငယ်နှင့် အနက်ရောင် လူငယ်တို့သည် လက်ဝါးများကို အသုံးပြုကာ သွက်လက်ဖျတ်လတ်စွာ တိုက်ခိုက်ကြလေသည်။

သူတို့၏ သိုင်းကွက်များသည် ပေါ့ပါးသည်။ သွက်လက်သည်။ မမျှော်လင့်သော ရှုထောင့်မှ တိုက်ခိုက်သော အစွမ်းထက်သည့် သိုင်းကွက်များ ဖြစ်နေပါသည်။

သိုင်းလောက၌ တွေ့ရခဲသော လက်ဝါးသိုင်းပညာရပ် တစ်မျိုးဖြစ်လေသည်။

သို့သော်....

တိုက်ပွဲ၏ထူးခြားချက်မှာ အဖြူရောင် လူငယ်ကော၊ အနက်ရောင်ဝတ်လူငယ်ကော လူငယ်နှစ်ယောက်စလုံး၏သိုင်းကွက်များ အတူတူဖြစ်နေကြခြင်းတည်း။

နှစ်ယောက်စလုံးက လက်ဝါးသိုင်းကွက်တစ်မျိုးကို အတူတကွ သင်ကြားခဲ့ကြပုံမျိုး ဖြစ်လေသည်။

သူတို့သည် တစ်ယောက်၏သိုင်းကွက်ကို တစ်ယောက်က သိရှိနေကြလေသည်။

ထို့ကြောင့် သူတို့၏တိုက်ပွဲသည်မည်သူကမျှ အသာရမည်မဟုတ်ဘဲ သရေပွဲဖြင့် အဆုံးသတ်မည်မှာ ထင်ရှားနေသည်။

သစ်ပင်အောက်မှ အဘိုးအိုသည် လူငယ်နှစ်ယောက်၏ ယှဉ်ပြိုင်ပုံကိုကြည့်ကာ အားရ ကျေနပ်သွားသည့် အလား ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

လူငယ်နှစ်ယောက်ကား အားမာန်အပြည့်ဖြင့် ဌာသံပေးကာ သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်နေကြပါသည်။

သူတို့၏တိုက်ပွဲသည် တင့်စထက်တစ်စ အရှိန်အဟုန် ပြင်းထန်လာ၏။

သိုင်းကွက်များသည် လျှို့ဝှက်ဆန်းပြားလာသည်။

လူငယ်နှစ်ယောက်စလုံး၏ စိတ်အစဉ်သည် သိုင်းကွက်များနှင့် တသားတည်း ဖြစ်သွားပြီး ဝန်းကျင်တစ်ခုလုံးကို မေ့လျော့သွားကြလေသည်။

တိုက်ပွဲသည် အပြင်းထန်ဆုံး အချိန်သို့ ရောက်ရှိလာလေသည်။

သစ်ပင်အောက်မှ အဘိုးအိုက တိုက်ပွဲကို မျက်တောင်မခတ် ကြည့်နေဆဲ....



အဘိုးအိုသည် ဝါရင့်သိုင်းသမားကြီးတစ်ယောက် ဖြစ်သည်နှင့်အညီ တိုက်ပွဲ၏ အခြေအနေကို ကောင်းစွာသုံးသပ်မိလေသည်။

မှုလက သူ မျှော်လင့်ထားသလို သရေပွဲဖြစ်သွားမည် မဟုတ်ဘဲ အနိုင်အရှုံး ပေါ်လာလိမ့်မည်ဖြစ်ကြောင်း နားလည် သဘောပေါက်လာလေသည်။

အဘိုးအိုက....

'အနိုင်လိုချင်လွန်းရင် အရှုံးနဲ့ ရင်ဆိုင်ရတတ်တယ်ဆိုတဲ့ စကား သိပ်မှန်ပါလား'

ဟု တီးတိုးရေရွတ်လိုက်လေသည်။

ထိုစဉ်မှာပင်....

'ဝုန်း....'

'အား....'

စူးရှသော အသံဗလံများ ထွက်ပေါ်လာသည်။

လူငယ်နှစ်ယောက်သည် လူချင်းကွဲသွားကြပြီး ကပျာကယာ နောက်ဆုတ်သွားကြသည်။

တိုက်ပွဲ ပြီးဆုံးသွားပြီ ဖြစ်သည်။

အဘိုးအို တွက်ဆထားသလို အရှုံးအနိုင် ပေါ်သွား၏။

အနက်ရောင်ဝတ်လူငယ် အရေးနိမ့်သွားပြီး အဖြူရောင်ဝတ် လူငယ်က အနိုင်ရရှိသွားလေတော့သည်။

* * *

လူငယ်နှစ်ယောက်၏တိုက်ပွဲ ပြီးဆုံးသွားသည်။

အဖြူရောင်ဝတ် လူငယ်၏ တိုက်ခိုက်မှုကြောင့် အနက်ရောင်ဝတ် လူငယ်မှာ အဝေးသို့ လွင့်စဉ်သွားခဲ့ပါသည်။

တိုက်ပွဲပြီးသွားသောအခါ ရှုံးနိမ့်သွားသောအနက်ရောင်လူငယ်က ဒယီးဒယိုင်ဖြင့် မြေပေါ်မှလူးလိမ့်ထလိုက်လေသည်။

'အစ်ကိုကြီးလီ'

အဖြူရောင်ဝတ် လူငယ်သည် ချက်ချင်းပင် ပြေးသွားပြီး ဖေးမပွေ့ထူလိုက်လေသည်။

အစ်ကိုကြီးလီဆိုသည့် အနက်ရောင်လူငယ်သည်အဖြူရောင် လူငယ်၏ ဖေးမမှုကို လက်မခံဘဲ....

'ရတယ်... ရတယ်'

ဟု ပြောကာ မားမားမတ်မတ်ရပ်ပြီး ရင်ကော့ထားလိုက်လေသည်။



မာန်မာနကြီးပြီး ကြက်ခေါင်းဆိတ် မခံသော လူငယ်တစ်ယောက်ဖြစ်ကြောင်း ထင်ရှားနေလေသည်။

အဖြူရောင်လူငယ်က....

'ကျွန်တော်က....'

တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်သော်လည်း အနက်ရောင်ဝတ် အစ်ကိုကြီးလီဆိုသောလူငယ်က ဆက်ပြောသည်ကို မစောင့်ဘဲ....

'လာ....ညီလေး၊ ဆရာစောင့်နေရတာ မကောင်းပါဘူး၊ ဆရာ့ဆီကိုသွားရအောင်'

ဟုပြောကာ သစ်ပင်အောက်၌ရပ်နေသော အဘိုးအိုထံသို့ လှမ်းသွားလေသည်။

အဖြူရောင်ဝတ် လူငယ်လည်း လိုက်ပါသွားလေတော့သည်။

တစ်ခဏအတွင်းမှာပင် နှစ်ယောက်သား အဘိုးအိုရှေ့သို့ ရောက်ရှိသွားကြလေသည်။

အဘိုးအိုသည် အသက်ငါးဆယ်ကျော်ခန့်ရှိလေသည်။

အညိုရောင်ဖျင်ကြမ်းအင်္ကျီ ဝတ်ဆင်ထားပြီး လက်ထဲ၌ မီးသေနေပြီဖြစ်သောဆေးတံကို ကိုင်ထားသည်။

ဥာဏ်ရှိချိုးကောင်းပြီး လွန်စွာမှပင် တည်ကြည်ခံ့ညားသူလည်း ဖြစ်ပေသည်။

လူငယ်နှစ်ယောက်သည် အဘိုးအိုရှေ့သို့ရောက်လျှင် မြေပေါ်၌ဒူးထောက်ချကာ ဂါရဝပြုလိုက်ကြလေသည်။

အဘိုးအိုသည် လူငယ်နှစ်ယောက်အား စေ့စေ့ကြည့်လိုက်ပြီး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

'လီထင်းနဲ့ကျင်းစန်း၊ မင်းတို့နှစ်ယောက်ဟာ ငါသင်ပေးထားတဲ့ မိုးဖြိုလက်ဝါးသိုင်းပညာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်နေပြီဆိုတာကို အထင်အရှား တွေ့ရလို့ ငါ အတော်ပဲ ကျေနပ်ဝမ်းသာမိတယ်'

ဟု ပြောလေသည်။

အဖြူရောင်လူငယ်မှာ ကျင်းစန်းဟု အမည်ရှိလေသည်။

အနက်ရောင်လူငယ်မှာ လီထင်းဖြစ်လေသည်။

လီထင်းနှင့်ကျင်းစန်းတို့သည် ငယ်ဆရာအဘိုးအိုမှာ သိုင်းလောကတွင် လျှမ်းလျှမ်းတောက်ကျော်ကြားသော မိုးကြိုးစွမ်းအားရှင် ရှောင်ကောင်းဖြစ်လေသည်။

ရှောင်ကောင်း၏အမည်ကို သိုင်းလောကတွင် မသိသူမရှိသလောက် ရှားပေသည်။

ရှောင်ကောင်းသည် တပည့်နှစ်ယောက်ဖြစ်သော လီထင်းနှင့်ကျင်းစန်းတို့အား တစ်ချက်စေ့စေ့ကြည့်လိုက်ပြန်လေသည်။

ထို့နောက်....



ဆေးတံကိုမီးညှိကာ ဖွာရှိုက်လိုက်လေသည်။

ကျင်းစန်းမှာ တည်ကြည်သောမျက်နှာထားဖြင့်ရှိနေ၏။

လီထင်းကား မျက်နှာမသာမယာဖြစ်နေသည်။

ရှောင်ကောင်းသည် ဆေးတံကိုဖွာရှိုက်လိုက်ပြီးလျှင်....

'လီထင်း....မင်းက ငါ့ဆီမှာ ပညာသင်လာခဲ့တာ ဘယ်နှစ်နှစ်ရှိပြီလဲ မှတ်မိသလား'

ဟု မေးလိုက်လေသည်။

လီထင်းက....

'ရှစ်နှစ်ရှိပါပြီဆရာ'

ဟု ချက်ချင်းအဖြေပေးလိုက်လေသည်။

ရှောင်ကောင်းက....

'ကျင်းစန်း....မင်းကရော'

အဖြူရောင်ဝတ်လူငယ်ကို မေးလိုက်လေသည်။

အဖြူရောင်ဝတ်လူငယ်ကျင်းစန်းက....

'ငါးနှစ်ရှိပါပြီဆရာ'

ဟု အဖြေပေးလိုက်လေသည်။

ရှောင်ကောင်းက....

'ဟုတ်ပြီ၊ လီထင်းက ကျောင်းစန်းထက်သုံးနှစ်စောပြီး ငါ့ဆီကိုရောက်လာတယ်၊ ဒါပေမယ့် နောက်ကျပြီးမှရောက်လာတဲ့ ကျောင်းစန်းက ပိုပြီးသာသွားတယ်၊ ဒါဘာကြောင့်လဲ'

လီထင်း ခေါင်းငုံ့ထားလိုက်လေသည်။

ကျောင်းစန်းသည်လည်း မျက်နှာညိုသွားကာ ခေါင်းငုံ့ထားလိုက်လေသည်။

ရှောင်ကောင်းက....

'လီထင်းက သုံးနှစ်စောပြီး ငါ့ဆီမှာ ပညာသင်ခဲ့ရပေမယ့် ငါ့ရဲ့ပညာကို နောက်ကျပြီးမှရောက်လာတဲ့ ကျောင်းစန်းက ပိုပြီးထိထိရောက်ရောက် အသုံးပြုနိုင်ခဲ့တယ်၊ ဒါဟာ အဘော်ကိုထူးခြားတဲ့အပြင် ကိုယ်ပိုင်ဉာဏ်ပညာနဲ့ တီထွင်နိုင်မှုကြောင့် ဖြစ်တယ်ဆိုတာ ထင်ရှားနေတာပဲ၊ မင်းတို့နှစ်ယောက်စလုံးကို ငါက ပညာအတူတူသင်ပေးခဲ့တယ်၊ တကယ်ဆိုရင် မင်းတို့ယှဉ်ပြိုင်မှုဟာ လီထင်းက နည်းနည်းအသာစီးရပြီး သရေပွဲနဲ့အဆုံးသတ်ရလိမ့်မယ်၊ ငါက ဒီအတိုင်းပဲ ရှုမြင်သုံးသပ်ထားတယ်၊ လက်တွေ့မှာတော့ ကျောင်းစန်းက ငါ့ကိုတောင် အံ့သြအောင်လုပ်ပြသွားနိုင်ခဲ့တယ်'

ဟု ပြောလေသည်။

ဆရာဖြစ်သူ၏ ချီးကျူးမှုကိုခံလိုက်ရသဖြင့် ကျောင်းစန်း၏ မျက်နှာ ပြုံးရွှင်သွားလေသည်။



လီသင်းသည်ကား မျက်ရည်များဝဲသာအောင် ခံစားလိုက်ရလေသည်။

သူက ကျောင်းစန်းထက်စောပြီး ပညာသင်ခဲ့ရသည့်တိုင် အသာမရသည့်အပြင် အရေးနိမ့်ခဲ့ရသည်မှာ ရှက်စရာကောင်းလှသည် မဟုတ်ပါလား။

ရှောင်ကောင်းက....

'မင်းတို့နှစ်ယောက်စလုံးကို အတူတူ သင်ပေးထားပါလျက်နဲ့ အနိုင်အရှုံး ပေါ်ပေါက်ရတာဟာ ဘာကြောင့်လဲ လီထင်း မင်း ဘာကြောင့် အရေးနိမ့်သွားရတယ်ဆိုတာကော သိရဲ့လား'

ဟု မေးလိုက်လေသည်။

လီထင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားပြီး....

'ကျွန်....ကျွန်တော် စိတ်သောကြီးသွားလို့ပါ ဆရာ'

ဟု ပြောလိုက်လေသည်။

ရှောင်ကောင်း ခေါင်းညိတ်လိုက်ပြန်သည်။

'ဟုတ်တယ်၊ မင်းက အနိုင်ရလိုစိတ်များနေတယ်၊ ဒီစိတ်ကြောင့် မင်းရဲ့တိုက်ကွက်တွေဟာ အလောတကြီးဖြစ်လာတယ်၊ ချို့ယွင်းချက်လေးတွေ ဖြစ်ပေါ်လာတယ်၊ ကျောင်းစန်း

က ဖြတ်ထိုးဉာဏ်သုံးပြီး တိုက်ခိုက်လိုက်တော့ အရေးနိမ့်ခဲ့ရတာပေါ့'

လီထင်း အဘယ်ကြောင့် အရေးနိမ့်ရသည်ကို သုံးသပ်ပြလိုက်သည်။

တစ်ဖန်....

'ကျောင်းစန်း....မင်းကကော ကိုယ့်ထက်သုံးနှစ်စောပြီးပညာသင်ယူခဲ့ရတဲ့ ပညာသင်ဘက်အစ်ကိုကို အနိုင်ရခဲ့တာ ဘာကြောင့်လဲ၊ ပြောစမ်းပါဦး'

ဟု မေးလိုက်လေသည်။

ကျောင်းစန်းက....

'ကျွန်တော်က ဆရာသင်ပေးခဲ့တဲ့သိုင်းကွက်တွေကို ဉာဏ်မီသလောက်ပေါင်းစပ်ပြီး အသုံးပြုလိုက်တာကြောင့် ဖြစ်မယ်ထင်ပါတယ်ခင်ဗျာ'

ဟု ရိုရိုသေသေ ပြောလိုက်လေသည်။

ရှောင်ကောင်း ပြုံးလိုက်သည်။

'ထင်တယ်မလုပ်နဲ့ ဒါတကယ်သေချာတယ်၊ မင်းရဲ့တီထွင်ကြံသမျှကို ငါဥပမာပေးရရင် ပုံမှန်အတိုင်း တစ်ကွက်ချင်းဖော်ထုတ်အသုံးပြုရမယ့် သိုင်းကွက်သုံးကွက်ကို ပေါင်းစပ်အသုံးပြုနိုင်ခဲ့လို့ပဲ၊ သိုင်းကွက်တွေရဲ့ ရှေ့နောက်ဖော်ထုတ်သမျှ အစီအစဉ်ကို မပြောင်းလဲဘဲ ပထမ ဒုတိယ တတိယ



ဆိုတဲ့သိုင်းကွက်သုံးကွက်စလုံးရဲ့ အနှစ်သာရမပျောက်အောင်ဆက်တိုက်ဖော်ထုတ် ပေါင်းစပ်အသုံးပြုလိုက်တာကြောင့်ပဲ၊ အတူတူချင်း သင်ပေးတာဖြစ်ပေမယ့် အလောတကြီး အသုံးပြုတတ်တဲ့လူနဲ့ အချက်ကျကျဉာဏ်လွှာသုံးပြီး အသုံးပြုတတ်သူတို့ရဲ့ အကျိုးသက်ရောက်မှု ရလာဒ်ဟာ ဘယ်လိုကွာခြားတယ်ဆိုတာ မင်းတို့မျက်မြင်ကိုယ်တွေ့ဖြစ်ကြပြီ'

လီထင်း နောင်တရသွားသည်။

သူက ကျောင်းစန်းအား ဆရာ့ရှေ့တွင် အနိုင်ယူပြမည်ဟုဆုံးဖြတ်ကာ အလောတကြီး တိုက်ခိုက်ခဲ့မှုကြောင့် အရေးနိမ့်ခဲ့ရပြီမဟုတ်ပါလား။

မျက်နှာမရသည့်အပြင် မျက်နှာမဖော်စံ့အောင် အရှက်ကွဲရပြီ ဖြစ်လေသည်။

ကျောင်းစန်းကား ဆရာ၏ချီကျူးမှုကြောင့် ပြုံးရွှင်နေသော်လည်း လီထင်းကား ကိုယ့်ကိုယ်ကိုအဆုံးစီရင်လိုစိတ်များပင်ဖြစ်ပေါ်နေတော့သည်။

ရှောင်ကောင်း၏စကားသံ ထွက်ပေါ်လာပြန်သည်။

'သိုင်းပညာရပ်ဆိုတာ အသုံးပြုသူရဲ့အပေါ်မှာ မူတည်ပြီးအစွမ်းထက်ကဲမြက်လာတဲ့သဘောကို မင်းတို့လက်တွေ့မြင်ကြပြီမဟုတ်လား၊ ဒါကို သင်ခန်းစာ ယူတတ်ရမယ်၊ ပြီးတော့မင်းတို့နှစ်ယောက်ဟာ ပညာသင်ဘက် ညီအစ်ကိုတစ်တွေ ဖြစ်

ကြပြီး တစ်ယောက်ကိုတစ်ယောက် အသက်ပေးပြီး သစ္စာစောင့် သိကြရလိမ့်မယ်'

လီထင်းနှင့် ကျင်းစုန်းတို့ ဦးညွှတ်လိုက်ကြသည်။

'ဆရာ့စကားကို မြဲဝယ်မကျ နားထောင်မယ်လို့ ကတိပေးပါတယ်ဆရာ'

ဟု ပြိုင်တူပြောလိုက်ကြလေသည်။

ရှောင်ကောင်းက....

'ကဲ....ကဲ မင်းတို့ရဲ့ပညာဟာ စိတ်ချရလောက်တဲ့အခြေအနေရှိနေပြီမို့ သိုင်းလောကထဲဆင်းပြီး လက်တွေ့အတွေ့အကြုံရှာဖို့ ငါခွင့်ပြုလိုက်မယ်၊ နောက်ထပ် သုံးရက်အကြာမှာ ငါ့ဆီကိုပြန်လာခဲ့ကြပါ၊ မင်းတို့မှာ ချွတ်ယွင်းချက်တွေရှိနေသေးရင် ငါပြုပြင်ပေးမယ်၊လိုအပ်ချက်တွေရှိနေသေးတယ်ဆိုရင်လဲ ပြုပြင်ပေးမယ်၊ မင်းတို့မှာ အတွေ့အကြုံရှိလာပြီဆိုရင် ထိပ်တန်းသိုင်းသမားဘဝကို တက်လှမ်းဖို့ ဘာမှမခေးတော့ပါဘူး၊ ငါပြောတာကို သဘောပေါက်ကြတယ်မဟုတ်လား'

'ဟုတ်ကဲ့၊ သဘောပေါက်ပါတယ်ဆရာ'

လီထင်းနှင့် ကျင်းစန်းတို့ ပြိုင်တူ ဦးညွှတ်လိုက်ကြပြန်လေသည်။

ရှောင်ကောင်းက....



'ကဲ....မင်းတို့ခရီးထွက်ဖို့ ပြင်ဆင်ကြပေတော့'

ဟု ပြောလိုက်လေသည်။

* * *

ည....

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန်သာနေသည်။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

အေးမြသော ညလေများက ပြတင်းပေါက်မှ ဖြတ်သန်းတိုက်ခတ်ဝင်ရောက်လာသောအခါ စားပွဲတစ်လုံး၌ ထိုင်ကာညစာစားသောက်နေသော ရှောင်ကောင်းမှာ ချမ်းစိမ့်စိမ့်ဖြစ်သွားလေသည်။

ယနေ့ည....

သူက စားသောက်နေရသော်လည်း ခံတွင်းမတွေ့နိုင်အောင် ဖြစ်နေရသည်။

ထိုသို့ခံတွင်းပျက်နေရခြင်းမှာ တစ်ယောက်တည်းထိုင်ကာစားသောက်နေရခြင်းကြောင့်ဖြစ်ကြောင်း ကောင်းစွာ နားလည်သဘောပေါက်ထားလေသည်။

ခါတိုင်းဆိုလျှင် သူနှင့်အတူ ဝိုင်းဖွဲ့စားသောက်မည့်တပည့်နှစ်ယောက် ရှိခဲ့ကြသည်မဟုတ်ပါလား။

ရှောင်ကောင်းသည် တပည့်နှစ်ယောက်ကို မိမိ၏သား သမီးများပမာ သဘောထားသူဖြစ်လေသည်။

တပည့်နှစ်ယောက်ဖြစ်သော လီထင်းနှင့်ကျင်းစန်းတို့သည် အတွေ့အကြုံဗဟုသုတရှာဖွေရန် သိုင်းလောကသို့ ဆင်းသွားကြပြီဖြစ်လေသည်။

နောက်သုံးနှစ်ကြာမှ ပြန်လာကြလိမ့်မည်ဖြစ်သည်။

ထိုအချိန်ရောက်မှ မိုးကြိုးလက်ဝါး သိုင်းပညာရပ်၏ နောက်ဆုံးအဆင့်ဖြစ်သော ခက်ခဲနက်နဲသည့် လက်ဝါးသိုင်း ကွက် ဆယ့်နှစ်ကွက်အား ထပ်မံသင်ကြားပေးမည် ဖြစ်လေ သည်။

ရှောင်ကောင်းသည် လီထင်းတို့အား ပညာသင်ကြားပေး ခဲ့သော်လည်း အဆင့်မြင့်သိုင်းကွက်ဆယ့်ရှစ်ကွက်အား သင် ကြားခြင်းမပြုဘဲ ချန်လှပ်ထားသည်ကို အသိပေးမထားပေ။

တပည့်ကောင်းစစ်စစ်ဖြစ်မှ သိုင်းပညာကို တကယ်လိုချင် သူဖြစ်မှ ဆက်လက်သင်ကြားပေးရန် လျှို့ဝှက်ထားခြင်းဖြစ် ပေသည်။

ရှောင်ကောင်းသည် ခံတွင်းမတွေ့သည့်အတူတူ ဆက်လက် စားသောက်ခြင်းမပြုဘဲ ရပ်တန့်လိုက်လေသည်။

တစ်ဖန် ထိုင်ရာမှထကာ အိမ်အပြင်ဘက်သို့ ထွက်လာ ခဲ့သည်။



အပြင်ဘက်၌ ဖြာကျနေသော သရောင်ကြောင့် ရင်ထဲအေး မြသွားသည်ဟု ခံစားလိုက်ရလေသည်။

ရှောင်ကောင်းက ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက် လေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေပါသည်။

ရှောင်ကောင်းသည် ဆေးတံကိုမီးညှိကာ ဖွာရှိုက်လိုက် လေသည်။

ယနေ့ည....

ဆေးတံသောက်ရသည်ပင် အရသာမရှိအောင် ဖြစ်နေ သည်။

ရှောင်ကောင်း စိတ်လှုပ်ရှားနေခြင်းကြောင့်ဖြစ်သည်။

အဘယ်ကြောင့် စိတ်လှုပ်ရှားနေရပါသနည်း။

တပည့်နှစ်ယောက်နှင့်ပတ်သက်၍ပင် ဖြစ်ပါတော့သည်။

'လီထင်း.... လီထင်း'

ရှောင်ကောင်း တီးတိုးရေရွတ်လိုက်လေသည်။

သူက လီထင်းနှင့်ပတ်သက်ပြီး စိတ်လှုပ်ရှားနေရခြင်း ဖြစ် ပေတော့သည်။

လီထင်းကမူ သူ့ထံသို့ အချင် ရောက်လာခဲ့သော်လည်း နောက်ကျပြီးမှ ရောက်လာသောကျောင်းစန်းကို အရေးနိမ့်သွားခဲ့လေသည်။

ကျောင်းစန်းထက်စော၍ သိုင်းပညာ လေ့ကျင့်ခဲ့ရသော်လည်း အရေးနိမ့်ခဲ့ရသည်မှာ....

'လီထင်းဟာ အနိုင်လိုချင်စိတ်များလွန်းတယ်၊ ကျောင်းစန်းဟာ သူ့ထက်အသက်ငယ်ပြီး သူ့ထက်နောက်ကျရောက်လာ ပညာသင်ခဲ့ရတာကို အထင်သေးနေပုံရတယ်၊ ဒါကြောင့် ရှုံးနိမ့်သွားတာပဲ၊ ကျောင်းစန်းကဉာဏ်ကိုလွှာပြီး အသုံးချတတ်တာလဲပါတာပေါ့လေ၊ အင်း... သူတို့နှစ်ယောက်ကိုယှဉ်လိုက်မယ်ဆိုရင် ကျောင်းစန်းဟာ တိုးတက်အောင်မြင်လာနိုင်တဲ့ သဘောရှိတယ်၊ လီထင်းက ဒေါသကြီးတယ်၊ တစ်ဖက်သားကိုလည်း အထင်မြင်သေးတယ်၊ သူဟာ အောင်မြင်ဖို့ မလွယ်ဘူး၊ အင်း....ဘာပဲဖြစ်ဖြစ်လေ၊ သုံးနှစ်စောင့်ကြည့်ရဦးမှာပေါ့၊ သုံးနှစ်ပြည့်လို့ သူတို့နှစ်ယောက် ပြန်ရောက်လာကြတဲ့အခါ....'

ရှောင်ကောင်းက အတွေးစကို ဖြတ်တောက်လိုက်လေသည်။

သုံးနှစ်....

သူက သုံးနှစ်စောင့်ဆိုင်းရမည်ဖြစ်သည်။



သုံးနှစ်ပြည့်မြောက်သွားပြီးသည့် နောက်ပိုင်းတွင် သူ၏ အရှိန်အဟုန်ကို ဆက်ခံနိုင်မည့်တပည့်တစ်ယောက် ထွက်ပေါ်လာလိမ့်မည်ဟု ယုံကြည်ထားလေသည်။

* * *

## လမ်းခွဲ

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာထွက်ပေါ်နေသည်။

မြင်းစီးသမား လူငယ်နှစ်ယောက်သည် တောလမ်းအတိုင်း ခရီးနှင်နေကြလေသည်။

ထိုလူငယ်နှစ်ယောက်မှာ လီထင်းနှင့်ကျင်းစန်းတို့ ဖြစ်ကြလေသည်။

သူတို့သည် ရှောင်ကောင်း၏အမိန့်ကြောင့် အတွေ့အကြုံရှာဖွေရန် သိုင်းလောကသို့ ဆင်းလာခဲ့ကြခြင်းဖြစ်လေသည်။

နှစ်ယောက်သား ခရီးနှင်ခဲ့ကြပြီး လမ်းဆုံလမ်းခွတစ်ခုသို့ ရောက်ရှိလာကြသောအခါ....



'ဟေး....ဟေး'

မြင်းများကို အောင်ဂေါက်ရပ်တန့်လိုက်ကြလေသည်။

လမ်းဆုံလမ်းခွအနီးတွင် စားသောက်ဆိုင်တစ်ဆိုင် ရှိနေသည်ကို တွေ့ရလေသည်။

လီထင်းက....

'တို့....ဟိုဆိုင်လေးမှာ ခဏနားပြီး စားသောက်ကြရင် မကောင်းဘူးလား'

ဟု ပြောလေသည်။

ကျင်းစန်းက သဘောတူလိုက်၏။

'ကောင်းပြီလေ၊ သွားကြတာပေါ့'

သူတို့သည် စားသောက်ဆိုင်လေးဆီသို့ ဦးတည်သွားလိုက်ကြလေသည်။

ခရီးသွားများ ရှင်းနေသဖြင့် ဆိုင်ထဲ၌ လူရှင်းနေလေသည်။

လီထင်းတို့သည် မြင်းများကို ဆိုင်ရှေ့၌ ချည်နှောင်ထားလိုက်ကြပြီး ဆိုင်ထဲသို့ ဝင်လာခဲ့ကြလေသည်။

ပြတင်းပေါက်နှင့်ကပ်လျက်ရှိသော စားပွဲတစ်လုံး၌ နေရာယူပြီး စားသောက်ဖွယ်ရာများ မှာကြားစားသောက်ကြလေသည်။

လမ်းခရီးတွင် ရောင်းချသည့်ဆိုင် ဖြစ်သော်လည်း စားသောက်ဖွယ်ရာများမှာ လက်ရာမြောက်လှသည်။ အရသာကောင်းမွန်လှပေတော့သည်။

ကျင်းစန်း သဘောကျသွားလေသည်။

ဗိုက်ထဲတင်းကားသွားအောင်ပင် စားသောက်လိုက်လေသည်။

လီဆင်းက အရက်တစ်အိုး မှာလိုက်၏။

ကျင်းစန်းက....

'အစ်ကိုကြီး....အရက်သောက်မလို့လား'

ဟု မေးလိုက်လေသည်။

လီထင်းက....

'ဟုတ်တယ်လေ၊ အရက်မှာမှတော့ သောက်မလို့ပေါ့ကွ'

ကျင်းစန်းက....

'အစ်ကိုကြီး၊ ဆရာက အရက်သောက်တာ မကြိုက်ဘူးဗျ'

'ဟား....ဟား....ဟား'

လီဆင်းက ရယ်မောလိုက်သည်။



'ငါ အရက်သောက်တာကို ဆရာကဘယ်လိုလုပ်ပြီး သိနိုင်မှာလဲကွ၊ ဒြဲ်....တစ်ခုတော့ရှိတယ်၊ မင်းက ဆရာ့ဆီကို သွားပြီး ချောက်တွန်းရင်တော့ မပြောတတ်ဘူး'

ကျင်းစန်းက....

'ဟာ...ကျွန်တော် ဒီလိုမလုပ်ပါဘူးဗျာ'

လီထင်းက....

'မပြောနိုင်ဘူးလေ၊ ဆရာက သိုင်းပညာကိုအတူတူ သင်ပေးတာတောင် မင်းက တီထွင်တတ်သေးတာပဲ၊ မဟုတ်လား'

ကျင်းစန်း သက်ပြင်းချလိုက်လေသည်။

'ဒီကိစ္စအတွက် ကျွန်တော် တောင်းပန်ပါတယ် အစ်ကိုကြီးရယ်၊ ကျွန်တော်က အနိုင်လိုချင်လို့ ကမ္ဘင်အဆန်းထွင်လိုက်တာ မဟုတ်ပါဘူး၊ ယှဉ်ပြိုင်ရင်း ကျွန်တော်တို့နှစ်ယောက်ရဲ့ သိုင်းကွက်တွေဟာ အတူတူဖြစ်နေတော့ သာချင်းသာရင်အစ်ကိုကြီးက သာမယ်လို့လဲ ယုံကြည်ထားခဲ့ပါတယ်၊ ဒါပေမယ့် မိုးကြိုးလက်ဝါး ဘိုင်းကွက်ကို ကိုယ်ကိုယ်တိုင် အသုံးပြုရတဲ့အပြင် အစ်ကိုကြီးအသုံးပြုတာကိုလဲ မျက်ဝါးထင်ထင်တွေ့နေရတော့ ဒီသိုင်းကွက်တွေဟာ လိုအပ်သလို ပေါင်းစပ်အသုံးပြုနိုင်ရင် ပိုပြီးအစွမ်းထက်မယ်လို့ တွေးမိတာနဲ့ မစဉ်းစားဘဲ အသုံးချကြည့်လိုက်မိတယ်'

လီထင်းက...

'အေးလေ၊ မင်းကတော့ သူရဲကောင်း ဖြစ်သွားတာ ပေါ့'

'ဗျာ'

လီထင်းက....

'ငါကတော့ ကောင်းကောင်းကြီး အရှက်ကွဲခဲ့ရတာပေါ့ ကွာ'

သူက အရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်နေသည်။

အရက်ဝင်သွားလျှင် မူးယစ်လာမည်။ ဆင်ခြင်တုံတရား ကင်းမဲ့လာသည်။

ရင်ထဲမှ မကျေနပ်မှုများ ပေါက်ကွဲလာလေတော့သည်။

ကျင်းစန်း စိတ်မကောင်း ဖြစ်သွားလေသည်။

'အစ်ကိုကြီးအပေါ်မှာ စော်ကားလိုစိတ် လုံးဝမရှိတာ အမှန်ပါပဲ၊ ကျွန်တော် သစ္စာဆိုဝံ့ပါတယ်၊ ကျွန်တော့်ရဲ့ မဆင်မခြင် လုပ်ရပ်ကြောင့် အစ်ကိုကြီးအတွက် ထိခိုက်နစ်နာခဲ့ရတယ်ဆိုရင် ပေးချင်တဲ့အပြစ်ပေးပါ၊ ကျွန်တော်ခံယူပါမယ်'

ဝမ်းနည်းသော လေသံဖြင့် ပြောလိုက်လေသည်။

'ဟား....ဟား....ဟား'



လီထင်းက ဟားတိုက်ရယ်မောလိုက်လေသည်။

ဆိုင်ရှင်နှင့် ဆိုင်လုလင်များကပင် လှည့်ကြည့်လာလေသည်။

လီထင်းသည် ဟားတိုက်ရယ်မောလိုက်ပြီးလျှင်....

'ဖြစ်ရလေ ညီလေးရယ်၊ မင်းကို အပြစ်ပေးရအောင် ကျုပ်က ဆရာမှမဟုတ်တာ၊ ဆရာက မင်းကိုအပြစ်မပေးတဲ့ အပြစ် ချီးကျူးထောပနာ ပြုလိုက်သေးတယ် မဟုတ်လား'

'အစ်ကိုကြီးရယ်'

ကျင်းစန်းက ညည်းတွားလိုက်လေသည်။

လီထင်းက အရက်တစ်အိုးလုံးတက်တက်စင်ပြောင်အောင် သောက်လိုက်လေသည်။

ကျင်းစန်းက စိတ်မကောင်းစွာဖြင့် ကြည့်နေ၏။

လီထင်းက မျက်ထောင့်နီကြီးဖြင့်....

'မင်းက သိပ်တော်တယ်၊ ငါကတော့ လောကပေါ်မှာ အညံ့ဖျင်းဆုံး လူတစ်ယောက်ဖြစ်သွားပြီ၊ ရှင်းရှင်း ပြောလိုက်မယ်၊ မင်းရဲ့မျက်နှာကို တွေ့မြင်နေရင် ငါ့ကိုယ်ငါ အဆုံးစီရင်ချင်စိတ်တွေတဖွားဖွားပေါ်ပေါက်လာနေပြီကွာ။ ကဲ....မင်းသွားတော့ရင် ကောင်းမယ်'

ဟု ခက်ထန်စွာ ပြောလာလေသည်။

'အစ်ကိုကြီး၊ ဘယ်လိုပြောလိုက်တာလဲ'

ကျင်းစန်း ညည်းတွားလိုက်လေသည်။

လီထင်းက....

'မင်းမသွားရင် ငါ သွားမယ်'

ပြောပြောဆိုဆို ထိုင်ရာမှထလိုက်လေသည်။

အမှန်တော့....

လီထင်းသည် အရက်သောက်တတ်သူ မဟုတ်ပါချေ။

သူသည် စိတ်ညစ်ကာ အရက်ဖြင့် ဖြေသိမ့်လိုက်ခြင်း ဖြစ်ကြောင်း ကျင်းစန်းနားလည်အားလေသည်။

သူတို့၏ပညာကို စမ်းသပ်သည့်သဘောဖြင့် ရှောင်ကောင်းက ယှဉ်ပြိုင်ခိုင်းသည်တွင် အခရေးနိမ့်သွားသဖြင့် အကြီးအကျယ်အရှက်ရကာ ဝမ်းနည်းကြေကွဲသွားကြောင်း ထင်ရှားနေတော့သည်။

သူတို့သည် ပညာသင်ဘက်များ ဖြစ်ကြသည်။

တစ်ယောက်ကိုတစ်ယောက် ညီအစ်ကိုအရင်းပမာ ချစ်ခဲ့ကြသည်။

ရှောင်ကောင်းထံတွင် နေထိုင်ခဲ့စဉ်ကာလ တစ်လျှောက်နှစ်ယောက်သား မမေ့နိုင်စရာ အကြောင်းကိစ္စများစွာ ရှိခဲ့လေသည်။



ကျင်းစန်းသည် လီထင်းကိုကြည့်ရင်း ရင်ထဲဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေတော့သည်။

လီထင်းသည် မင်းမသွားလျှင် ငါသွားမည်ဟု ပြောကာ ထရပ်လိုက်လျှင် အရက်မူးနေသည့်အရှိန်ဖြင့် ဒယီးဒယိုင် ဖြစ်သွားသည်။

လဲကျလုမတတ် ဖြစ်သွားလေသည်။

'အစ်ကိုကြီး'

ကျင်းစန်းက ချက်ချင်းထရပ်လိုက်ပြီး လီထင်းကို ဖေးမလိုက်လေသည်။

လီထင်းက....

'ဖယ်စမ်း၊ ငါ့ကိုမကိုင်နဲ့'

ဟု ငေါက်ကာ ကျင်းစန်း၏ လက်ကို ပုတ်ထုတ်လိုက်လေသည်။

ယခု....

လီထင်းအား ဖျောင်းဖျ၍ရမည်မဟုတ်ဘဲ မိမိရှိနေပါက အခြေအနေပိုဆိုးသွားမည်ဖြစ်ကြောင်း ကျင်းစန်း နားလည်သဘောပေါက်လိုက်လေသည်။

ထို့ကြောင့်....

'အစ်ကိုကြီး မသွားပါနဲ့ဗျာ၊ သွားစရာရှိရင် ကျွန်တော် သွားပါ့မယ်'

ဟု ပြောလိုက်လေသည်။

လီထင်းက....

'မင်းသွားမယ်ဟုတ်လား၊ ကောင်းတယ်....သွား၊ မင်းရဲ့ မျက်နှာကို ငါမကြည့်ချင်တော့ဘူး၊ ငါ့ရှေ့က ထွက်သွားတာ အကောင်းဆုံးပဲ'

ဟု ဒေါသတကြီး အော်ငေါက် မောင်းထုတ်လိုက်လေသည်။

ကျင်းစန်းက စိတ်မဆိုးပါ။

'အင်း....အစ်ကိုကြီးဟာ ဆရာ့ရှေ့မှာ အရှက်ကွဲသလိုဖြစ်ခဲ့ရတယ်၊ ဒီလိုဖြစ်အောင် ငါလုပ်လိုက်မိသလို ဖြစ်သွားတာပဲ၊ တစ်နေ့ကျရင် သိုင်းလောကမှာ ပြိုင်ဘက်ကင်း သိုင်းသမားကြီးတစ်ယောက် ဖြစ်လာရမယ်လို့ ရည်ရွယ်ချက် ကြီးကြီးမားမားထားခဲ့တဲ့ အစ်ကိုကြီးဟာ သူ့ထက်နောက်ကျပြီး ပညာသင်ခဲ့ရတဲ့ ငါ့ကိုတောင် အရေးနိမ့်သွားတယ် ဆိုတော့ ဘယ်လောက်များ စိတ်ထိခိုက်ကြေကွဲလိုက်လေမလဲ'

'ငါကိုယ်တိုင်လဲ အစ်ကိုကြီးရဲ့နေရာမှာရှိရင် ဒီလိုခံစားရမှာပဲ၊ ဆရာ့ရှေ့မှာ မျိုသိပ်ထားရသမျှ အခု အရက်မူး



လာတော့မှ ပေါက်ကွဲလာတာ၊ အစ်ကိုကြီး သနားပါတယ်၊ ငါဘာလုပ်ရမလဲ'

အမျိုးမျိုး တွေးတောစဉ်းစားရင်း ငေးငိုင်နေမိလေသည်။

လီထင်းက....

'ဟေ့ကောင်....မင်း ခုထိမသွားသေးဘူးလား'

ဟု အော်ငေါက်လာပြန်လေသည်။

ကျင်းစန်းက....

'ကျွန်တော် သွားပါ့မယ်၊ မသွားခင် အစ်ကိုကြီးကိုဂါရဝပြုပါရစေ'

ပြောပြောဆိုဆိုဖြင့် လီထင်းရှေ့တွင်ဒူးထောက်ချရန်ဟန်ပြင်လိုက်လေသည်။

လီထင်းကဲ လက်မခံဘဲ ဒယီးဒယိုင်ဖြင့် နောက်သို့ ဆုတ်လိုက်၏။

'ဟေ့ကောင်၊ ငါ့ကိုဂါရဝပြုစရာမလိုဘူး၊ ငါ့ကိုအရှက်ခွဲပြီးတဲ့နောက် မင်းနဲ့ငါ ဘာမှပတ်သက်စရာအကြောင်း မရှိတော့ဘူးကွ၊ ခုချက်ချင်း ထွက်သွားစမ်း'

ဟု ကျယ်လောင်စွာ အော်ဟစ်ကြုံးဝါးလိုက်လေသည်။

ဆိုင်လုံလင်များက သူတို့အား အကဲခတ် ကြည့်နေကြ၏။

ဆိုင်ထဲသို့ အတူတကွဝင်ရောက်လာကြပြီး စားသောက်ပြီးမှ အချင်းချင်း စကားများနေကြသည် မဟုတ်ပါလား။

ကျောင်းစန်းက....

'အစ်ကိုကြီး သိပ်ပြီးဒေါသထွက်နေပြီ၊ ခုချိန်မှာငါရှောင်နေလိုက်တာ အကောင်းဆုံးဖြစ်မှာပဲ၊ အစ်ကိုကြီး အရက်မူးပြေသွားမှ အကျိုးအကြောင်း ရှင်းပြပြီး တောင်းပန်ရမယ်'

ဟု တွေးကာ....

'ကောင်းပါပြီ အစ်ကိုကြီး၊ ကျွန်တော် သွားပါတော့မယ်'

စကားဆုံးလျှင် စားသောက်ဆိုင်ထဲမှ စိတ်မကောင်းစွာဖြင့် ထွက်လာခဲ့လေသည်။

ဆိုင်အပေါက်ဝသို့ရောက်လျှင်....

'အရက်တစ်အိုး ယူလာခဲ့စမ်း'

လီဆင်း၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

ကျောင်းစန်း ခြေလှမ်းတုံ့ခနဲ ရပ်သွား၏။

သို့သော်....



နောက်လှည့်လိုက်လျှင် အခြေအနေ ပို၍ဆိုးဝါးသွားနိုင်ကြောင်းတွေးမိပြီး လေးလံဖင့်နွဲ့သောခြေလှမ်းများဖြင့် ဆိုင်အပြင်ဘက်သို့ လှမ်းထွက်ခဲ့ရလေတော့သည်။

*        *        *

## အထိတ်တလန့်

ကျင်းစန်းသည် စားသောက်ဆိုင်ကလေးအား ကျောခိုင်းကာ ထွက်လာခဲ့ပြီ ဖြစ်လေသည်။

သို့သော်....

သူက အဝေးသို့ ထွက်သွားခြင်းတော့ မဟုတ်ပါ။

လီထင်းက အရက်မူးနေ၍သာ သူ့အားပြောဆိုခဲ့မောင်းထုတ်ခဲ့ခြင်းဖြစ်ပြီး အမူးပြေသွားလျှင် အကျိုးအကြောင်းရှင်းပြကာ ဘောင်းပန်လိုက်ပါကသူတို့ပြန်လည်သင့်မြတ်သွားမည်ဟု ယုံကြည်ထားလေသည်။

ထို့ကြောင့်....



မြင်းကို ခြေလှမ်းမှန်မှန်စီးနင်းလာခဲ့ပြီး ခပ်လှမ်းလှမ်းသို့ရောက်လျှင် လမ်းဘေးတောအုပ်ထဲသို့ ဝင်လိုက်လေသည်။

အရိပ်ကောင်းသော သစ်ပင်တစ်ပင်အောက်၌ မြင်းကိုချည်နှောင်ထားလိုက်ပြီး အေးအေးဆေးဆေးထိုင်ကာအနားယူလိုက်လေသည်။

တောအုပ်ထဲသို့ ရောက်နေသည်ဖြစ်၍ လမ်းပေါ်မှ ဖြတ်သန်းသွားကြသူများက သူ့အား ရုတ်တရက် တွေ့မြင်ကြမည်မဟုတ်ချေ။

သူကသာ သစ်ပင်များကြားမှနေပြီး လမ်းပေါ်မှ ဖြတ်သန်းသွားလာနေကြသူများအား အတိုင်းသား တွေ့မြင်နေရလေတော့သည်။

ကျင်းစန်းသည် မြင်းခွာသံကြားရလေတိုင်း လီထင်းများဖြစ်နေမလားဟု ဂရုစိုက်ကြည့်မိလေသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

လီထင်း၏ အရိပ်အယောင်ကိုမျှ မတွေ့ရသေးပါ။

ကျင်းစန်း သက်ပြင်းချလိုက်မိလေသည်။

'အစ်ကိုကြီးဟာ အရက်တစ်အိုးပြီးတစ်အိုး မှာသောက်ဆိုင်ထဲမှာ မူးလဲနေတော့မှာ သေချာတယ်'

လီထင်းအတွက် စိုးရိမ်ပူပန်လာသည်။

ထိုစဉ်....

'ခွပ်....ခွပ်....ခွပ်....ခွပ်'

ဒုန်းစိုင်းစီးနင်းလာနေသောမြင်းခွာသံများကိုကြားလိုက်ရလေသည်။

ကျင်းစန်းက ခေါင်းထောင်ကြည့်လိုက်စဉ်မှာပင် မြင်းစီးသမားများသည် မလှမ်းမကမ်းသို့ ရောက်ရှိလာကြလေသည်။

ထိုမြင်းစီးသမားများသည် အခြားသူများကဲ့သို့ တောလမ်းအတိုင်း ဖြတ်သန်းသွားကြခြင်းမရှိဘဲ တောလမ်းပေါ်မှ ဖွဲ့ဆင်းကာ တောအုပ်ထဲသို့ ဝင်လာကြသည်ကိုတွေ့မြင်လိုက်ရလေသည်။

ကျင်းစန်း အံ့သြသွားလေသည်။

'သူတို့တောအုပ်ထဲကို ဝင်လာကြပါလား၊ ဘာလုပ်ကြမလို့ပါလိမ့်'

ထိုမြင်းစီးသမားများကား သူ့အား တွေ့မြင်သွားခြင်းမရှိပါချေ။

သူတို့သည် အရေးကြီးသောကိစ္စတစ်ခုကြောင့် အလောတကြီးဖြစ်နေကြပုံရှိလေသည်။

ကျင်းစန်းနှင့် ခပ်လှမ်းလှမ်းတွင် မြင်းများကို ရပ်တန့်လိုက်ကြပြီး အသီးသီး မြင်းပေါ်မှ ခုန်ဆင်းလိုက်ကြသည်။



ကျင်းစန်းက အမှတ်မထင် အကဲခတ် ကြည့်လိုက်မိလေသည်။

ထိုလူလေးယောက်မှာ ကိုယ်ကျပ်အင်္ကျီများဝတ်ဆင်ထားကြလေသည်။

လူတိုင်းကိုယ်စီ ဓားလှံလက်နက်များ ဆောင်ထားကြ၏။

သိုင်းလောကတွင် ကျင်လည်ကျက်စားနေကြသော သိုင်းသမားများဖြစ်ကြောင်း ထင်ရှားလေသည်။

ကျင်းစန်းသည် သိုင်းသမား လေးယောက်ကိုကြည့်ရင်း....

'ဒီလူတွေ အလောတကြီးဖြစ်နေကြတာ အကြောင်းတစ်ခုခုရှိမယ်၊ ဘယ်လိုကိစ္စများပါလိမ့်'

ဟု ထပ်မံတွေးတော စိတ်ဝင်စားလာလေသည်။

ထိုလူလေးယောက်ကား ကျင်းစန်းကို သတိမပြုမိကြချေ။

သူတို့သည် လက်နက်များကို ပြင်ဆင်လိုက်ကြပြီး တစ်ယောက်က....

'ကျုပ်ကြားခဲ့ရတဲ့သတင်းအတိုင်းဆိုရင် သူတို့ဒီကိုလာမှာသေချာတယ်၊ ဒီအခွင့်အရေးကို အလွတ်ပေးလို့ မဖြစ်ဘူး'

ဟု ပြောလာလေသည်။

ကျန်သုံးယောက်က ခေါင်းညိတ် ထောက်ခံလိုက်ကြလေသည်။

'ဒီမြေခွေးအိုကြီး သိုင်းလောကမှာ ပြန်ပေါ်လာတာ ကောင်းတဲ့ လက္ခဏာမဟုတ်ဘူး'

'သူ့ကို မျက်ခြည်မပြတ် စောင့်ကြည့်ရမယ်၊ ဒါမှ သူ ဘယ်လိုခြေလှမ်းလှမ်းတယ်ဆိုတာ သိနိုင်မှာ'

'အန္တရာယ်တော့များတယ်၊ သတိထားကြပါ၊ တကယ်လို့ ပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်လာရင် တစ်ယောက်ကို တစ်ယောက် ငဲ့စရာ မလိုဘူး၊ ကိုယ်လွတ် ရုန်းသွားကြပါ၊ အရေးအကြီးဆုံးက မြေခွေးအိုအကြောင်း သိုင်းလောကမှာ သတင်းဖြန့်ဖို့ပဲ'

ဟူ၍လည်း တစ်ယောက်တစ်ခွန်းပြောလိုက်ကြလေသည်။

ထို့နောက်....

သစ်ပင်ချုံနွယ်များကြားမှ ဖြတ်သန်းကာ တောအုပ် အတွင်းပိုင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားကြလေသည်။

ကျင်းစန်း လှုပ်လှုပ်ရှားရှား ဖြစ်လာပါသည်။

မြင်တွေ့လိုက်ရသော သိုင်းသမားလေးယောက်၏ ပြော စကားများသည် သိုင်းလောက၏အရေးကြီးသော ကိစ္စတစ်ခု ကြောင့်လှုပ်ရှားနေကြခြင်းဖြစ်ကြောင်းထင်ရှားနေပါသည်။

ထို့အပြင်....

မြင်းစီးသမားလေးယောက်၏ ကိုယ်ဖော့ပညာမှာ အဆင့် တန်းမြင့်လှကြောင်းလည်း သတိပြုမိလိုက်လေသည်။



ကျင်းစန်း ဂနာမငြိမ် ဖြစ်လာလေသည်။

'သူတို့နောက်ကိုလိုက်သွားပြီး အကဲခတ်ကြည့်တာ မမှား ပါဘူး'

ဟု တွေးကာ ထိုင်ရာမှထလိုက်လေသည်။

တိုလူလေးယောက်နောက်သို့ လိုက်သွားကာနီးတွင် သိုင်း ပညာ သင်ကြားခဲ့စဉ်က ဆရာဖြစ်သူ မှာကြားခဲ့သည့် စကား များကို ပြန်လည်ကြားယောင်လာမိလေသည်။

'သိုင်းပညာသင်ရတဲ့ရည်ရွယ်ချက်ဟာ ကိုယ်တတ်ထားတဲ့ ပညာနဲ့ သိုင်းလောကအကျိုး အများအကျိုး သယ်ပိုးဆောင် ရွက်ဖို့ပဲဖြစ်တယ်၊ သိုင်းပညာကိုကိုယ်ကျိုးအတွက် အသုံးမပြု အား၊ မှုအောင်းသူပယ်ကောင်းသူကယ်ရမယ်၊ မတရားတာတွေ့ ရင်ကိုယ်နဲ့မဆိုင်ဘူးလို့ဆိုပြီး လက်ပိုက်ကြည့်မနေရဘူး၊ တရား မျှတမှုရှိအောင် ဆောင်ရွက်ပေးရမယ်၊ အထူးသဖြင့် သိုင်း လောကကို ဒုက္ခပေးနေတဲ့ သိုင်းသမားဆိုးတွေကို နှိမ်နင်း ပစ်ရမယ်'

ယခု....

သိုင်းလောကနှင့်ပတ်သက်သော ထူးခြားမှုတစ်ခုကို တွေ့ ရပြီဖြစ်ရာ ကျင်းစန်း မနေနိုင်တော့ဘဲတိတ်တဆိတ် လိုက်သွား မိခြင်း ဖြစ်ပေတော့သည်။

* * ပြီး

ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသူ လေးယောက်သည် တော အုပ်အတွင်းပိုင်းသို့ သစ်ပင်ချုံနွယ်များကို တိုးဝှေ့ကာ ဝင်ရောက်သွားကြလေသည်။

ကျင်းစန်းက တိတ်တဆိတ်နောက်ယောင်ခံလိုက်သွားရင်း အကြံတစ်ခုရလာလေသည်။

ပတ်ဝင်းကျင်ကို တစ်ချက်အကဲခတ်ကြည့်လိုက်သည်။

ထို့နောက်....

'ဟိတ်'

အသံတစ်ချက်ပြုလိုက်ပြီး မြေပေါ်ခြေဆောင့်ကာအပေါ်သို့ ခုန်တက်သွားလေသည်။

သူ၏ခန္ဓာကိုယ်သည် မီးခိုးတန်းတစ်ခုပမာ အပေါ်သို့ ထိုးတက်သွားကာ သစ်ပင်တစ်ပင်ပေါ်သို့ ကျရောက်သွားလေသည်။

ကျင်းစန်းက သစ်ပင်ပေါ်မှကြည့်လိုက်သောအခါ တော တိုးသွားသော သိုင်းသမားလေးယောက်အား အတိုင်းသား တွေ့မြင်နေရလေသည်။

ကျင်းစန်းပြုံးလိုက်သည်။



ထိုသစ်ပင်ပေါ်မှနေပြီး အခြားသစ်ပင်တစ်ပင်ပေါ်သို့ ခုန်ကူးလိုက်လေသည်။

ရှဉ့်တစ်ကောင်ပမာ သစ်ပင်တစ်ပင်မှတစ်ပင် ခုန်ကူးရင်း သိုင်းသမားလေးယောက်နောက်သို့ တိတ်တဆိတ် လိုက်ပါ သွားရာ မကြာမီ တောအုပ်ခမြကွက်လပ်တစ်ခုရှိနေသည်ကို လည်းကောင်း....

ထိုမြေကွက်လပ်၌ သစ်လုံးများဖြင့်ဆောက်လုပ်ထားသော အိမ်ကလေးတစ်လုံးရှိနေသည်ကိုလည်းကောင်းတွေ့လိုက်ရလေ သည်။

သိုင်းသမား လေးယောက်သည် သစ်လုံးအိမ်လေးနှင့် မလှမ်းမကမ်းသို့ ရောက်လျှင် ချုံနွယ်ပိတ်ပေါင်းများကြား တိုးဝင်ကာ ပျောက်ကွယ်သွားကြလေသည်။

သူတို့သည် ထိုသစ်လုံးအိမ်လေးအား တိတ်တဆိတ်ချောင်း ကြည့်ရန် ကြံရွယ်ကြခြင်း ကျင်းစန်း ချက်ချင်းသဘော ပေါက်လိုက်လေသည်။

ထို့ကြောင့်....

သူလည်း ရှေ့ဆက်မသွားတော့ဘဲ သစ်လုံးအိမ်ကလေးကို လည်းကောင်း....

သိုင်းသမားလေးယောက် ပုန်းအောင်းနေသော ချုံပုတ်ကြီးကိုလည်းကောင်း တွေ့မြင်နိုင်သည့် သစ်ပင်တစ်ပင်ပေါ်မှနေပြီး အခြေအနေကိုစောင့်ကြည့်နေလိုက်လေတော့သည်။

မကြာပါချေ....

* * *

ဝန်းကျင်တစ်ခုလုံးတွင် စိမ်းလန်းသော သစ်ပင်ကြီးများ ချုံပုတ်များ ဖုံးလွှမ်းနေသည်။

လေဝေ့ယမ်း တိုက်ခတ်လာသောအခါ သစ်ရွက်များ လှုပ်သွားကြသလို ချုံပုတ်များလည်း ယိမ်းနွဲ့သွားကြလေသည်။

အဝေးမှ ငှက်ကလေးတစ်ကောင်၏ ဘာသာဘာဝ တေးဆိုသံကို အတိုင်းသားကြားနေရ၏။

သိုင်းသမားလေးယောက်သည် ချုံပုတ်ထဲ၌ ပုန်းအောင်းနေကြပြီး တုတ်တုတ်မျှမလှုပ်ကြချေ။

သစ်လုံးအိမ်ကလေးမှာလည်း ငြိမ်သက်၍ နေလေသည်။

ကျော်စန်းသည် သစ်ပင်ပေါ်မှ အကဲခတ်ကြည့်ရင်း ထူးခြားမှု မတွေ့သဖြင့် စိတ်ပျက်လာလေသည်။



'ငါလိုက်လာတာ မှားပြီထင်တယ်၊ တော်ကြာ အစ်ကိုကြီး ထွက်သွားမှ ခက်မယ်'

ဟု တွေးရင်း နောက်ကြောင်း လှည့်ပြန်လိုစိတ်များပင် ဖြစ်ပေါ်လာ၏။

ထိုအချိန်မှာပင်....

'ဟူး....ဟူး'

အဝတ်အစားလေတိုးသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျော်စန်းသည် အလွန်နားပါးသဖြင့် လူတစ်ယောက် ပြေးလွှားလာနေခြင်းဖြစ်ကြောင်း သတိပြုမိလိုက်လေသည်။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သောအခါ သစ်ပင်ချုံနွယ်များကြားမှ တရိပ်ရိပ်ပြေးလာနေသည့် လူရိပ်တစ်ခုကို တွေ့မြင်လိုက်ရလေသည်။

ကျော်စန်း အကဲခတ်ကြည့်လိုက်သောအခါ သစ်ပင်ချုံနွယ်များကြားမှ ထိုလူရိပ်သည် သစ်လုံးအိမ်ကလေးရှိရာ မြေကွက်လပ်သို့ ရောက်ရှိလာကြလေတော့သည်။

ကျော်စန်း သူတို့၏ လှုပ်ရှားမှုကိုမြင်လျှင် မချီးကျူးဘဲ မနေနိုင်တော့ပါချေ။

'ကိုယ်ဖော့ပညာ အတော်ကောင်းပါလား'

ဟု စိတ်ထဲမှ ရေရွတ်လိုက်မိတော့သည်။

မြေကွက်လပ်သို့ ရောက်လာသူကိုလည်း သေသေချာချာ အကဲခတ်ကြည့်လိုက်မိလေသည်။

ထိုလူအား ထင်ရှားစွာတွေ့မြင်ရလျှင် အံ့သြသွားရပြန်လေသည်။

'ဟင်....မိန်းကလေးပါလား'

မှန်ပေသည်။

ထိုလူမှာ ကျောင်းစန်းနှင့် သက်တူရွယ်တူခန့်ရှိ မိန်းကလေးတစ်ယောက် ဖြစ်နေပါတော့သည်။

ထိုမိန်းကလေးသည် အနီရောင်အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

တင်းမာခက်ထန်သည့်အသွင် ရှိသော်လည်း ချောမောလှပသော မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပေသည်။

သူမသည် အရွယ်နှင့်မလိုက်အောင် ကိုယ်ဖော့ပညာ တော်နေသဖြင့် ကျောင်းစန်း စိတ်ဝင်စားသွားကာ လီထင်းကိုပင် မေ့လျော့သွားရတော့သည်။

ထိုမိန်းကလေးအား သူ့နည်းတူ ချုံပုတ်ထဲမှ သိုင်းသမား လေးယောက်ကလည်း အကဲခတ် ကြည့်နေလိမ့်မည်ဟု သတိပြုမိထားပါ၏။



ထိုလူလေးယောက်တွင် မည်သို့သော အကြံအစည် ရှိနေကြပါသနည်း။

အနီရောင်ဝတ် မိန်းကလေးအားဒုက္ခပေးကြမည်လော....

ကျောင်းစန်း စိတ်ဝင်တစားဖြင့်ဆက်လက်အကဲခတ်ကြည့်နေလိုက်မိလေတော့သည်။

မိန်းကလေးသည် မြေကွက်လပ်သို့ရောက်လျှင် ခြေလှမ်းရပ်တန့်လိုက်လေသည်။

သစ်လုံးအိမ်ကလေးဆီသို့ မျက်နှာမူရင်း....

'ကျားဘီလူး၊ ငါ့သည် ရောက်လာတာကိုတောင် ရှင်ကထွက်ပြီး မကြိုဆိုတော့ဘူးလားရှင်'

ကြည်လင်ပြတ်သားသောလေသံဖြင့် ပြောလိုက်လေသည်။

သူမ၏ စကားသံနှင့် မရှေးမနှောင်းမှာပင်....

'ဘယ်သူလဲ'

အသံသြသြကြီးနှင့်အတူ သစ်လုံးအိမ်ကလေးထဲမှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ သန်မာထွားကျိုင်းသောလူသန်ကြီးတစ်ယောက်ဖြစ်လေသည်။

မျက်လုံးပြူးပြူး၊ မျက်နှာလေးထောင့်စပ်စပ်၊ မုတ်ဆိတ်ကျင်စွယ်များထိုးထိုးထောင်ထောင်ရှိကာရုပ်ဆိုးပြီး ကြောက်စရာအသွင်ရှိသူတစ်ယောက် ဖြစ်လေသည်။

ထိုလူသည် အနီရောင်ဝတ် မိန်းမချောလေးကိုမြင်လျှင် ခြေလှမ်းရပ်သွားကာ ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်လေသည်။

သစ်ပင်ပေါ်မှ ချောင်းကြည့်နေသော ကျင်းစန်း၏ စိတ်ထဲမှ ရွှေမင်းသမီးလေးနှင့် ဘီလူးကြီးတစ်ကောင်၊ ရင်ဆိုင်တွေ့နေသည်ဟူ၍ ထင်ယောင်မိတော့သည်။

မိန်းကလေးကလည်း လူသန်ကြီးအား ပြန်လည်အကဲခတ်ကြည့်လိုက်ပြီးလျှင်....

'ကျားဘီလူး၊ ရှင်ဟာ ဒီနေရာမှာ ပုန်းအောင်းပြီး လူတွေကိုချောင်းနေခဲ့တာ ဆယ်နှစ်ဆယ်မိုး မကတော့ဘူးမဟုတ်လားရှင့်၊ ဧည့်သည်အဖြစ် ကျွန်မရောက်လာတာကို ဝမ်းသာအားရ ကြိုဆိုသင့်ပါတယ်၊ အိမ်ထဲဝင်ဖို့ မဖိတ်ခေါ်တော့ဘူးလားရှင့်'

ကျားဘီလူးဆိုသော လူသန်ကြီး လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

'မင်းက ငါ့နာမည်ကို သိတယ်ဟုတ်လား၊ ငါဒီနေရာမှာ ပုန်းနေတာကို သိတယ်ဟုတ်လား'



ဟု အံ့သြသောလေသံဖြင့် ပြောလာ၏။

အနီရောင်ဝတ်မိန်းကလေး ရယ်မောလိုက်လေသည်။

'ရှင်ဟာ လူထဲကလူတစ်ယောက်ဆိုတာ မမေ့နဲ့ဦးလေ၊ တောထဲတောင်ထဲမှာ ပုန်းအောင်းနေခဲ့ပေမယ့် ရှင့်အတွက် လိုအပ်တဲ့အသုံးအဆောင် ပစ္စည်းတွေကိုတော့ မြို့မှာသွားဝယ်ရတာပဲ မဟုတ်လား၊ ရှင်ကသာ တစ်နေရာတည်း တစ်ဆိုင်တည်းကိုပဲ ပုံမှန်မသွားဘူး၊ မဝယ်ဘူးဆိုရင် ရှင့်အကြောင်း ဘယ်သူကသိနိုင်တော့မှာလဲ၊ ခုတော့ ကျင်ဝှက်မြို့ကိုပဲရှင်သွားတယ်၊ ဟုန်ဈေးဆိုင်မှာပဲ ပစ္စည်းဝယ်တယ်၊ ဒီတော့ ပေါက်သည် ဖြစ်နေတဲ့ ရှင့်ရဲ့အကြောင်းကို စုံစမ်းလို့ရခဲ့တာပေါ့'

လူတစ်ယောက်သည် အကြောင်းတစ်ခုခုကြောင့် လူမသိအောင် ပုန်းအောင်းနေမည်ဆိုပါလျှင် အသုံးအဆောင် ပစ္စည်းများ လိုအပ်သောအခါ တစ်မြို့တည်းသို့ ပုံမှန်မသွားသင့်ပါ၊ ဈေးဆိုင်တစ်ဆိုင်တည်း၌ ပုံမှန်မဝယ်သင့်ပါ။

ယခုတစ်ခေါက် အရှေ့ဘက်အရပ်ရှိ မြို့သို့ သွားလျှင် နောက်တစ်ခေါက်တွင် အနောက်ဘက်အရပ်ရှိမြို့သို့ သွားသင့်ပေသည်။

ဈေးဆိုင်ကိုလည်း တစ်ဆိုင်မှတစ်ဆိုင် ပြောင်း၍ ဝယ်ယူသင့်ပေသည်။

ဤသို့ဆိုလျှင် ခြေရာဖျောက်ပြီးသားဖြစ်သွားပြီး မည်သူမျှ ခြေရာခံနိုင်တော့မည်မဟုတ်ပါ။

လူမသိအောင် ပုန်းအောင်းနေပြီးမှ အသုံးအဆောင် ပစ္စည်း လိုအပ်သောအခါ မြို့တစ်မြို့ထဲသို့အစဉ်တစ်ခိုက်သွားပြီး ဈေးဆိုင်တစ်ဆိုင်ထဲ၌ ပုံမှန်ဝယ်ယူမည်ဆိုပါက ကြာလျှင် ခြေရာခံမိသွားကြမည်သာဖြစ်သည်။

ကျားဘီလူးဆိုသော လူသန်ကြီးသည် အနီရောင်ဝတ်မိန်းကလေး၏အသံကိုကြားလျှင် မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

'မင်း....မင်းက ကျုပ်အကြောင်းကို လိုက်ပြီးစုံစမ်းနေတာ ဟုတ်လား ဘာကြောင့်လဲ'

ဟု မေးလိုက်လေသည်။

မိန်းကလေးက....

'ရှင့်ဆီမှာရှိနေတဲ့ ဗြာဇိလ်ရွှေပြားကြောင့်ပေါ့ရှင်'

ဟု ပြောလေသည်။

ဤတွင်....

'ဘာပြောတယ်'

ကျားဘီလူး ရှူးရှူးရှားရှားဖြစ်သွားလေတော့သည်။

လက်သီးနှစ်ဖက်ကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။



မိန်းကလေးအား ကိုက်ခိုက်တော့မည့်သဘော ဖြစ်လေသည်။

ထိုအခြင်းအရာကိုမြင်လျှင် ကျင်းစန်း စိုးရိမ်ပူပန်လာလေသည်။

'ဒီမိန်းကလေး ဒုက္ခရောက်တော့မှာပဲ'

ဟုလည်း တွေးမိလေသည်။

မိန်းကလေးသည်ကား ကြောက်ရွံ့ထိတ်လန့်ခြင်း စိုးစဉ်းမျှ မရှိချေ။

'ရှင်က ဗြာဇိလ်ရွှေပြားကို အသာတကြည်ထုတ်ပေးမယ်ဆိုရင် ကျွန်မ အေးအေးဆေးဆေး ပြန်သွားပါ့မယ်၊ ဒါမှ မဟုတ်ရင်တော့'

သူမသည် စကားကိုတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်ပြီး ကျားဘီလူးအား ခပ်စိန်းစိန်းကြည့်လိုက်လေသည်။

ကျင်းစန်းက....

'အာဂမိန်းကလေးပါလား၊ သူကမကြောက်တဲ့အပြင် ပြန်ပြီးတောင် ခြိမ်းခြောက်နေလိုက်သေးတယ်'

မိန်းကလေးနှင့်ကျားဘီလူးတို့ ဆက်နွယ်နေပုံကို ပို၍စိတ်ဝင်စားသွားတော့သည်။

ကျားဘီလူး၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

‘ဟေ့....မင်းဘယ်သူလဲ၊ ပြောစမ်း’

မိန်းကလေး ရယ်မောလိုက်သည်။

‘ကျွန်မနာမည်ကြုံလင်းလို့ ခေါ်တယ်၊ ကျွန်မ အဘိုးကတော့ စိတ်ထဲကြည်လင်ရင် လင်းလင်းလို့ခေါ်တယ်၊ စိတ်မကြည်ရင်တော့ သရဲမလေးလို့ ခေါ်တတ်တယ်ရှင့်’

သူမ၏စကားကြောင့် ကျင်းစန်းလည်း ပြုံးလိုက်မိလေသည်။

ကျားဘီလူးက ...

‘ကြုံလင်းဟုတ်လား၊ ဒီနာမည် တစ်ခါမှမကြားဖူးပါဘူး၊ မင်းရဲ့အဘိုးကကော ဘယ်သူလဲပြောစမ်း’

အနီရောင်ဝတ် မိန်းကလေး(ဝါ)ကြုံလင်းခေါင်းခါလိုက်လေသည်။

‘မပြောနိုင်ဘူး’

‘ဘာကွ’

‘ရှင့်ကို ကျွန်မအဘိုးနာမည် ပြောပြဖို့မတန်သေးဘူး’

‘မင်း ...မင်း’



ကြုံလင်း၏ ခပ်နှိမ်နှိမ်ပြောလိုက်သော စကားကြောင့် ကျားဘီလူးဒေါပွသွားလေတော့သည်။

ကြုံလင်းအား စားမတတ်ဝါးမတတ် စိုက်ကြည့်ရင်း....

‘ကျုပ်က မင်းရဲ့အဘိုးကို ဂရုစိုက်နေရမှာလား၊ ကျုပ်ကို စော်ကားမော်ကားပြောတဲ့အတွက် မင်းကိုမှတ်လောက်သားလောက်အောင် ဆုံးမရဦးမယ်’

ဟု အော်ငေါက်လိုက်လေသည်။

ကြုံလင်းက....

‘ရှင်ရဲ့ကျားနိုင်လက်ဝါးသိုင်းကို ကျွန်မကြောက်နေမယ်ထင်လို့လား၊ သူများတွေ ရှင့်ကိုအထင်ကြီးကြပေမယ့်၊ ကျွန်မကတော့ လုံးဝအထင်မကြီးဘူး၊ ကဲ....အသက်မသေချင်ရင် တြိဂံရွှေပြားကို အေးအေးဆေးဆေး ထုတ်ပေးပေတော့’

ကျားဘီလူးက သူမ၏ တောင်းဆိုချက်အား တိုက်ခိုက်ခြင်းဖြင့် တုံ့ပြန်လိုက်လေတော့သည်။

* * *

‘ယား’

ကျားဘီလူးသည် ကြုံးသံပေးကာ ကြုံလင်းအား တိုက်ခိုက်လိုက်လေသည်။

သူ၏ခန္ဓာကိုယ်မှာ ထွားကျိုင်းလှသဖြင့် နှေးကွေးလေးလံမည် ထင်ရသော်လည်း တကယ်တမ်းလှုပ်ရှားတိုက်ခိုက်လိုက်သောအခါ မယုံနိုင်စရာကောင်းလောက်အောင်ပင် လျင်မြန်နေသည်ကို တွေ့ရလေသည်။

ချက်ချင်းပင် ကြုံလင်းအနီးသို့ရောက်ရှိသွားပြီး လက်ဝါးဖြင့် တအားရိုက်ချလိုက်လေသည်။

'ဟူး'

ပြင်းထန်သောလေတိုးသံ ထွက်ပေါ်လာ၏။

ကျားဘီလူး၏ တိုက်ခိုက်မှုအရှိန် ပြင်းထန်လှကြောင်း ချောင်းကြည့်နေသည့် ကျင်းစန်း ခန့်မှန်းမိလေသည်။

လက်ဝါးတစ်ချက် အရိုက်ခံရပါက ကျောက်တုံးကျောက်ခဲများပင် စိစိညက်ညက် ကြေမွသွားနိုင်လောက်ရကား နုနယ်သော မိန်းကလေး ကြုံလင်း အရွယ်ကား ဆိုဖွယ်ရာ မရှိတော့ပြီ။

ကျင်းစန်းသည် စိုးရိမ်စိတ်ဝင်လာပြီး ကြုံလင်းအား အော်ဟစ် သတိပေးလိုစိတ်များပင်ဖြစ်ပေါ်လာလေသည်။

သို့သော်....

ကြုံလင်းသည် ကျားဘီလူး၏ လက်ဝါးရိုက်ချက်ကိုမမှုဘဲ ပွတ်ကာသီကာ ရှောင်တိမ်းလိုက်ပြီးလျှင် နောက်ကျောသို့



ရောက်ရှိသွားကာ ကျားဘီလူး၏ တင်ပါးအားကန်ကျောက်ပစ်လိုက်သည်ကို တွေ့ရသောအခါ ကျင်းစန်းပါးစပ်အဟောင်းသား ဖြစ်သွားရလေတော့သည်။

'သွားစမ်း'

'ဝုန်း'

ကျားဘီလူး ဒယီးဒယိုင်ဖြင့် ရှေ့သို့ ဟပ်ထိုးလဲကျမလို ဖြစ်သွားရလေတော့သည်။

ကြုံလင်းက ရယ်မောလိုက်သည်။

'ရှင့်ရဲ့ မလောက်လေးမဓလောက်စားပညာလေးနဲ့ ခေါင်းမမာချင်စမ်းပါနဲ့၊ တြိဂံ ရှေ့ပြေးကို အေးအေးဆေးဆေး ထုတ်ပေးစမ်းပါ'

ဟု ပြောလိုက်သေး၏။

ကျားဘီလူး၏မျက်နှာကြီး နီရဲသွားလေသည်။

'ခွေးမလေး၊ ဒီကနေ့ နင့်ကိုသတ်ပစ်ရမှ ငါကျေနပ်မယ်၊ သေဖို့သာပြင်ထားပေတော့'

အော်ငေါက်ရင်း လက်ဝါးနှစ်ဖက်ကို အဆက်မပြတ်ဝှေ့ယမ်းလိုက်လေသည်။

'ဟူး....ဟူး....ဟူး'

လေတိုးသံများ ကျယ်လောင်စွာထွက်ပေါ်လာလေသည်။

ပြင်းထန်သောလေပွေလှိုင်းများသည် ကြုံလင်းထံသို့ တိုးဝင်သွားလေသည်။

လက်ဝါးရိပ်များသည်လည်း သူမတစ်ကိုယ်လုံး လွှမ်းခြုံသွား၏။

မြေပေါ်တွင် ဖုန်များသဲများတထောင်းထောင်းထသွားသည်။

ကျားဘီလူးက မိန်းကလေးအားအသေသတ်ရန် ကြိုးစားလိုက်ခြင်းဖြစ်ပေတော့သည်။

ကျင်းစန်းမှာ မိမိကိုယ်တိုင် ကျားဘီလူးအား ရင်ဆိုင်ရလျှင်သက်သာမည်မဟုတ်ကြောင်း တွေးမိသည့်အပြင် ကြုံလင်း ရင်ဆိုင်နိုင်ပါမည်လောဟု ပူပန်လာသည်။

ထိုစဉ်....

'သွားစမ်း'

ကြုံလင်း၏ အော်ဟောက်သံ ထွက်ပေါ်လာလေသည်။

သူမသည် နောက်ဆုတ်မသွားသည့်အပြင် ရှေ့တိုးကာ ကျားဘီလူးနှင့် ထိပ်တိုက်ရင်ဆိုင်လိုက်လေသည်။

သူတို့၏ လှုပ်ရှားမှုများသည် လျင်မြန်လွန်းလှသဖြင့်လူရိပ်များ ရောထွေးသွားလေသည်။

'ဝုန်း'



ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

ကျားဘီလူး အဝေးသို့လွင့်စဉ်သွားသည်ကို တွေ့မြင်လိုက်ရလေတော့၏။

* * *

ကျားဘီလူး၏ကြီးမားသော ခန္ဓာကိုယ်ကြီး မြေပေါ်သို့ လဲကျသွားသောအခါ ဝုန်းခနဲမြည်သံနှင့်အတူ မြေကြီးများပင် သိမ့်ခနဲတုန်ခါသွားသည်ဟုပင် ထင်ရလေသည်။

ကျင်းစန်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ နုနယ်လှသော မိန်းကလေးကြုံလင်းက လူသန်ကြီးကျားဘီလူးအား မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း အနိုင်ယူလိုက်သည် မဟုတ်ပါလား။

ကျားဘီလူးသည် မြေပေါ်လဲကာ မလှုပ်မယှက်ဖြစ်သွားလေသည်။

ကြုံလင်းသည် ကျားဘီလူးထံသို့ချဉ်းကပ်သွားလိုက်သည်။

မလှုပ်မယှက်ဖြစ်နေသည့် ကျားဘီလူးအားခေါင်းငုံ့ကြည့်လိုက်ပြီး....

'ဒါကြောင့်....ရှင်ဟာ ရှင့်အစ်ကို ကျားနက် လောက် အစွမ်းအစမရှိဘူးလို့ ဘိုးဘိုးက ပြောတာပေါ့၊ ရှင့်အစ်ကို

ကြောင်သာ တြိဂံရွှေပြား ရှင့်ဆီရောက်လာတာ၊ ရှင်နဲ့ မတန်တဲ့ အကြောင်းယူထားချင်ရတာလဲ၊ ကဲ...ကဲ...ကျွန်မကို ပေးလိုက်ပါတော့’

ဟု ပြောလိုက်လေသည်။

‘မင်း...မင်း’

ကျားဘဝီလူးသည် အထိတ်တလန့် ရေရွတ်ကာ လူးလိမ့်ထလာလေသည်။

ကြုံလင်းက ခါးထောက်လိုက်သည်။

‘ရှင်....အေးအေးဆေးဆေးပေးရင်ကောင်းမယ်’

‘မပေးဘူး’

ကျားဘဝီလူးက ဒေါသတကြီး အော်လိုက်လေသည်။

ကြုံလင်းက....

‘ကောင်းပြီ’

စကားဆုံးသွားသည်နှင့် ကျားဘဝီလူး၏ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

‘ဝုန်း’

ကျယ်လောင်သောအသံ ထွက်ပေါ်လာကာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။



ကျင်းစန်းသည် ကြုံလင်း အနိုင်ရလိုက်သည်ကို တွေ့ရသဖြင့် ဝမ်းသာသွား၏။

သို့သော်....

ကြုံလင်းသည် ရှုံးနိမ့်နေသူအား ထပ်မံတိုက်ခိုက်နေသည်ကို တွေ့ရသောအခါ အဝင်မကျနိုင်အောင် ဖြစ်သွားရလေသည်။

‘သူ့ကိုကြည့်ရတာ တြိဂံရွှေပြားဆိုတာကို ရမယ်ဆိုရင် အာမဆိုလုပ်ဝံ့တဲ့သဘောရှိနေပါလား’

မှန်ပေသည်။

ကြုံလင်းသည် ကျားဘီလူးနောက်သို့ လိုက်သွားပြီး....

‘ရှင် ဘယ်လောက်ခေါင်းမာနိုင်မလဲ ကြည့်သေးတာပေါ့’

ဟု ပြောရင်း လက်ဝါးဖြင့် နှဖူးချက်ဆင့်ရိုက်ချလိုက်လေသည်။

‘ဝုန်း’

‘အား’

ကျားဘီလူး မချိမဆန့်အော်လိုက်လေသည်။

သူ၏ နှာခေါင်းနှင့်ပါးစပ်မှ သွေးများ စီးကျလာ၏။

ခေါက်ရုပြင်းထန်စွာရသွားပြီ ဖြစ်လေသည်။

ကြုံလင်းသည် ကျားဘီလူး ဒဏ်ရာရသွားသည်နှင့် ပတ်သက်ပြီး မည်သို့မျှ ခံစားရပုံ မရှိချေ။

'ဘြဂ်ိဂံရွှေပြားထက် ရှင့်အသက်ကပိုပြီး အဖိုးတန်တယ်လို့များ ရှင်ထင်နေသလား'

ဟု ငေါက်လိုက်လေသည်။

ကျားဘီလူး မျက်နှာပျက်သွားသည်။

ကြုံလင်းအား မယုံနိုင်မှုန်းသိ၍ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်လေသည်။

ကြုံလင်း ခေါင်းခါယမ်းလိုက်သည်။

'ရှင်ထွက်ပြေးလို့ ရမှာမဟုတ်ဘူး'

စကားဆုံးလျှင် မြေပေါ်မှ ကျောက်ခဲလေး တစ်လုံးအား ကောက်ထုတ်လိုက်လေသည်။

ကျောက်ခဲလေးသည် အရှိန်ပြင်းစွာ ပစ်လွှင့်သွားပြီး ကျားဘီလူး၏ ညာဘက်ဒူးဆစ်အား ထိမှန်သွားလေသည်။

'ဝုစ်'

'ဒေါက်....အား'

ကျားဘီလူးက ငယ်သံပါအောင် အော်လိုက်ပြီး မြေပေါ် ဒူးထောက်ကျသွားလေတော့သည်။



ကြုံလင်းက....

'ဘြဂ်ိဂံရွှေပြားပေးပါ'

ဟု ထပ်မံတောင်းဆိုလိုက်လေသည်။

ကျားဘီလူးသည် ဒဏ်ရာများမှ နာကျင်သော ဝေဒနာကြောင့် မျက်နှာကြီး ရှုံ့မဲ့ကာ အံကြိတ်ထားလေသည်။

ကြုံလင်းအမေးကို အဖြေမပေးချေ။

ကြုံလင်းက....

'ကဲ....ကျွန်မ နောက်ဆုံးမေးမယ်၊ ရှင်ပေးမလား၊ မပေးဘူးလား'

သူမ၏အသံသည် အေးစိမ့်နေပြီး ရက်စက်မည့် အငွေ့အသက်များ ပါဝင်နေကြောင်း ကျင်းစန်းသတိပြုမိလိုက်လေသည်။

ကျားဘီလူး ခေါင်းငိုက်စိုက်ကျသွားသည်။

ကြုံလင်းက ရက်စက်လိမ့်မည်ဆိုသည်ကို နားလည်ထားဟန်ရှိလေသည်။

'ကျုပ်အသက်ကိုချမ်းသာပေးပါ၊မင်းလိုချင်တာကိုကျုပ်ပေးပါ့မယ်'

ဟု တောင်းပန်တိုးလျှိုးလာလေတော့သည်။

ကြုံလင်း ပြုံးလိုက်လေသည်။

'ဒီလိုမဟုတ်ပါ၊ ကျွန်မက ရှင့်အသက်ကို လိုချင်တာမှ မဟုတ်တဲ့ တြို့ဂံရွှေပြားကိုသာ လိုချင်တာပါ၊ကဲ....ဘယ်မှာလဲ ပေးပါ'

ကျားဘဝိုလ်းသည် အင်္ကျီရင်ဘတ်ကြားမှ အထုပ်ကလေး တစ်ထုပ်ကို နှိုက်ယူကာ ကြုံလင်းထံ ပစ်ပေးလိုက်လေသည်။

ကြုံလင်းက အသာအယာပင် ဖမ်းယူထားလိုက်လေသည်။

အထုပ်ကလေးမှာ အပြာရောင် ပဝါဖြင့် ပစ္စည်းတစ်ခု အား ထုပ်ထားခြင်းဖြစ်လေသည်။

ကြုံလင်းက အပြာရောင်ပဝါကို အသာ လှန်ကြည့်လိုက် သောအခါ ရွှေရောင်ဝင်းခနဲ လက်သွားသည်ကို ကျောင်းစန်း တွေ့မြင်လိုက်ရလေသည်။

ကြုံလင်းသည် ထိုပစ္စည်းလေးအား ရရှိလိုက်သဖြင့် ဝမ်း သာ အားရ ဖြစ်သွားပုံရလေသည်။

ထိုအချိန်မှာပင် မမျှော်လင့်သော ပြောင်းလဲမှုတစ်ရပ် ဖြစ်ပေါ်လာလေသည်။

ကျားဘဝိုလ်းသည် အင်္ကျီရင်ဘတ်ကြားမှ သံမဏိဖြင့် ပြုလုပ်ထားသည့် လက်ဝါးပုံသဏ္ဌာန်လက်နက်တစ်ခုကို ထုတ် ယူကာ အလစ်အငိုက်ဖမ်းပြီး တိုက်ခိုက်လိုက်ခြင်း ဖြစ်လေ သည်။



ရုတ်တရက်မို့....

'ဟင်'

ကြုံလင်း လွတ်ခနဲရေရွတ်လိုက်လေသည်။

သူမသည် ရင်ထိတ်သွားပြီး ကပျာကယာ နောက်ဆုတ် ရှောင်တိမ်းရန် ဟန်ပြင်လိုက်လေသည်။

သို့သော်....

ကျားနာတစ်ကောင်ကဲ့သို့ ဖြစ်နေသော ကျားဘဝိုလ်း သည် တစ်ချိန်လုံး အလစ်အငိုက် ဖမ်းနေပြီး ပိုင်ပြီထင်သည် နှင့် တိုက်ခိုက်လိုက်ခြင်း ဖြစ်ရကား ကြုံလင်း ရှောင်တိမ်းရန် မလွယ်တော့ချေ။

ကျားဘဝိုလ်း၏ကျားလက်ဝါး သံမဏိလက်နက်ကြောင့် ကြုံလင်း ဒုက္ခရောက်ရတော့မည်မှာ သေချာ နေပါတော့ သည်။

ကျောင်းစန်း မျက်လုံးပြူးသွားလေသည်။

ကြုံလင်းအတွက် စိုးရိမ်သွားသော်လည်း လူချင်းအလှမ်း ကွာဝေးနေသဖြင့် ကူညီနိုင်စွမ်းမရှိတော့ပေ။

ထိုစဉ်....

'မင်းရဲ့ညာဏ် ဒါအကုန်ပဲလား'

အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာလေသည်။

လူရိပ်တစ်ခုသည် ၎က်ကြီးတစ်ကောင်ပမာ ပျံဝဲရောက်ရှိလာ၏။

ထိုလူရိပ်သည် ကြုံလင်းနှင့် ကျားဘိုလူးတို့ နှစ်ယောက်ကြားသို့ တိုးဝင်သွားပြီး ကျားဘိုလူး၏ ကျားလက်ဝါး သံမဏိလက်နက်ကို လုယူလိုက်လေသည်။

'ဟင်'

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ကျားဘိုလူးထိတ်လန့်သွား၏။

ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

ကြားဝင်လာသူက....

'သေလိုက်စမ်း'

ဟု ငေါက်ကာ ကျားလက်ဝါး သံမဏိလက်နက်ဖြင့်ပင် ကျားဘိုလူး၏ ရင်ဝကို ကုတ်ဆွဲချလိုက်လေသည်။

ထက်မြက်သော ဓားသွားများဖြင့် လှီးချခြင်း ခံလိုက်ရသည့်အလား ရင်ဝတွင်ဟက်တက် ကွဲသွားပြီး နီရဲသောသွေးများ ပန်းထွက်လာလေသည်။

'အား'

'ကျားဘိုလူး မချိမဆန့် အော်လိုက်သည်။



'ဝုန်း'

မြေပေါ်သို့ခြေပစ်လက်ပစ် ပြုတ်ကျသွားပြီး တုတ်တုတ်မျှ မလှုပ်တော့ချေ။

ကျားဘိုလူး သေဆုံးသွားပြီ ဖြစ်လေသည်။

* * *

## ရက်စက်မှုသရုပ်ဆောင်းသူ

လေပြည်လေညင်းဝေ့ယမ်းတိုက်ခတ်လာသည်။

သစ်ရွက်ကလေးများ တဖြုတ်ဖြုတ် ကြွေကျလာလေသည်။

လေပြည်တွင် မွှေးကြိုင်သင်းပျံ့သော တောပန်းရနံ့များ လွင့်ပျံလာလေသည်။

သို့သော်....

ကျောင်းစန်း၏နှာခေါင်းထဲ၌ သွေးညှီနံ့များ ရဖနေ၏။ ကျားဘီလူး သေဆုံးသွားပြီဖြစ်လေသည်။

ကျောင်းစန်းသည် ကျားဘီလူးအား ရှင်းပစ်လိုက်သူကိုစိတ်ဝင်စားစွာ ကြည့်လိုက်မိလေသည်။



ထိုလူမှာ မီးခိုးရောင်ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက် ဖြစ်လေသည်။

ခန္ဓာကိုယ် ပိန်ပိန်ပါးပါးရှိသည်။

လူသေအခေလာင်းကဲ့သို့ ဟန်မူရာကင်းမဲ့သောမျက်နှာထားရှိသည်။

သူ၏မျက်လုံးများကား ဝင်းလက်ကာ အရောင်တဖိတ်ဖိတ် တောက်ပနေသည်။

ထိုမျက်လုံးများတွင် ရက်စက်ကြမ်းကြုတ်ခြင်း၊ သွေးအေးခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်း စသော အရိပ်အယောင်များ ထွက်ပေါ်နေသည်ဟု ကျောင်းစန်း ထင်မှတ်မိလိုက်လေသည်။

ကြုံလင်းသည် မြေပေါ်လဲကျနေသော ကျားဘီလူးအား ကြောင်အမ်းအမ်းဖြင့် ကြည့်နေမိလေသည်။

သူမသည် မမျှော်လင့်ဘဲ အသက်ဘေးကြုံတွေ့လိုက်ရခြင်းကြောင့် မှင်သက်မိသူပမာ ရှိနေပါတော့သည်။

'ခြွမ်း'

အဘိုးအိုက လက်ထဲမှ ကျားလက်ဝါးသံမဏိလက်နက်ကို မြေပေါ်ပစ်ချလိုက်လေသည်။

ကြုံလင်းကိုစိုက်ကြည့်လိုက်ပြီး....

‘ငါသာ အချိန်မီရောက်မလာဘူးဆိုရင် မင်းရဲ့တစ်ကိုယ်လုံး ဓားနဲ့မွှန်းထားသလို မရှုမလှခံလိုက်ရမှာပဲ၊ ကြိုးလင်း မင်းကို ဘယ်လိုမှစိတ်ချလို့ မရပါလား’

ဟု အပြစ်တင်ပြောဆိုလိုက်လေသည်။

ကြိုးလင်းမျက်နှာပျက်သွားသည်။

‘ကျွန်မသတိလစ်သွားပါတယ် ဘိုးဘိုး’

သူမ၏အပြစ်ကိုဝန်ခံကာ ခေါင်းကလေးငုံ့ထားလိုက်လေသည်။

အဘိုးအိုက....

‘သိုင်းလောကဆင်းလာပြီး သတိတစ်ချက် လစ်သွားတယ်ဆိုတော့၊ ဟင်း...မပြောချင်ဘူး၊ ငါမှာထားခဲ့တွေအားလုံး မင်းမေ့ပစ်လိုက်တာတဲ့မဟုတ်လား’

ကြိုးလင်းက....

‘ကျွန်မ မမေ့ပါဘူး၊ သူ့ဆီက တြိဂံရွှေပြားကိုရတော့ သိုင်းလောကတစ်ခုလုံးက လိုချင်မက်မောနေကြတဲ့ပစ္စည်းဟာ ဘယ်လိုပစ္စည်းမျိုးလဲဆိုတာကို သိချင်လို့ စစ်ဆေးကြည့်လိုက်မိတာပါ’

အဘိုးအိုက....



‘မင်းက ဒီလိုလုပ်တော့ ကျားဘီလူးအတွက် အခွင့်အရေးရသွားတာပေါ့၊ သူ့ကို အရင်ဆုံး ခေါင်းမဖော်နိုင်အောင် လုပ်ထားရမှာပေါ့၊ ခုတော့’

ကြိုးလင်းခေါင်းခါယမ်းလိုက်လေသည်။

‘သူ့ကို အရင်ရှင်းလို့မဖြစ်သေးဘူး၊ တော်ကြာ တြိဂံရွှေပြားကိုမရရင် ဘယ်လိုလုပ်မလဲ’

‘တြိဂံရွှေပြားက မင်းရဲ့လက်ထဲရောက်နေပြီမဟုတ်လား’

ကြိုးလင်းက....

‘အဲဒါ ဘိုးဘိုးခက်တာပေါ့၊ သူက အတုကြီးပေးခဲ့ရင် ဘယ်လိုလုပ်မလဲ’

‘ဟာ’

‘ကျွန်မဟာတြိဂံရွှေပြားရပြီဆိုပြီး သူ့ကိုရှင်းပစ်လိုက်ပြီးမှ အတုကြီးပေးမှန်းသိရရင် မခက်ဘူးလား၊ အစစ်ကိုဘယ်မှာသွားရှာရမလဲ၊ သူကလဲ ပြောနိုင်မှာ မဟုတ်တော့ဘူးလေ’

အဘိုးအို လက်ကာပြလိုက်လေသည်။

‘ကဲ...ကဲ တော်ပါတော့၊ စကားတတ်တိုင်း ပြောမနေပါနဲ့တော့ မင်းကိုငါယှဉ်မပြောနိုင်ပါဘူး’

ကြိုးလင်းအား အလျှော့ပေးလိုက်လေသည်။

ကြုံလင်းကျေနပ်သွားပြီး ပါးချိုင့်ခွက်ကလေးများပေါ်လာအောင်ပင် ပြုံးလိုက်လေသည်။

အဘိုးအိုက....

'ကဲ... တြိဂံရွှေပြားကို ပြစမ်းပါဦး'

'ဟောဒီမှာပါ ဘိုးဘိုး'

ကြုံလင်းက အပြာရောင်ပိုးပဝါဖြင့် ထုပ်ထားသောအထုပ်လေးကို ပေးလိုက်၏။

အဘိုးအိုကပဝါကိုဖယ်ရှားကာ စေ့စေ့ကြည့်လိုက်လေသည်။

ဤတွင်....

လူ့အသက်တစ်ချောင်း ဆုံးရှုံးသွားရလောက်အောင် အစွမ်းပြခဲ့သည့်တြိဂံရွှေပြားအား ကျင်းစန်းတွေ့မြင်လိုက်ရလေတော့သည်။

လက်ဝါးအရွယ်ခန့်ရှိသော ရွှေပြားပါးပါးတစ်ချပ်ဖြစ်လေသည်။

ထိုရွှေပြားသည် တြိဂံပုံသဏ္ဍာန်ရှိသည်။

ရွှေရောင်တဖိတ်ဖိတ်တောက်ပနေ၏။

အဘိုးအိုသည် ရွှေပြားကိုကြည့်ကာ ကျေနပ်အားရဖြစ်သွားသည့်အလားဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်လေသည်။



'အင်း... ကျားနက်' ရသွားတဲ့ရွှေပြားဟာ သူ့ညီကျားဘီလူးဆီကိုရောက်သွားတယ်၊ ခုတော့ ငါတို့လက်ထဲရောက်လာရပြီပေါ့၊ ကဲ... တို့သွားကြရအောင်'

'ကောင်းပါပြီ ဘိုးဘိုး'

ကြုံလင်းနှင့် အဘိုးအိုတို့သည် ထွက်သွားရန် ဟန်ပြင်လိုက်ကြလေသည်။

ရုတ်တရက်....

အဘိုးအိုက ခြေလှမ်းတုံ့ခနဲရပ်လိုက်သည်။

ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး....

'မင်းတို့ပုန်းနေလို့လဲ အပိုပဲ၊ ထွက်လာခဲ့ကြစမ်း'

ဟု အော်ပြောလိုက်လေသည်။

ကျင်းစန်း မျက်နှာပျက်သွားသည်။

ကြုံလင်းဆိုသော မိန်းမချောလေးက အနီးပတ်ဝန်းကျင်၌ ပုန်းအောင်းချောင်းကြည့်နေသူများ ရှိနေသည်ကို မရိပ်မိခဲ့သော်လည်း အဘိုးအိုကား တစ်ခဏအတွင်း ရိပ်မိသွားသည်မဟုတ်ပါလား။

မိမိကိုပါ သတိပြုမိသွားပြီလောဟုတွေးကာ ကျင်းစန်းရင်လေးသာ ခိုခုန်နေတော့သည်။

အဘိုးအိုက ခြေလှမ်းရပ်လိုက်လေသည်။

သူ၏ မျက်နှာသည် ကြောက်မက်ဖွယ် ကောင်း အောင် ခက်ထန်တင်းမာနေ၏။

ကြုံလင်းက....

'ဘာဖြစ်လို့လဲ ဘိုးဘိုး'

ဟု မေးလိုက်သည်။

အဘိုးအိုက....

'ကြုံလင်း၊ မင်းဒီလောက်တောင် အ,ရသလား၊ သေသေချာချာ နားထောင်ကြည့်စမ်း၊ အသက်ရှူသံတွေ မကြားရဘူးလား'

ကြုံလင်းမျက်မှောင်ကြုတ်သွားပြီး....

'အသက်ရှူသံ ဟုတ်လားဘိုးဘိုး'

'ဟုတ်တယ်လေ၊ မင်းမကြားဘူးလား'

ကြုံလင်းက မျက်မှောင်ကြုတ်ကာနားစွင့်လိုက်လေသည်။

ပတ်ဝန်းကျင်၌ လေတိုက်သံ သစ်ရွက်လှုပ်သံ ကျေးငှက်ကလေးများ၏အော်မြည်သံများ ထွက်ပေါ်နေပါသည်။

ထိုအသံဗလံကြားမှ လူတစ်ယောက်၏ အသက်ရှူသံကို ကြားရဖို့ဆိုသည်ကား လွယ်ကူသောကိစ္စမဟုတ်ပါချေ။



ကျင်းစန်းက မဖြစ်နိုင်သောကိစ္စတစ်ခုဟု ထင်မိလေသည်။

သို့သော်....

အခြေအနေအရ အသက်ပြင်းပြင်းမရှူဝံ့တော့ဘဲ မျှင်း၍ ရှူသလို အသက်ကိုပင် အောင့်ထားလိုက်ရလေသည်။

ထိုစဉ် ကြုံလင်း၏အသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဟုတ်ပါရဲ့၊ ဘိုးဘိုးပြောမှပဲ သတိပြုမိတော့တယ်၊ လူသုံးယောက်ရဲ့ အသက်ရှူသံကို ကျွန်မကြားမိတယ်'

ထိုစကားကြောင့် ကျင်းစန်း မျက်လုံးပြူးသွားတော့သည်။

အဘိုးအိုက....

'မင်းထော်တော်သုံ့သေးတာပဲ၊ သုံးယောက်မဟုတ်ဘူး၊ လေးယောက်ရဲ့ အသက်ရှူသံဆိုတာမှတ်ထား'

'လေးယောက်'

'ဟုတ်တယ်'

ကြုံလင်းက အလျော့မပေးဘဲ....

'ဒါကတော့ ကျွန်မတို့ပြောဆိုနေကြတာကိုကြားပြီး တစ်ယောက်က အသက်အောင့်ထားလိုက်လို့ ဖြစ်မှာပေါ့'

ဟု ဆင်ခြေပေးလိုက်လေသည်။

အဘိုးအိုက....

'သူတို့ဘယ်မှာလဲ၊ ဘာကြောင့်ပုန်းအောင်းနေကြတာလဲ၊ ငါတို့ကိုချောင်းကြည့်နေတာတော့ ကောင်းတဲ့ကိစ္စမဟုတ်ဘူးထင်တယ်'

ကြုံလင်းက သဘောတူလေသည်။

'ဟုတ်တယ်ဘိုးဘိုး၊ ဘယ်နည်းနဲ့မှ မကောင်းဘူး၊ ကျား ဘီလူးဆီက တြိဂံ ရွှေပြား ကျွန်မတို့ ရသွားတာကိုသိတဲ့ လူ ရှိနေတာ ဘယ်နည်းနဲ့မှမကောင်းနိုင်တော့ဘူး'

အဘိုးအိုက....

'အင်း....ငါတို့အတွက် မကောင်းတဲ့ကိစ္စဆိုတာ မရှိစေရဘူးလေ၊ ဒါထက် သူတို့ ဘယ်မှာပုန်းအောင်းနေကြသလဲ ဆိုတာကော မင်းသိသလား'

ဟု မေးလေသည်။

ကြုံလင်း ခေါင်းညိတ်လိုက်လေသည်။

'ဟို....ချုံပုတ်ထဲမှာ'

သိုင်းသမားလေးယောက် ပုန်းအောင်းနေသည့် ချုံပုတ်ကြီးဆီ ညွှန်ပြကာ ပြောလိုက်လေသည်။



ကျင်းစန်းသည် ကိုယ်တိုင်ကြုံတွေ့နေရခြင်း မဟုတ်လျှင် ယုံကြည်နိုင်မည် မဟုတ်ပါချေ။

အဘိုးအိုနှင့် ကြုံလင်းတို့မှာ ကြောက်စရာကောင်းသူများ ဖြစ်ကြောင်း ပို၍ပို၍ သဘောပေါက်လာလေတော့သည်။

အဘိုး အိုက....

'မင်းတို့ ဘာကြောင့်ထွက်မလာကြသေးလဲ'

ဟု ခေါ်လိုက်လေသည်။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်....

'စိတ်ချ....ကျုပ်တို့လာပြီ'

အော်ပြောသံများနှင့်အတူ ချုံပုတ်ထဲမှ လူနှစ်ယောက်ခုန်ထွက်လာကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

ပုန်းအောင်းနေကြသော သိုင်းသမားလေးယောက်အနက် နှစ်ယောက်က မြေကွက်လပ်သို့ ခုန်ထွက်သွားကြသည်ကိုလည်းကောင်း၊ ကျန်နှစ်ယောက်က တိတ်တဆိတ်နောက်ဆုတ်ကာ ထွက်ပြေးသွားကြသည်ကိုလည်းကောင်း သစ်ပင်ပေါ်မှနေပြီး ကျင်းစန်းက အတိုင်းသား တွေ့မြင်နေရလေသည်။

ထိုသိုင်းသမားလေးယောက်အနက် နှစ်ယောက်မှာ အဘိုးအိုနှင့် ကြုံလင်းတို့အား ရင်ဆိုင်ထားပြီး ကျန်နှစ်ယောက်က ကိုယ်လွတ် ရုန်းပြေးရန် ကြံစည်ထားကြောင်း ကျင်းစန်းသဘောပေါက်လိုက်သည်။

သူကိုယ်တိုင်လည်း ထွက်သွား၍မဖြစ်တဲ့ အဖြစ်အပျက်ကို အစအဆုံး စောင့်ကြည့်ရတော့မည် ဖြစ်ကြောင်း နားလည်လိုက်၏။

အဘိုးအိုက ခုန်ထွက်လာသော သိုင်းသမား နှစ်ယောက်အား ကြည့်လိုက်ပြီး ကြုံလင်းဘက်သို့လှည့်ကာ....

'တစ်ယောက်က အရှေ့ဘက်ကိုပြေးတယ်၊ နောက် တစ်ယောက်က မြောက်ဘက်ကို ပြေးတယ်၊ မင်းလိုက်သွားစမ်း'

ဟု ပြောလိုက်ရာ ကြုံလင်းက....

'ကောင်းပါပြီဘိုးဘိုး'

စကားဆုံးသည်နှင့် မြေပေါ်ခြေဆောင့်ကာ ခုန်ထွက်သွားလေသည်။

သိုင်းသမားနှစ်ယောက်သည် မြေကွက်လပ်သို့ ရောက်လျှင်....

'ခြိမ်း.... ခြိမ်း'

ဓားကိုယ်စီ ဆွဲထုတ်လိုက်ကြလေသည်။



အဘိုးအိုက သူတို့နှစ်ယောက်အား စေ့ကြည့်လိုက်ပြီးလျှင်....

'မင်းတို့က ဘာသဘောလဲ'

ဟု မေါက်လိုက်လေသည်။

သိုင်းသမားနှစ်ယောက်အနက် တစ်ယောက်က....

'သွေးမြေခွေး၊ ခင်ဗျားဟာ သိုင်းလောကက ပျောက်ကွယ်သွားတာ နှစ်ပေါင်းအတော်ကြာနေပြီ၊ ခုမှခင်ဗျားရဲ့ ခြေရာလက်ရာတွေ ပြန်ပေါ်လာတာကြောင့် ကျုပ်တို့လိုက်ပြီး စုံစမ်းနေကြတာ၊ ခုတော့ ခင်ဗျားဟာ တြံဂံရွှေပြားအတွက် သိုင်းလောကထဲ ပြန်ဝင်လာပြီဆိုတာ သိရပြီ'

ဟု ပြောလိုက်လေသည်။

ကျန်တစ်ယောက်က....

'သွေးမြေခွေး၊ ခင်ဗျားကြောင့် တစ်ချိန်တုန်းက သိုင်းလောကသား အတော်များများ ဒုက္ခရောက်ခဲ့ရပြီးပြီ၊ ဒီတစ်ခါတော့ သိုင်းလောကသားတွေဟာ ခင်ဗျား လုပ်သမျှခေါင်းငုံ့ခံနေကြမှာ မဟုတ်တော့ဘူး၊ အားလုံး စုပေါင်းပြီးခင်ဗျားကို သုတ်သင်ရှင်းရှင်းပစ်ကြမှာပါ'

ဟု ပြောလိုက်လေသည်။

'ဟား....ဟား....ဟား'

အဘိုးအိုက ကျယ်လောင်စွာ ရယ်မောလိုက်လေသည်။

သူ၏ရယ်သံသည်လိုက်ခေါင်းသံပေါက်နေပြီး ကြားရသော အခါ နားအူသွားသည်ဟု ခံစားလိုက်ရလေသည်။

ကျောင်းစင်းက အသက်အောင့်ထားသလို လက်ဝါးဖြင့်နား နှစ်ဖက်ကို ပိတ်ထားလိုက်မိလေသည်။

အဘိုးအို၏ ရယ်သံကို နားထောင်ခြင်းဖြင့် အတွင်းအား အလွန်ကောင်းသူဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါတော့ သည်။

သိုင်းသမားနှစ်ယောက် ကပျာကယာ နောက်ဆုတ်လိုက် ကြ၏။

အဘိုးအိုက ရယ်မောပြီးသည်နှင့်....

'မင်းတို့ ဘာများတတ်နိုင်မှာမို့လဲ'

ဟု ပြောလိုက်၏။

သူ၏လက်ဝါးနှစ်ဖက်ဖြင့် ခြင်ရိုက်သကဲ့သို့ တုန်းခနဲမြည် အောင် ရိုက်ချလိုက်လေသည်။

ပြင်းထန်သော လေပွေလှိုင်းတစ်ခု ဖြစ်ပေါ်လာသည်။

ထိုလေပွေလှိုင်းသည် သိုင်းသမားနှစ်ယောက်ထံသို့ တိုး ဝင်သွားသည်။



သိုင်းသမားနှစ်ယောက်သည် ကပျာကယာ လက်ဝါးဆန့် ထုတ်ကာ အတွင်းအား ဖော်ထုတ်ပြီးခုခံကာကွယ်လိုက်ကြလေ သည်။

သို့တိုင်....

'ဟူး... ဟူး... ဟူး'

ပြင်းထန်သောလေပွေလှိုင်းက သူတို့နှစ်ယောက်အားရိုက် ခတ် ဖုံးလွှမ်းသွားလေသည်။

သိုင်းသမားနှစ်ယောက်၏ အဝတ်အစားများ တဖျပ်ဖျပ် လူးလွန့်သွားပြီး မရှေးမနှောင်းမှာပင် မျက်နှာများရှုံ့မဲ့ သွားကြလေသည်။

သူတို့၏ခန္ဓာကိုယ်မှာ ဆတ်ခနဲ ဆတ်ခနဲ တုန်ခါသွား၏။

ထိုမှတစ်ဖန်....

'ဝေါ့...ဝေါ့'

ပါးစပ်ထဲမှ သွေးများအန်ထုတ်လိုက်ကြပြီး....

'ဝုန်း....ဝုန်း'

နှစ်ယောက်သား မြေပေါ်လဲကျသွားကြလေတော့သည်။

'ဟား....ဟား....ဟား'

အဘိုးအိုက ထပ်မံ ရယ်မောလိုက်လေသည်။

မြေပေါ်တွင် လဲကျကာ အောင်ဟစ် ညည်းညူနေသော သိုင်းသမားနှစ်ယောက်ထံသို့ ချဉ်းကပ်သွားလိုက် လေသည်။

သိုင်းသမားနှစ်ယောက် အကြောက်ကြီး ကြောက်ရွံ့နေကြပြီ ဖြစ်ပါသည်။

သူတို့သည် အောင်ဟစ်ညည်းတွားရင်း တောင်းပန်တိုးလျှိုးလိုက်ကြလေသည်။

'ကျုပ်....ကျုပ်ကို မသတ်ပါနဲ့'

'ကျုပ်တို့ကို ချမ်းသားပေးပါဗျာ'

အဘိုးအိုက....

'နေပါဦး၊ သေ့းမြေခွေးနဲ့ တွေ့တဲ့လူဟာ ဘယ်တုန်းကမျှ အသက်ရှင်ဘူး လို့လဲ'

ဟု ပြောလိုက်သည်။

ထို့နောက်....

သိုင်းသမားနှစ်ယောက်၏ဦးခေါင်းကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

'အား'

'အမယ်လေး'

စူးရှသော အောင်ဟစ်သံများ ထွက်ပေါ်လာလေသည်။



သိုင်းသမားနှစ်ယောက်စလုံး ထိပ်ပေါက် ခေါင်းကွဲ ဖြစ်ကာ သွေးခြင်းခြင်း နီရဲသွားပြီး အသက်ပျောက်သွားကြလေတော့သည်။

အဘိုးအိုနှင့်ရင်ဆိုင်လိုက်သည့် သိုင်းသမားနှစ်ယောက်မှာ ကံဆိုးသွားကြပြီဖြစ်သည်။

ထွက်ပြေးသွားသော သိုင်းသမားနှစ်ယောက်၏ အခြေအနေမှာ မည်သို့ရှိမည်နည်း။

* * *

သိုင်းသမားနှစ်ယောက်သည်သူတို့၏အဖော်နှစ်ယောက်က သေ့းမြေခွေးအား တားဆီးထားသည်ကို အခွင့်ကောင်းယူကာ လူချင်းခွဲပြီး ထွက်ပြေးကြလေသည်။

ကြောက်စရာကောင်းလှသည့် သိုင်းသမား လူဆိုးကြီးတစ်ယောက်ဖြစ်သော သေ့းမြေခွေးမှာ သိုင်းလောကမှ ပျောက်ကွယ် နေခဲ့ရာမှ ပြန်ပေါ်ရှေ့ပြားကြောင့် သိုင်းလောကသို့ပြန်လည် ခြေချပြီဖြစ်ကြောင်း သိလိုက်ရပြီဖြစ်သည်။

ထိုသတင်းအား သိုင်းလောကတစ်ခုလုံး သိရှိနိုင်စေရန် ဖြန့်ဝေရမည် ဖြစ်ပါသည်။

သို့မှသာလျှင်....

သိုင်းဆောကသားများသည် ဒေသမြေခွေး၏ အန္တရာယ်ကို အချိန်မီသတိထားနိုင်ကြမည် ဖြစ်သည်။

ဒေသမြေခွေးအားသုတ်သင်ရန် နည်းလမ်းရှာနိုင်ကြလိမ့်မည် ဖြစ်လေသည်။

သိုင်းသမားနှစ်ယောက်သည် လူချင်းခွဲကာတစ်ယောက်က အရှေ့ဘက်သို့ ပြေးသွားပြီး ကျန်တစ်ယောက်က မြောက်ဘက်သို့ ပြေးသွားလေသည်။

သူတို့ ခပ်လှမ်းလှမ်းသို့ရောက်သွားလျှင်....

'အား'

'အမယ်လေး'

အနောက်ဘက်မှ စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အရှေ့ဘက်သို့ ဦးတည်ပြေးနေသူမှာ ခြေလှမ်းတုံ့ခနဲ ရပ်သွားလေသည်။

အော်သံ ဟစ်သံများကြောင့် သူ၏အဖော်နှစ်ယောက် ဒုက္ခရောက်သွားကြပြီဖြစ်ကြောင်း သဘောပေါက်လိုက်လေသည်။

ခြေလှမ်းတုံ့ခနဲ ရပ်သွားပြီး နောက်သို့လှည့်ကြည့်လိုက်မိသည်။

ထိုစဉ်....



'ဟူး....ဟူး....ဟူး'

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာသည်။

အနီရောင်အရိပ်တစ်ခု လျှပ်တစ်ပြက် ပေါ်ထွက်လာသည်ကို တွေ့လိုက်ရလေသည်။

သိုင်းသမား ရင်ထိတ်သွားသည်။

'ခြိမ်း'

ဓါးမြှောင်းကို ကပျာကယာဆွဲထုတ်လိုက်လေသည်။

ထိုအချိန်မှာပင်....

'သွားစမ်း'

အော်ဟောက်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားရ၏။

အနီရောင်လူရိပ်သည် လျှပ်တစ်ပြက် ထိုးဝင်လာပြီး သိုင်းသမား၏ လက်ထဲမှဓားကို ပုတ်ထုတ်လိုက်လေသည်။

'ခြိမ်း'

ဓားအဝေးသို့ လွင့်စဉ်သွားသည်နှင့်....

'ဖားး'

သတိကောင်းသော သိုင်းသမားသည် ဖြာသံပေးကာ အနီရောင် လူရိပ်အား လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

အနီရောင်ဝတ်လူရိပ်မှာ ကြုံလင်းဖြစ်နေသည်။

ကြုံလင်းက....

'ရှင်....ဘာတတ်နိုင်မှာ မို့လဲ'

ပြောရင်း သိုင်းသမား၏ လက်ဝါးရိုက်ချက်ကို ရှောင်တိမ်းကာ ထိုလူ၏ပခုံးပေါ်မှ ကျော်သွားကြောင်းတစ်နေရာဆီသို့ လက်ညှိုးဖြင့် ထောက်ချလိုက်လေသည်။

သူမ၏ လှုပ်ရှားမှု လျင်မြန်သွက်လက်လွန်းရကာ သိုင်းသမားမှာ မရှောင်တိမ်းနိုင်တော့ဘဲ သွေးကြောပိတ် ခံလိုက်ရလေတော့သည်။

'အင့်....'

သိုင်းသမားသည် မသဲမကွဲ ညည်းညူရင်း မလှုပ်မယှက်ဖြစ်သွားလေတော့သည်။

ကြုံလင်းက....

'ရှင်ခဏနေလိုက်ဦး'

ဟု ပြောကာ တစ်ဖက်သို့ပြေးထွက်သွားလေတော့သည်။

* * *



မြောက်ဘက်သို့ပြေးသွားသော သိုင်းသမားသည် သူ၏အဖော်များ ကြမ္မာဆိုးနှင့် ကြုံတွေ့လိုက်ရပြီဖြစ်ကြောင်း နားလည်ထားလေသည်။

သူကိုယ်တိုင်လည်း အန္တရာယ်နှင့် ရင်ဆိုင်ရနိုင်ကြောင်း နားလည်ထား၏။

ထို့ကြောင့် အဝေးဝေးသို့ ရောက်အောင်ပြေးလာပြီးလျှင် ခြေလှမ်းရပ်ကာ ဟိုဟိုသည်သည်ကြည့်လိုက်၏။

ထို့နောက်....

အနီးရှိ ချုံပုတ်ကြီးတစ်ခုအတွင်းသို့ ခုန်ဝင်ပုန်းအောင်းနေလိုက်လေသည်။

မကြာပါချေ။

'ဟူး....ဟူး....ဟူး'

အဝတ်အစားလေတိုးသံများနှင့်အတူ အနီရောင်ဝတ်မိန်းကလေး ကြုံလင်းရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

ကြုံလင်းသည် ဟိုဟိုသည်သည် အကဲခတ်ကြည့်လိုက်၏။

ထွက်ပြေးသွားသောသိုင်းသမားကို မတွေ့ရသဖြင့် မျက်မှောင်ကြုတ်သွားသည်။

သူမ ခြေလှမ်းရပ်တန့်လိုက်၏။

ရုတ်တရက်....

သူမ၏မျက်နှာတွင် အပြုံးရိပ်များထွက်ပေါ်လာပြီး ရယ်မောလိုက်လေသည်။

'ဟင်း....ဟင်း...ရှင်ပုန်းနေလို့ကော လွတ်မယ်များထင်နေသလား'

ချုံပုတ်ထဲပုန်းနေသော သိုင်းသမားမှာ သူမ၏စကားကြောင့် ထိတ်လန့်သွားလေသည်။

သူပုန်းအောင်းနေသည်ကို သိရှိသွားပြီဟုလည်း ယုံကြည်သွား၏။

ထို့ကြောင့်....

'ယား'

ငြာသံပေးကာ ချုံပုတ်ထဲမှခုန်ထွက်ပြီး ကြုံလင်းအားတိုက်ခိုက်လိုက်လေသည်။

ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာလေသည်။

သိုင်းသမား အလစ်အငိုက်ဖမ်းပြီး ထိုးသွင်းလိုက်သော ဓားသည် ကြုံလင်း၏ကျောပြင်ဆီသို့ တိုးဝင်သွား၏။

ကြုံလင်း မဲ့ပြုံးပြုံးလိုက်သည်။

'ရှင် ဘာတတ်နိုင်မှာမို့လဲ'



ပြောရင်း ခန္ဓာကိုယ်အောက်ပိုင်းအနေအထားဖြင့် အသာအယာရှောင်လိုက်၏။

'ဝှီး'

ဓားချက်သည် သူမ၏ခန္ဓာကိုယ်အောက်မှ ပွတ်ကာသီကာလွဲချော်သွားလေတော့သည်။

ကြုံလင်းက ဟန်ချက်ပျက်သွားသော သိုင်းသမား၏ဓားကိုင်ထားသောလက်ကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်၏။

'ဖြောင်း'

'အား'

'ခြွမ်း'

စူးရှကျယ်လောင်သောအသံများထွက်ပေါ်လာလေသည်။

သိုင်းသမား လွတ်ခနဲအော်လိုက်၏။

သူ၏လက်မှာ သွင်သွင်ကျိုးသွားပြီး ဓားလွတ်ကျသွားလေတော့သည်။

ကြုံလင်းသည် ရှေ့သို့ငိုက်ကျလာသော သိုင်းသမားအားသူးကြောထိုးပိတ်လိုက်သည်။

'အင့်'

သိုင်းသမားသည် မသဲမကွဲညည်းတွားလိုက်ပြီး မလှုပ်မရှားဖြစ်သွားလေတော့သည်။

*  *  *

ကျင်စန်းသည် ထူးခြားသည့်ကိစ္စတစ်ခုနှင့် ကြုံရမည်ဟု တွေးကာ တောအုပ်ထဲသို့ လိုက်လာခဲ့ခြင်းဖြစ်သည်။

ယခု....

သူတွေ့မြင်နေရသည်မှာ ထူးခြားသည်သာမက ထိတ်လန့်တုန်လှုပ်ဖွယ် ကောင်းနေပါတော့သည်။

ကျားအီလူးဆိုသူ သေဆုံးသွားပြီဖြစ်သည်။

သိုင်းသမား လေးယောက်အနက် နှစ်ယောက်မှာလည်း အဘိုးအို၏လက်ချက်ကြောင့် သေသွားကြပြီဖြစ်လေသည်။

ကျန်သိုင်းသမားနှစ်ယောက်လည်း အခြေအနေ မည်သို့ရှိပါသနည်း။

ကျင်းစန်း တွေးတောနေစဉ်မှာပင်....

'ဝုန်း'

'ဝုန်း'



ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာကာ လူနှစ်ယောက်သည် ဖွဲ့အိတ်ကြီးများပမာ မြေကွက်လပ်သို့ ကျရောက်လာလေသည်။

ထိုလူနှစ်ယောက်မှာ ထွက်ပြေးသွားကြသော သိုင်းသမားများဖြစ်ကြလေသည်။

မရှေးမနှောင်းမှာပင်....

'ကျွန်မ သူတို့ကိုဖမ်းခေါ်လာခဲ့ပြီ'

စကားသံနှင့်အတူ ကြုံလင်းရောက်ရှိလာလေသည်။

'ဟား.... ဟား.... ဟား'

အဘိုးအိုက ဟားတိုက်ရယ်မောလိုက်လေသည်။

ကြုံလင်းကိုကြည့်ကာ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး....

'ကောင်းတယ်၊ မင်းက ဒီလောက်တော့ လျင်မြန်သွက်လက်ရမှာပေါ့လေ၊ ဒါမှမဟုတ်ရင် ငါသင်ပေးထားတဲ့ပညာတွေ ဘာလုပ်ရမှာတော့မှာလဲ'

ဟု ပြောလိုက်သည်။

တစ်ဖန်....

သွေးကြောပိတ်ခံထားရသော သိုင်းသမားနှစ်ယောက်အား အကဲခတ်ကြည့်လိုက်သည်။

ထိုသိုင်းသမားများဝတ်စားဆင်ယင်ထားပုံကိုကြည့်ရင်း....

'သူတို့ဟာ ထိုက်ကျိုဂိုဏ်းသားတွေဖြစ်နိုင်တာပဲ၊ ဘာပဲဖြစ်ဖြစ် ခိုးကြောင်ခိုးဝှက်လုပ်တာမို့ ချမ်းသာမပေးနိုင်ဘူး'

ဟု ပြောလိုက်သည်။

ချက်ချင်းပင် သေနတ်ကြောင်းများ ဖွင့်ပေးလိုက်လေသည်။

'အင့်'

'အ'

သိုင်းသမားနှစ်ယောက်မှာ သေနတ်ကြောင်း ပွင့်သွားသဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

အဘိုးအိုက....

'မင်းတို့နှစ်ယောက်ကို အခွင့်အရေးပေးလိုက်မယ်၊ ကျုပ်ရဲ့လက်ကလွတ်အောင်ပြေးပါ'

ဟု ပြောလိုက်လေသည်။

သိုင်းသမားနှစ်ယောက်သည် ရလာသောအခွင့်အရေးကို လက်လွှတ်မခံဘဲ တစ်ဟုန်ထိုးထွက်ပြေးသွားကြလေသည်။

အဘိုးအို မဲ့ပြုံးပြုံးလိုက်သည်။

ကြုံလင်းကိုကြည့်ကာ....



'ငါကထွက်ပြေးတဲ့လူတွေနောက်ကို ဘယ်လို လိုက်တတ်တယ်ဆိုတာ ကြည့်ထား'

ဟု ပြောလိုက်သည်။

မြေပေါ်ခြေဆောင့်ကာ လျှပ်တစ်ပြက်ခုန်ထွက်လိုက်လေသည်။

သူ၏ခန္ဓာကိုယ်သည် မြားတစ်စင်းပမာ ထိုးထွက်သွားလေသည်။

လေထဲတွင် တစ်ပတ်ကျွမ်းပစ်လိုက်ပြီးသည်နှင့်သိုင်းသမားနှစ်ယောက်၏ရှေ့သို့ကျရောက်သွားလေသည်။

'ဟင်'

'ဟာ'

သိုင်းသမားနှစ်ယောက်သည် သူတို့၏ရှေ့သို့လျှပ်တစ်ပြက်ရောက်လာသည့်အဘိုးအိုကိုကြည့်ကာ အထိတ်တလန့်ဖြစ်သွားကြသည်။

ချက်ချင်း ခြေလှမ်းရပ်လိုက်ကြလေသည်။

အဘိုးအိုက ဘာမှမပြောဘဲ လက်နှစ်ဖက် ဆန့်ထုတ်ကာ သိုင်းသမားနှစ်ယောက်အား ဆွဲယူလိုက်ပြီး ဦးခေါင်းနှစ်လုံးကို ဆောင့်ချလိုက်လေသည်။

သိုင်းသမားနှစ်ယောက်သည် အတိုးအို၏သက်ထဲ၌ အချပ်ကလေးများပမာ ရှိနေကြပါသည်။

အတိုးအို၏လက်ချက်ကြောင့် သူတို့အချင်းချင်းဦးခေါင်းချင်း ပြင်းထန်စွာ ဆောင့်မိလိုက်ကြလျှင်....

'ခွမ်း'

'အား'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

သူတို့၏ဦးခေါင်းများ သွေးခြင်းခြင်းနီရဲသွားသည်။

မည်သို့မျှမဟန်နိုင်တော့ဘဲ မြေပေါ်ပုံလျက်သား လဲကျသွားကြလေတော့သည်။

* * *

သိုင်းသမားလေးယောက်....

သိုင်းသမားလေးယောက်သည် သွေးမြေခွေးနှင့်တွေ့လိုက်ရသောအခါ မရှုမလှ အသက်ပျောက်သွားခဲ့ကြလေသည်။

ကျင်းစန်းသည် သိုင်းသမားလေးယောက်၏ ဖြစ်အင်ကိုကြည့်ရင်း ရင်ထဲတထိတ်ထိတ်ဖြစ်နေပါသည်။



သွေးမြေခွေးသည် ကြောက်မက်ဖွယ် ကောင်းလောက်အောင်ပင် သိုင်းပညာတော်ပြီး နှိုင်းယှဉ်၍မရအောင်ရက်စက်ကြမ်းကြုတ်သူဖြစ်ကြောင်း သဘောပေါက်လိုက်မိလေသည်။

သူ့အား တွေ့သွားလျှင်လည်း ချမ်းသာပေးမည့်ပုံမရချေ။

ကျင်းစန်းသည် အသက်ပင်မရှူဝံ့ဘဲ ငြိမ်နေလိုက်ရလေသည်။

ထိုစဉ် အတိုးအို(ဝါ)သွေးမြေခွေး၏စကားသံထွက်ပေါ်လာလေသည်။

'ဘယ်လိုလဲ၊ ထွက်ပြေးတဲ့လူတွေကို ငါဘယ်လိုဆုံးမတယ်ဆိုတာ မင်းမြင်ပြီမဟုတ်လား'

ဟု ပြောလိုက်လေသည်။

ကြုံလင်း ပခုံးတွန့်လိုက်သည်။

သွေးမြေခွေးက....

'ငါတို့ကို ချောင်းကြည့်ရင် ဒီလိုအပြစ်ပေးခံရမှာပဲ၊ ကဲ... သွားစို့'

ဟု ပြောကာပြေးထွက်သွား၏။

ကြုံလင်းလည်း လိုက်သွား၏။

သူတို့သည် တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ရိပ်ခနဲ ရိပ်ခနဲ ပျောက်သွားကြလေတော့သည်။

* * *

သွေးမြေခွေးနှင့် ကြုံသင်းတို့ ထွက်သွားကြပြီဖြစ်သည်။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း သူတို့၏ အရိပ်အယောင်မျှကိုပင် မတွေ့ရပါချေ။

ထိုအခါမှ ကျင်းစန်းသက်ပြင်းချလိုက်မိသည်။ အသက်ကို တဝကြီးရှူရှိုက်လိုက်သည်။

သိုင်းလောကဦ ကျင်လည်ကျက်စားဖို့မဆိုထားနှင့်ခြေပင် မချရသေး၊ ကြောက်မက်ဖွယ်ကောင်းသည့် ဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့လိုက်ရလေသည်။

ထိုကိစ္စသည် စိတ်ဝင်စားစရာကောင်းလှသော်လည်း မည်သို့သော ကိစ္စမျိုးဖြစ်ကြောင်း မသိနိုင်သေးပါချေ။

ကိုယ်နှင့်မဆိုင်ဘဲ ပါဝင်ပတ်သက်မိပါက အန္တရာယ်ဆိုးနှင့် ကြုံတွေ့ရနိုင်ကြောင်းလည်း သဘောပေါက်မိလေသည်။

ကျင်းစန်းသည် သစ်ပင်ပေါ်မှ ခုန်ဆင်းလိုက်သည်။



မြေပေါ်လဲကျနေသည့် သိုင်းသမား လေးယောက်ထံသို့ သွားကာ စစ်ဆေးကြည့်လိုက်လေသည်။

အသက်ရှင်နေသူရှိသေးလျှင် ကူညီနိုင်ရန်ဖြစ်သည်။

သို့သော်....

ကျားတစ်လူးနှင့်တကွ သိုင်းသမားလေးယောက်မှာ ဦးခေါင်းမျှား ကွဲအက်ကျမှုကာ မရှူမလှုသေဆုံးနေကြပြီ ဖြစ်သည်ကို တွေ့မြင်လိုက်ရလေသည်။

ကျင်းစန်း စိတ်မကောင်းဖြစ်သွားလေသည်။

ခေတ္တခဏငေးငိုင်နေပြီးမှ မြေကွက်လပ်ကို ကျောခိုင်းကာ ထွက်လာခဲ့မိလေတော့သည်။

* * *

## အိမ်အပြန်ခရီး

---

လမ်းဆုံလမ်းခွ....

လမ်းဆုံလမ်းခွမှ စားသောက်ဆိုင်လေးသို့ ကျောင်းစန်း ပြန်လည်ရောက်ရှိသားပြီဖြစ်သည်။

ယခုအခါ....

ခရီးသွားများ ရောက်ရှိလာကြသဖြင့် ဆိုင်ထဲ၌ စည်ကား သိုက်မြိုက်နေသည်ကို တွေ့ရလေသည်။

ကျောင်းစန်းက ဆိုင်ထဲဝင်ကာ လီထင်းအား ရှာဖွေကြည့်လိုက်လေသည်။

လီထင်း၏ အရိပ်အယောင်မျှကိုပင် မတွေ့ရသဖြင့် စိတ်ပျက်သွား၏။



'ဒုက္ခပဲ၊ အစ်ကိုကြီး ထွက်သွားပြီထင်တယ်'

ကျောင်းစန်းသည် ဆိုင်လုလင်တစ်ယောက်အား ခေါ်ကာ စုံစမ်းမေးမြန်းလိုက်လေသည်။

ဆိုင်လုလင်သည် ကျောင်းစန်းအား ချက်ချင်းမှတ်မိသွားပြီး လီထင်း၏အကြောင်းကို ပြောပြလေသည်။

'ဟာ....အစ်ကိုလေးမိတ်ဆွေက သွေးဆိုးလိုက်တာ မပြောပါနဲ့တော့ဗျာ၊ အရက်တစ်အိုးပြီးတစ်အိုး မှာသောက်တယ်၊ အရက်မူးလာတော့ တစ်ဆိုင်လုံးပြောင်းဆန်အောင် သောင်းကျန်းပြီးမှ ထွက်သွားတာ'

'သူ ဘယ်ကိုသွားသလဲ'

'အရှေ့ဘက်တောလမ်းအတိုင်း ထွက်သွားပါတယ်'

ကျောင်းစန်းသက်ပြင်းချလိုက်သည်။

သူက တောအုပ်ထဲသို့ဝင်ကာ သွေးမြေခွေးတို့၏တိုက်ပွဲကို ကြည့်နေစဉ် လီထင်းက တောလမ်းအတိုင်း ဖြတ်ကျော်သွားခြင်း ဖြစ်မည်ဟု ယုံကြည်မိလေသည်။

လမ်းလွဲသွားပြီဖြစ်၍ လီထင်းအားလိုက်ရှာဖို့ မလွယ်တော့ပါချေ။

ကျင်းစန်းသည် ဆိုင်လုလင်အားနှုတ်ဆက်ကာ ထွက်လာခဲ့လေတော့သည်။

* * *

ဆယ့်သုံးရက်....

ဆယ့်သုံးရက်မျှကြာပြီးသည့်နောက် ကျင်းစန်းသည် မုရန်မြို့သို့သွားသော လမ်းပေါ်သို့ ရောက်ရှိလာလေသည်။

ဆယ့်သုံးရက်လုံးလုံး ခရီးနှင်ရင်း လီထင်းအား လိုက်လံရှာဖွေခဲ့မိလေသည်။

သို့သော်...

လူချင်း ကွဲသွားပြီးသည့်နောက်ပိုင်း လီထင်း၏ အရိပ်အယောင်ကိုပင် မတွေ့ရတော့ချေ။

လီထင်း မည်သည့်နေရာသို့ ထွက်သွားမှန်း မသိရတော့ပါ။

ကြာသော် ကျင်းစန်းလက်လျှော့လိုက်လေသည်။

သူတို့အား သိုင်းလောကဥ်ကျင်လည်ကျက်စားကာအတွေ့အကြုံ ဗဟုသုတရှာဖွေရန် ဆရာဖြစ်သူက ခွင့်ပြုပြီး သုံးနှစ်အချိန်ပေးခဲ့လေသည်။



သုံးနှစ်ပြည့်မှ ဆရာ့ထံသို့ပြန်သွားရမည်ဖြစ်ပြီး လီထင်းနှင့်လည်း ပြန် လည်ဆုံတွေ့ရလိမ့်မည်ဖြစ်လေသည်။

သုံးနှစ်....

သုံးနှစ်ဆိုသောအချိန်မှာ ကြာမြင့်လှသည်ဟု ကျင်းစန်းထင်မိလေသည်။

အချိန်ရခိုက် မိမိ၏ ဇာတိရပ်ရွာသို့ ပြန်ရန်လည်းစိတ်ကူးမိလေသည်။

သူသည် အိမ်ကိုခွဲခွာလာခဲ့သည်မှာ နှစ်ကာလအတန်ကြာညောင်းခဲ့ပြီ မဟုတ်ပါလား။

ကျင်းစန်းသည် နဂိုကတည်းက အချိန်ရသည်နှင့် အိမ်ပြန်ရန် စိတ်ကူးရှိခဲ့ပါသည်။

လီထင်းကိုလည်း သူ၏အိမ်သို့ အလည်အပတ်ခေါ်သွားရန်စိတ်ကူးထားခဲ့သည်။

ယခု....

လီထင်းအား ရှာမတွေ့နိုင်တော့သည့်အခါ လက်လျှော့လိုက်ပြီး အိမ်ပြန်ရန်ဆုံးဖြတ်ချက်နှင့်အတူ မုရန်မြို့သို့ ဦးတည်သော လမ်းမကြီးပေါ်သို့ ရောက်လာခြင်း ဖြစ်လေသည်။

လီထင်းသည် မြင်းကို ခြေလှမ်းမှန်မှန် စီးနင်းလာရင်း မုရန်မြို့အား လှမ်းပြီးမြင်တွေ့လိုက်ရသောအခါ စိတ်ရှင်လန်းတက်ကြွလာလေသည်။

'ဟိတ်'

မြင်းကိုအော်ငေါက်ကာ ဒုန်းစိုင်း မောင်းနှင်လိုက်၏။

'ဟီး... ဟီး... ဟီး'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ကျင်းစန်း၏အိမ်သည် မုရန်မြို့ထဲ၌ ရှိနေသည် မဟုတ်ပါလား။

ကျင်းစန်းသည် မုရန်မြို့ဇာတိ ဖြစ်လေသည်။

* * *

ကျယ်ဝန်းသော ခြံဝင်းကြီးအတွင်း၌ ခမ်းနားထည်ဝါသော အဆောက်အအုံတစ်ခုရှိလေသည်။

ထိုခြံဝင်းနှင့် အဆောက်အအုံကြီးမှာ ကျင်းစန်း၏ဖခင် ကျင်းရှောင်ပိုင်ဆိုင်ထားလေသည်။

ကျင်းရှောင်၏ဇနီးသည်သည်ကျင်းစန်းငါးနှစ်သားအရွယ်ကပင် ကွယ်လွန်သွားခဲ့လေသည်။



ကျင်းရှောင်သည် တစ်ဦးတည်းသောသားလေး ကျင်းစန်းအား အချစ်ပိုကာ အလိုလိုက်ထားခဲ့သော်လည်း ကျင်းစန်းက အလိုလိုက်အမိုက်ဇော်ကားခြင်းမျိုးမရှိချေ။

လိမ္မာရေးခြားရှိပြီး သိုင်းပညာကို စိတ်ဝင်စားခဲ့လေသည်။

ကျင်းရှောင်သည် တစ်ချိန်က သိုင်းလောက၌ ကျင်လည်ကျက်စားခဲ့ပြီး ထင်ရှားသောသိုင်းသမားတစ်ယောက်အဖြစ် ရပ်တည်ခဲ့လေသည်။

ဇနီးသည် ကွယ်လွန်သွားပြီးသည့်နောက်ပိုင်းတွင် မိတဆိုးသားလေးအား ပြုစုစောင့်ရှောက်ရန် သိုင်းလောကကို စွန့်ခွာခိုင်းခဲ့ခြင်းဖြစ်သည်။

ကျင်းစန်း အရွယ်ရောက်လာသောအခါ ကိုယ်တိုင်သိုင်းပညာသင်ကြားပေးခဲ့သည့်အပြင် သူ၏မိတ်ဆွေဖြစ်သော မိုးကြိုးစွမ်းအားရှင်ရှောင်ကောင်းထံသို့ စေလွှတ်ကာ သိုင်းပညာသင်ယူစေခဲ့ခြင်းဖြစ်သည်။

ကျင်းစန်း၏ဘဝကား ရေကန်အသင့်ကြာအသင့် ရှိခဲ့ပြီး ပြည့်စုံပြည့်ဝသည်ဟု ဆိုနိုင်ပေ၏။

လီထင်းမှာကား....

ကျင်းစန်းသည် အိမ်ရှေ့တွင် မြင်းကိုရပ်တန့်လိုက်လေသည်။

မြင်းခွာသံကြောင့် လူတစ်ယောက်က အိမ်ထဲမှလှမ်းထွက်လာလေသည်။

ထိုလူသည် ကျင်းစန်းကိုမြင်လျှင် ၊ ကြောင်အမ်းအမ်းဖြစ်သွားပြီးမှ....

'ဟာ....သခင်လေး ပြန်လာပြီဟေ့'

ဟု အော်ပြောလိုက်လေသည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

မရှေးမနှောင်းမှာပင်....

အိမ်သားများ ပြေးထွက်လာကြလေတော့သည်။

ကျင်းစန်း၏အိမ်၌ တာဝန်ထမ်းဆောင်နေကြသော အိမ်ဖော်များသည် ထမင်းချက်များ၊ အလုပ်သမားများ ဖြစ်ကြသည်။

◆

အားလုံးသည် ကျင်းစန်းအနီးသို့ ဝိုင်းရံလာကြပြီး....

'သခင်လေးပြန်လာပြီဟေ့'

'သခင်လေး အသားတွေတောင်မည်းသွားတယ်'

'သခင်လေးဟာ တကယ့်သိုင်းသမားကြီးတစ်ယောက်လို ဖြစ်လာပါလား'

ဟု ဝိုင်းဝန်းပြောဆိုကြလေသည်။



ကျင်းစန်းသည် ရှောင်ကောင်းထံ၌ သိုင်းပညာ သွားရောက်သင်ယူခဲ့သည်ကို အားလုံးသိထားကြသည် မဟုတ်ပါလား။

ကျင်းစန်းက....

'ဖေဖေကော'

ဟု မေးလိုက်လေသည်။

အလုပ်သမားခေါင်းဆောင်လည်းဖြစ် ပိုင်ရှင် သခင်ကျင်းရှောင်၏လူယုံတော်လည်းဖြစ်သော ယန်ဝေက....

'သခင်ကြီး စာဖတ်ခန်းထဲမှာ အနားယူနေပါတယ် သခင်လေး'

ဟုပြောလေသည်။

သခင်ကြီးကျင်းရှောင်သည် သူ၏အိမ်ဂေဟာ၌ တင်းကျပ်သော စည်းကမ်းတစ်ခုထုတ်ထားလေသည်။

ထိုစည်းကမ်းမှာ စာဖတ်ခန်းသို့ဝင်ကာ အနားယူနေချိန်တွင် မည်သူမျှမနှောင့်ယှက်ရဟူ၍ ဖြစ်လေသည်။

ယခု....

ကျင်းစန်း ရောက်လာပြီဖြစ်သော်လည်း မည်သူကမျှ ကျင်းရှောင်ထံသို့ သွားရောက်အကြောင်းကြားခြင်း မပြုဝံ့ကြပါချေ။

ကျောင်းရှောင်သည် စာဖတ်ခန်းအတွင်း၌ စာဖတ်ကာ အနားယူတတ်သလို သိုင်းပညာလည်း လေ့ကျင့်တတ်သည် မဟုတ်ပါလား။

ကျောင်းစန်းက....

'ကိစ္စမရှိဘူး၊ ကျွန်တော့်ဘာသာ ဖေဖေ့ကို သွားတွေ့ လိုက်ပါ့မယ်'

ဟု ယန်ဝေတို့အားနှုတ်ဆက်ကာ စာဖတ်ခန်းဆီသို့ ခပ် သွက်သွက်ထွက်လာခဲ့လေသည်။

စာဖတ်ခန်းသည် အဆောင်ဆောင်အခန်းခန်းဖြင့် ခမ်း နားထည်ဝါစွာ ဆောက်လုပ်ထားသည်။ ကျောင်းရှောင်၏ အဆောက်အအုံမှာ အရှေ့ဘက်အတွင်းဆောင်၌ တည်ရှိလေ သည်။

ထိုအဆောင်နှင့်ကပ်လျက် ပန်းဥယျာဉ်ကြီးတစ်ခုရှိ၏။

အမြဲတမ်း အေးမြတာ ပန်းရနံ့ သင်းနေတတ်သော အဆောင်ဖြစ်လေသည်။

ကျောင်းစန်းသည် အဆောင်ထဲသို့ ရောက်သွားသောအခါ အေးချမ်းတိတ်ဆိတ်မှုကို ခံစားလိုက်ရလေသည်။

စကြံလမ်းအတိုင်း လျှောက်သွားလိုက်ပြီး စာဖတ်ခန်း ရှေ့သို့ရောက်သွားလျှင် ခြေလှမ်းရပ်တန့်လိုက်လေသည်။



ဖခင်ဖြစ်သူနှင့်တွေ့ရတော့မည်ဆိုသောအသိကြောင့် ရင်ထဲ လှုပ်ရှားနေပါသည်။

ကျောင်းစန်းသည် နဖူးပေါ်မှချွေးများကို သုတ်လိုက်သည်။ တ်အစားကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြုပြင်လိုက် သည်။

ပြီးမှ တံခါးခေါက်လိုက်လေသည်။

'ဒေါက်....ဒေါက်'

တံခါးခေါက်သံထွက်ပေါ်လာသည်။

မဝေးမနှောင်းမှာပင်....

'သားပြန်လာပြီလား၊ ဝင်ခဲ့လေ'

အတွင်းဘက်မှ ကျောင်းရှောင်၏စကားသံ ထွက်ပေါ်လာ သည်ကို ကြားလိုက်ရလေသည်။

ကျောင်းစန်း ပြုံးလိုက်သည်။

သူရောက်ရှိလာသည်ကို ဖခင်ကြီးသိရှိနေပြီမဟုတ်ပါလား။

အပြင်ဘက်မှ ဆူဆူညံညံအသံများကြောင့် နားပါးလှ သောဖခင်ကြီး ကြားသိသွားခြင်းဖြစ်မည်ဟု ယုံကြည်မိလေ သည်။

ကျောင်းစန်းသည် တံခါးကိုတွန်းဖွင့်ကာ အခန်းတွင်းသို့ လှမ်းဝင်လိုက်လေသည်။

စာဖတ်ခန်းမှာ ကျယ်ဝန်းလှပေသည်။

စာအုပ်စင်များ၊ ဗီရိုများသည် အကန့်လိုက် အကန့်လိုက် နေရာယူထားလေသည်။

အခန်းအလယ်တွင် စားပွဲတစ်လုံးရှိပြီး ကျောင်းရှောင်က ထိုင်နေပါ၏။

ကျောင်းရှောင်သည် အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

အသက်ငါးဆယ်ခန့်ရှိပြီး ဥပဓိရုပ်ကောင်းသူဖြစ်သည်။

သဘောမနော ကောင်းသလို ဉာဏ်ပညာအမြော်အမြင်နှင့် ပြည့်စုံသူဖြစ်ကြောင်းလည်း ထင်ရှားနေပါသည်။

ကျောင်းစန်းသည် ဖခင်ဖြစ်သူ ကျန်းကျန်းမာမာရှိနေသည်ကို တွေ့မြင်ရလျှင် ဝမ်းသာသွားလေသည်။

လက်နှင့်ဖက်ဆုပ်ကာ ဦးညွှတ်အရိုအသေပြုလိုက်ပြီး....

'ဖေဖေ့ ကိုဂါရဝပြုပါတယ်'

ဟု ပြောလိုက်လေသည်။

ကျောင်းရှောင်သည် အရွယ်ရောက်ကာ ယောကျ်ားပီသသော သားဖြစ်သူကို သဘောကျစွာကြည့်ကာ ပြုံးနေ၏။



'ဒီနှစ်ထဲမှာ သားပြန်ရောက်လာလိမ့်မယ်လို့တော့ ဖေဖေ ထင်မိသားပဲ၊ ဘယ်နေ့ဘယ်ရက် ရောက်လာမယ်ဆိုတာကို ခန့်မှန်းမရလို့သာ ကြိုဆိုဖို့ ဖေဖေအဆင်သင့် လုပ်မထားဖြစ်ခဲ့တာ'

ဟု ပြောလေသည်။

ကျောင်းစန်းက....

'ကျွန်တော်လဲ အိမ်ပြန်ခွင့်ကြုံဦးမယ်လို့ မထင်မိခဲ့ပါဘူး ဖေဖေ၊ ဆရာက ခွင့်ပြုလိုက်လို့ပါ'

ကျောင်းရှောင်က....

'ရှောင်ကောင်းက ဒီလိုခွင့်ပြုလိုက်တယ်ဆိုတာဟာ သူ့ရဲ့ ပညာ သုံးပုံနှစ်ပုံကို သားရသွားလို့ပဲ ဖြစ်မယ်၊ ဒါ သူ့ရဲ့ ထုံးစံပေါ၊ သူ့ဆီကို သိုင်းပညာ လာသင်တဲ့တပည့်တွေကို သိုင်းပညာသုံးပုံ နှစ်ပုံ သင်ပေးပြီး အတွေ့အကြုံ ဗဟုသုတ ရှာဖွေဖို့ သိုင်းလောကထဲကို သုံးနှစ်စေလွှတ်တတ်တယ်'

ကျောင်းစန်းက....

'ဟုတ်ပါတယ်ဖေဖေ၊ ကျွန်တော့်ကိုလဲ အတွေ့အကြုံ ဗဟုသုတရှာဖွေပြီး သုံးနှစ်ကြာတဲ့အခါမှ သူ့ဆီကိုပြန်လာဖို့ မှာလိုက်ပါတယ်'

ကျောင်းရှောင်က....

'ရှောင်ကောင်းရဲ့ စည်းကမ်းအတိုင်း လိုက်နာနိုင်အောင် သားကြိုးစားပေတော့၊ ဒါမှ သူ့ရဲ့မိုးကြိုးလက်ဝါး သိုင်းပညာကို ဆုံးခန်းတိုင်အောင် သင်ယူလို့ ရလိမ့်မယ်'

ဖခင်၏စကားကြောင့် ကျင်းစန်း မျက်မှောင်ကြုတ်သွားလေ၏။

အကြောင်းကား....

ရှောင်ကောင်းထံမှ သိုင်းပညာကို ဆုံးခန်းတိုင်အောင် သင်ယူရရှိဖို့မလွယ်သည့် သဘောပါဝင်နေခြင်းကြောင့် ဖြစ်လေသည်။

'ဖေဖေ ဆရာ့ဆီက သိုင်းပညာကို ဆုံးခန်းတိုင်အောင် သင်လို့မရနိုင်ဘူးဆိုတဲ့သဘောလားဟင်'

ဟု မေးလိုက်လေသည်။

ကျင်းရှောင် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဖေဖေသိရသလောက်တော့ ရှောင်ကောင်းဆီမှာ တပည့်ခံယူခဲ့သူတွေဟာ ပညာတစ်ပိုင်းတစ်စနဲ့ပဲ ပြီးပြတ်သွားတတ်လို့ပဲ'

ကျင်းစန်းက....

'ဘာဖြစ်လို့လဲ ဖေဖေ'

ဟု စိတ်ဝင်စားစွာ မေးလိုက်လေသည်။



ကျင်းရှောင်က တည်ကြည်သောမျက်နှာထားဖြင့်....

'ရှောင်ကောင်းမှာ အကျင့်တစ်ခုရှိတယ်၊ သူ့ရဲ့ပညာကို သုံးပုံနှစ်ပုံ သင်ပေးတယ်၊ သိုင်းလောကထဲ အတွေ့အကြုံဗဟုသုတရှာဖို့ သုံးနှစ်စေလွှတ်လိုက်တယ်၊ သူသင်ပေးတဲ့ ပညာဟာ အစွမ်းထက်တော့ တပည့် လုပ် သူ တွေ ဟာ သိုင်းလောကမှာ ကျော်လည်ရင်း နာမည်ရလာကြတယ်၊ ကိုယ့်ကိုယ်ကို ကျေနပ်သွားကြတယ်၊ ဆရာ့ဆီကို ပြန်ကြဖို့စိတ်မကူးကြတော့ဘူး၊ တချို့လဲ အိမ်ထောင်ရက်သား ကျသွားကြတယ်၊ အတွေ့အကြုံရှာရင်း သေသွားတဲ့ လူတွေတောင်ရှိသေးတယ်၊ အင်း....ရှင်းရှင်းပြောရရင် ရှောင်ကောင်းရဲ့ တပည့်ဆိုလို့ သိုင်းလောကမှာ မရှိသလောက်ပဲ၊ သုံးနှစ်အတွေ့အကြုံရှာပြီးရင် သူ့ဆီကို ပြန်သွားနိုင်အောင် သားကြိုးစားရလိမ့်မယ်'

ကျင်းစန်းက....

'စိတ်ချပါဖေဖေ၊ ကျွန်တော် ကြိုးစားပါ့မယ်'

ကျင်းရှောင်သည် သားဖြစ်သူအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီးလျှင်....

'ကဲ... လာ ဖေဖေ့နောက်ကို လိုက်ခဲ့'

ဟု ပြောကာ ခေါ်ဆောင်သွားလေသည်။

ကျင်းစန်းကလည်း လိုက်သွားသည်။

မကြာပါချေ။

သားအဖနှစ်ယောက်မှာ ပန်းဥယျာဉ်အတွင်းသို့ ရောက်ရှိသွားကြလေတော့သည်။

*　　*　　*

ကျင်းရှောင်သည် တည်ကြည်သော မျက်နှာထားဖြင့် ရှိနေ၏။

ကျင်းစန်းက ဖခင်ဖြစ်သူနှင့် မျက်နှာချင်းဆိုင် ရပ်နေ၏။

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေကြလေသည်။

အတန်ကြာတော့မှ....

'သားရဲ့ပညာ ဘယ်လိုအခြေအနေမျိုးရှိတယ်ဆိုတာ ဖေဖေ သက်တွေ့စမ်းသပ်ကြည့်မယ်၊ သတိထားပါ'

ဟု ပြောလိုက်၏။

ကျင်းစန်းက ပင့်သက်ရှိုက်လိုက်လေသည်။

ဖခင်၏ စိတ်နေသဘောထားကိုသိသားသည့်အလျောက်....

'ကောင်းပါပြီ ဖေဖေ'



ဟု ပြောလိုက်ရလေသည်။

ကျင်းရှောင်က....

'ကဲ....ဖေဖေ့ရဲ့ လက်ဝါးတိုက်ကွက်လာပြီ၊ သတိထား'

စကားဆုံးလျှင် လက်ဝါးနှစ်ဖက်ဖြင့် စတင်တိုက်ခိုက်လိုက်လေသည်။

'ဝှီး....ဝှီး....ဝှီး'

လေတိုးသံများ ထွက်ပေါ်လာသည်။

ပြင်းထန်သော လက်ဝါးရိုက်ချက်များသည် ကျင်းစန်း၏ တစ်ကိုယ်လုံး လွှမ်းခြုံသွားလေသည်။

ကျင်းစန်းက သတိကြီးစွာထားကာ ရှောင်ကောင်း သင်ပေးလိုက်သော ပညာရပ်များကို အသုံးပြုကာ ရင်ဆိုင်လိုက်လေသည်။

သူ၏ လက်ဝါးသိုင်းကွက်များသည်လည်း ထက်မြက်လှပေတော့သည်။

သားအဖနှစ်ယောက် ထိပ်တိုက်ရင်ဆိုင် လိုက်ကြရာ ပြင်းထန်သော တိုက်ပွဲတစ်ခု ပေါ်ပေါက်လာသည်ဟု ထင်မှတ်ရလေသည်။

ကျောင်းစန်းသည် ရှောင်ကောင်းသင်ပေးလိုက်သော မိုးကြိုး လက်ဝါးသိုင်းပညာကို တစ်ကွက်ချင်း စနစ်တကျ ဖော်ထုတ် လိုက်လေသည်။

ကျောင်းရှောင်၏ လက်ဝါးသိုင်းကလည်း အစွမ်းထက်လှပေ သည်။

သို့သော်....

သူတို့သည် သိုင်းကွက် နှစ်ဆယ်ကျော်သည်အထိ တစ် ယောက်ကိုတစ်ယောက် အနိုင်ယူနိုင်ခြင်း မရှိကြချေ။

ကျောင်းရှောင် သဘောကျသွားလေသည်။

'ရပ်လိုက်'

ဟု အော်ပြောကာ လက်ဝါးကိုရုပ်သိမ်းပြီး နောက်သို့ ခုန်ဆုတ်လိုက်လေသည်။

ကျောင်းစန်းကလည်း ကပျာကယာ နောက်ဆုတ်လိုက်သည်။

တိုက်ပွဲပြီးဆုံးသွားလေသည်။

ကျောင်းစန်းက ဖခင်ဖြစ်သူအား ဦးညွတ်လိုက်ပြီး....

'ကျွန်တော်အမှားရှိရင် ခွင့်လွှတ်ပါဖေဖေ'

ဟု တောင်းပန်လိုက်လေသည်။

'ဟား...ဟား...ဟား'



ကျောင်းရှောင်က ရယ်မောလိုက်လေသည်။

'သားမှာ ဘာအမှားမှမရှိပါဘူး၊ သားရဲ့ပညာကိုဖေဖေ က စမ်းသပ်တာပဲလေ'

ကျောင်းစန်းက....

'ဖေဖေ၊ ကျွန်တော့်ပညာ ဘယ်လိုနေသလဲဟင်'

ဟု မေးလိုက်လေသည်။

ကျောင်းရှောင်က ခေါင်းညိတ်လိုက်သည်။

'သားဟာ လူငယ်လေးတစ်ယောက်ဖြစ်ပေမယ့် ထိပ်တန်း သိုင်းသမား တစ်ယောက်ထက်တောင် သာတဲ့ပညာအရည် အချင်းရှိနေပြီကွယ့်'

ကျောင်းစန်းဝမ်းသာသွားလေသည်။

သူသည် ဖခင်ထံမှ အခြေခံပညာရပ်များ သင်ခဲ့ရသည့် အပြင် ရှောင်ကောင်းထံမှ ထိပ်တန်းပညာများ သင်ခဲ့ရသည် မဟုတ်ပါလား။

ကျောင်းရှောင်က....

'သား...သုံးနှစ်အတွင်းဘာလုပ်မယ်လို့စိတ်ကူးထားသလဲ'

ဟု မေးလေသည်။

ကျောင်းစန်းက....

'ကျွန်တော်က ဆရာမှာကြားလိုက်တဲ့အတိုင်း သိုင်းလောကထဲဆင်းပြီး အတွေ့အကြုံဗဟုသုတရှာဖွေမယ်လို့ စိတ်ကူးထားပါတယ်ဖေဖေ'

ဟု ပြောလိုက်လေသည်။

ကျောင်းရှောင်က လက်ကာပြလိုက်သည်။

'သားက သိုင်းလောကထဲကို ချက်ချင်းမသွားသင့်သေးဘူးလို့ ဖေဖေထင်တယ်'

ကျောင်းစန်းက....

'ဟုတ်ကဲ့၊ ပြောပါဖေဖေ'

ကျောင်းရှောင်က...

'သား အနားယူရဦးမယ်၊ ပြီးတော့ ဖေဖေကိုယ်တိုင်သားကို ပညာအမွေပေးချင်သေးတယ်၊ ဒါကြောင့် အိမ်မှာတစ်နှစ်လောက်နေပြီးမှ သိုင်းလောကထဲကို ဆင်းစေချင်တယ်'

ဟု ပြောလေသည်။

ကျောင်းစန်းမှာ မိဘစကားကို မြေဝယ်မကျ နားထောင်သည့် သားအလိမ္မာတစ်ယောက် ဖြစ်လေသည်။

ချက်ချင်းပင် ဦးညွှတ်လိုက်ပြီး...

'ဖေဖေ့စကားကို ကျွန်တော် နာခံပါမယ်ဖေဖေ'



ဟု ပြောလိုက်လေသည်။

အမှန်အတိုင်းဆိုလျှင် ကျောင်းစန်းသည် ဖခင်၏သိုင်းပညာအမွေကို လိုလားသည်မဟုတ်ပါလား။

ကျောင်းရှောင်က....

'ကဲ...ဒီဘစ်နေ့တော့ သားအနားယူလိုက်ဦး၊ မနက်ဖြန်ကစပြီး သင်ကြားကြတာပေါ့'

ဟု ပြောလိုက်လေသည်။

ကျောင်းစန်း ဝမ်းသာနေသည်။

ဖခင်ထံမှ သိုင်းပညာတော့ ရှောင်ကောင်း၏သိုင်းပညာပါ ရရှိလိုက်ပါက ထူးချွန်ထက်မြက်သော သိုင်းသမားကောင်းတစ်ယောက် ဖြစ်လာလိမ့်မည်ဟု ယုံကြည်ထားသည်မဟုတ်ပါလား။

သိုင်းပညာ သင်ရမည့်အရေးကို တွေးမျှော်ကာ လီထင်းနှင့် လမ်းခွဲခဲ့ရသည်ကိုလည်းကောင်း၊ လမ်းခရီး၌ ကြုံတွေ့ခဲ့ရသည့် ထိတ်လန့်စရာ အဖြစ်များကိုလည်းကောင်း မေ့မေ့ပျောက်ပျောက်ဖြစ်သွားလေတော့သည်။

* * *

အတွေးနယ်

---

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားလေသည်။
ကျောင်းစန်းသည် အိမ်သို့ပြန်ရောက်လာခဲ့သည်မှာ သုံးလရှိသွားပြီ ဖြစ်လေသည်။
သုံးလအတွင်း နေ့စဉ်မပြတ် ဖခင်ကြီးနှင့်အတူ သိုင်းပညာလေ့ကျင့်ခဲ့ရလေသည်။
ကျော်းစန်းသည် သိုင်းပညာနှင့်ပတ်သက်လျှင် အလွန်လောဘကြီးသူ ဖြစ်လေသည်။
ဖခင်သင်ကြားပေးသည့် သိုင်းပညာများကို သေသေချာချာ လေ့လာမှတ်သားပြီး ကြိုးစားလေ့ကျင့်ခဲ့လေသည်။



အခြေခံပညာ ကောင်းသည့်အပြင် ရှောင်ကောင်းထံမှ ထိပ်တန်းပညာများ သင်ခဲ့ရသည်ဖြစ်ရာ ဖခင်ထံမှ သင်ယူရာ၌ အခက်အခဲမရှိတော့ဘဲ ကောင်းစွာနားလည်သဘောပေါက်ကာ သင်ကြားပေးသမျှကို အချိန်တိုအတွင်း တတ်မြောက်လာခဲ့တော့သည်။

ကျောင်းရှောင်သည် သားဖြစ်သူ၏ထက်မြက်မှုကို သဘောကျသွားလေသည်။

'သား စိတ်ရှည်ရမယ်၊ သည်းခံနိုင်ရမယ်၊ ကြိုးစားတဲ့စိတ်ရှိရမယ်၊ ပညာလိုချင်တဲ့စိတ်နဲ့ တီထွင်ကြံဆမှုရှိရင် သားဟာ တစ်နေ့ သိုင်းလောကရဲ့ ထိပ်တန်းကို ရောက်လာမှာပဲ'

ဟု ဆုံးမလိုက်လေသည်။

ကျောင်းစန်းသည် ဖခင်၏ဆုံးမစကားကို ရင်ဝယ်ပိုက်ကာ မြဲဝယ်မကျ နားထောင်သွားရန် ဆုံးဖြတ်ထားလေသည်။

ဖခင်ထံမှ သိုင်းပညာဆက်လက်သင်ယူခဲ့ပြီး သုံးလကျော်သွားသောအခါ ရှေ့ဆက်ပညာမသင်ဖြစ်တော့ဘဲ ခေတ္တခဏ ရပ်ဆိုင်းသွားရလေသည်။

အကြောင်းမှာ....

ကျောင်း ရှောင် သည် ခရီးထွက်စရာအကြောင်းကိစ္စတစ်ခု ပေါ်ပေါက်လာခြင်းကြောင့် ဖြစ်လေသည်။

ကျောင်းရှောင်က ကျောင်းစန်းအား ခေါ်ယူကာ....

'သား ကျောင်းစန်း၊ ဖေဖေ့မှာ အရေးကြီးတဲ့ကိစ္စတစ်ခု ရှိလို့ ခရီးထွက်ရလိမ့်မယ်ကွယ့်'

ဟု ပြောလေသည်။

ကျောင်းစန်းအံ့သြသွားလေသည်။

ဖခင်ဖြစ်သူသည် မှုန်မှိုင်မှ တစ်ဖဝါးမခွာဘဲ နေထိုင်ခဲ့သည်မှာ ကြာပြီမဟုတ်ပါလား။

'ဖေဖေ၊ ဘယ်ကိုသွားမလို့လဲဟင်'

ဟု လွှတ်ခနဲမေးလိုက်မိလေသည်။

ကျောင်းရှောင်က....

'ဖေဖေရဲ့ မိတ်ဆွေတစ်ယောက်ဆီကို သွားရလိမ့်မယ်၊ ဘယ်သူတယ်ဝါလဲ၊ ဘာကိစ္စလဲဆိုတာတော့ မမေးနဲ့ဦး၊ ဖေဖေပြန်လာမှပဲ အကျိုးအကြောင်း ရှင်းပြမယ်'

ကျောင်းစန်းက....

'ကောင်းပါပြီဖေဖေ၊ ဒါထက် ဖေဖေခရီးထွက်တာ ဘယ်လောက်ကြာမှာလဲဟင်'

ဟု မေးလိုက်လေသည်။

ကျောင်းရှောင် သက်ပြင်းချလိုက်လေသည်။

'အင်း....ဘယ်လောက်ကြာမယ်ဆိုတာလဲ မပြောနိုင်သေးဘူး သားရဲ့၊ တစ်လကြာချင်ကြာမယ်၊ နှစ်လကြာချင်ကြာမယ်၊ တစ်နှစ်ကြာရင်လဲ ကြာသွားနိုင်တယ်၊ သေသေချာချာ ပြောလို့မရဘူး'



ကျောင်းစန်း တွေဝေသွားလေသည်။

ဖခင်ဖြစ်သူတွင် အရေးကြီးသော ကိစ္စတစ်ခုရှိနေပြီဖြစ်ကြောင်း နားလည်လိုက်လေသည်။

ကျောင်းရှောင်က....

'ဖေဖေ ခရီးထွက်သွားတဲ့အခါမှာ သားဟာ ဖေဖေသင်ပေးခဲ့တဲ့ပညာကိုရော ရှောင်ကောင်းသင်ပေးလိုက်တဲ့ ပညာတွေပါ ကျွမ်းကျင်သည်ထက်ကျွမ်းကျင်အောင် ဆက်ပြီးလေ့ကျင့်ပါ၊ အကယ်လို့ ဖေဖေပြန်မလာနိုင်သေးဘူးဆိုရင်လဲ ယန်ဝေကို လိုအပ်တာတွေ စီစဉ်ခိုင်းပြီး သား ခရီးထွက်ချင် ထွက်နိုင်တယ်၊ သိုင်းလောက အတွေ့အကြုံရှာရမယ်လို့ ရှောင်ကောင်းက မှာထားတယ်မဟုတ်လား'

ကျောင်းစန်းခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဖေဖေ'

ကျောင်းရှောင်က....

'သား....ခရီးထွက်မယ်ဆိုရင် ဖေဖေ ပြန်မလာသေးရင် အကျိုးအကြောင်း စာရေးထားခဲ့မယ်၊ ဟုတ်ပြီလား'

ကျောင်းစန်းက....

'ကောင်းပါပြီဖေဖေ'

ကျောင်းရှောင်သည် သားဖြစ်သူအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး....

'သားဟာ တစ်နေ့ သိုင်းလောကရဲ့ အရေးအကြီးဆုံး တာဝန်ကြီးတစ်ခုကို ထမ်းဆောင်ရလိမ့်မယ်ဆိုတာ သေသေချာချာ မှတ်ထားရမယ်'

ဟု အလေးအနက် ပြောဆိုလိုက်လေတော့သည်။

* * *

တစ်ရက်။

နှစ်ရက်။

သုံးရက်။

ကျောင်းရှောင် အိမ်မှထွက်သွားသည်မှာ သုံးရက်ရှိပြီဖြစ်လေသည်။

ကျောင်းစန်းသည် သုံးရက်အတွင်း အိမ်မှာပင်နေခဲ့လေသည်။

သိုင်းပညာရပ်များကို ဆက်၍လေ့ကျင့်ခဲ့လေသည်။

သို့သော်....



အချိန်ကြာမြင့်လာသောအခါ ပျင်းရိလာလေသည်။

မြို့ထဲသို့သွားကာ လည်ပတ်လိုစိတ်များ ဖြစ်ပေါ်လာလေသည်။

ထို့ကြောင့်....

လေးရက်မြောက်သောနေ့ နံနက်ခင်းတွင် လူယုံတော်ယန်ဝေအားမှာကြားကာ မြို့ထဲသို့ထွက်လာခဲ့လေသည်။

ကျောင်းစန်းသည် မုရန်မြို့၌ မွေးဖွားကြီးပြင်းခဲ့သူဖြစ်ပါသည်။

သူ၏ဘဝတစ်သက်တာတွင် အိမ်ထဲ၌နေကာ သိုင်းပညာလေ့ကျင့်ခဲ့သည့်အချိန်ကများပြီး အရွယ်ရောက်လာပြန်လျှင် ရှောင်ကောင်းထံသို့သွားရောက်ကာ သိုင်းပညာသင်ကြားခဲ့ပြန်လေရာ မုရန်မြို့သည် သူနှင့် ခပ်စိမ်းစိမ်းဖြစ်နေပါတော့သည်။

ကျောင်းစန်းသည် မင်းလမ်းမကြီးအတိုင်း ဟိုဟိုသည်သည် ငေးမောကြည့်ရင်း လျှောက်လာခဲ့လေသည်။

မုရန်မြို့တွင် အိုးအိမ်အသစ်များ တိုးပွားလာသည်။

လူသစ်မျက်နှာစိမ်းများလည်း လာရောက်အခြေချနေထိုင်ကြ၏။

မုရန်မြို့သည် များစွာ တိုးတက်ပြောင်းလဲနေပေတော့သည်။

ကျောင်းစန်းသည် မြို့လယ်သို့ရောက်လျှင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ဝင်ကာ လက်ဖက်ရည်နှင့်မုန့်များ မှာကြားစားသောက်လိုက်လေသည်။

အမှန်တော့ သူက ဆာလောင်မွတ်သိပ်နေ၍ မဟုတ်ပါ။

မြို့လယ်ကောင်တွင် အေးအေးဆေးဆေး ထိုင်စရာနေရာတစ်နေရာရှာပြီး အနားယူကာ လေ့လာအကဲခတ်လို၍ ဖြစ်လေသည်။

ကျောင်းစန်းက လက်ဖက်ရည်တစ်ငုံသောက်ကာ မုန့်တစ်ဖဲ့စားလိုက်လေသည်။

ထို့နောက်....

လမ်းပေါ်တွင် လှုပ်ရှားသွားလာနေကြသူများအား အကဲခတ်ကြည့်လိုက်လေသည်။

လူကြီးလူငယ်၊ လူရွယ်လူလတ်၊ ယောကျာ်း၊ မိန်းမ စသည်စသည်ဖြင့် စုံလင်စွာ သွားလာလှုပ်ရှားနေကြပါသည်။

စကားသံ၊ ရယ်မောသံ၊ ဈေးသည်များ၏အသံများလည်း ကျွက်ကျွက်ညံနေသည်။

မုရန်မြို့သည် သာမန်တောမြို့လေးတစ်မြို့အဖြစ်မှ မြို့ကြီးတစ်မြို့အဖြစ်သို့ ပြောင်းလဲရန် တာစူနေသောသဘောရှိလေသည်။



ကျောင်းစန်းက စည်ကားတိုးတက်လာမှုကို သဘောကျမိသလို တစ်ဖက်ကလည်း သဘောမကျနိုင်အောင် ဖြစ်မိလေသည်။

အကြောင်းကား....

စည်ကားသိုက်မြိုက်လာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်လာသည်နှင့် လူရှုပ်လူပွေများ ဒုစရိုက်သမားများ ပေါများလာနိုင်သည် မဟုတ်ပါလား။

နှစ်ပေါင်းများစွာ အေးချမ်းတည်ငြိမ်ခဲ့သော မြို့ကလေးသည် ဒုစရိုက်သမားများကြောင့်၊ ဝိသမလောဘသားများကြောင့် မငြိမ်မသက်ဖြစ်လာနိုင်လေသည်။

ကျောင်းစန်း ငေးမောနေစဉ်မှာပင် သူတွေးနေသည့်အတိုင်း အမှန်ပင်ဖြစ်ပျက်လာသည်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရလေတော့သည်။

*

လမ်းပေါ်တွင် ရုတ်ရုတ်သဲသဲဖြစ်သွားသည်။

မိန်းကလေးတစ်ယောက်သည် အူလျားဖားလျား ပြေးလာသည်။

ထိုမိန်းကလေး၏ နောက်မှ ယောကျ်ားရင့်မာကြီးနှစ်ယောက်က ပြေးလိုက်လာကြလေသည်။

သမင်ပျိုမလေးအား ကျားဆိုးများက လိုက်လံဖမ်းဆီးနေကြသည့်သဘောမျိုး ဖြစ်ယေသည်။

လမ်းသွားလမ်းလာများ ဘေးသို့ရှဲသွားကြလေသည်။

အချို့က ကပျာကယာ ရှောင်တိမ်းပေးလိုက်ကြသည်။

မိန်းကလေးသည် တစ်စထက်တစ်စ နီးကပ်လာသော လူနှစ်ယောက်ကိုလှည့်ကြည့်ပြီး....

'ကယ်တော်မူကြပါရှင်'

ဟု ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီ တောင်းခံလိုက်လေသည်။

သို့သော်....

မည်သူကမှ ကူညီခြင်းမပြုကြပါချေ။

နောက်မှလိုက်လာသူနှစ်ယောက်သည် မိန်းကလေးအားမီ၍သွားကြလေသည်။

သူတို့သည် မိန်းကလေးအား ဖမ်းချုပ်လိုက်ကြပြီး....

'ခွေးမ....ထွက်ပြေးလို့ဘယ်ရမလဲ'



'သေသွားမယ် ဘာမှတ်သလဲ၊ အေးအေးဆေးဆေးလိုက်ခဲ့စမ်း'

ဟုအော်ငေါက်ကာ ဆွဲခေါ်သွားကြလေသည်။

'လွှတ်....လွှတ်....ကျွန်မကိုလွှတ်'

မိန်းကလေးက အော်ဟစ် ရုန်းကန်လိုက်ပါသော်လည်း လွတ်မြောက်နိုင်ခြင်း မရှိတော့ပါချေ။

ထိုလူနှစ်ယောက်၏ ဆွဲခေါ်ရာနောက်သို့ လိုက်ပါသွားရလေတော့သည်။

ကျင်းစန်းက ထိုမြင်ကွင်းကိုကြည့်ရင်း မှင်တက်မိနေ၏။

သူက မိန်းကလေးအား ကူညီလိုပါသည်။

သို့သော်....

သူကြုံတွေ့ခဲ့ဖူးသည့် ဖြစ်ရပ်တစ်ခုကြောင့် ကူညီရန် သင့်မသင့် ဝေခွဲမရဘဲဖြစ်နေ၏။

ကြုံဖူးသည့်အဖြစ်နှင့်ဆက်နွယ်ကာ လီဆင်းအား သတိရလိုက်၏။

ထိုစဉ်က....

ကျင်းစန်းမှာ မမျှော်လင့်ဘဲ အတွေးနယ်ချဲ့နေလိုက်မိလေတော့သည်။

* * *

ယခနု....

ယခနုသည် လီထင်းနှင့်ကျင်းစန်းတို့အတွက် အားလပ်ရက်ဖြစ်လေသည်။

သူတို့ သိုင်းပညာလေ့ကျင့်စရာမလိုပါချေ။

လိုအပ်သော ရိက္ခာပစ္စည်းများ ဝယ်ယူရန် တောင်ခြေမြို့ကလေးသို့ သွားရမည် မဟုတ်ပါလား။

ရှောင်ကောင်းသည် မြင့်မားသော တောင်တစ်လုံးပေါ်တွင် အိမ်ယာထူထောင်ကာ သီခြားနေထိုင်ခဲ့သူ ဖြစ်လေသည်။

ထို့ကြောင့်....

လိုအပ်သော စားနပ်ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများအား တောင်ခြေရှိ မြို့ကလေး၌ သွားရောက်ဝယ်ယူဖြည့်တင်းရလေသည်။

လီထင်းနှင့်ကျင်းစန်းတို့က ရှောင်ကောင်းထံ၌ လာရောက်ပညာသင်ကြားကြသောအခါ အကြောင်းကိစ္စရှိ၍တောင်ခြေမြို့ကလေးသို့ သွားရလျှင် သူတို့ဘာဝန် ဖြစ်လာလေသည်။

ထိုသို့ သွားရောက်ရသောနေ့မျိုးတွင် သိုင်းလေ့ကျင့်မှုမပြုရဘဲ အနားယူရတတ်ပေသည်။



လူငယ်လူရွယ်များပီပီ တောင်ပေါ်၌ သီးခြားနေရသဖြင့် လူစည်ကားသော တောင်ခြေမြို့ကလေးသို့ သွားရသောအခါ ပျော်ရွှင်မိကြသည်မှာ မဆန်းပါချေ။

ကျင်းစန်းသည် ရှောင်ကောင်းထံသို့ ရောက်လာသည်မှာ ခြောက်လခန့်သာ ရှိသေးပြီး ပထမဦးဆုံးအကြိမ် နားရက်ရသဖြင့် ပျော်ရွှင်နေမိလေသည်။

နံနက်စောစောကပင် လီထင်းနှင့်အတူ တောင်ခြေမြို့လေးသို့ ထွက်လာခဲ့လေသည်။

တောင်ခြေမြို့လေးမှာ စည်းကား သိုက်မြိုက် နေလေသည်။

လီထင်းက ဦးဆောင်ပြီး လိုအပ်သည့်ပစ္စည်းများဝယ်ယူကြလေသည်။

သို့ဖြင့်...

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားပြီး နေမွန်းတည့်ချိန်သို့ပင် ရောက်ရှိလာလေသည်။

လီထင်းက....

'ညီလေး ဗိုက်ဆာနေပြီလား'

ဟု မေးလာလေသည်။

ကျင်းစန်းက ဟန်မဆောင်နိုင်တော့ဘဲ ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ် အစ်ကိုကြီး၊ ကျွန်တော် ဗိုက်ဆာနေပြီ'

လီထင်းက....

'လာ....တို့သွားစားကြမယ်၊ ကျုပ်စားနေကျ ဆိုင်တစ်ဆိုင်ရှိတယ်'

ဟု ပြောကာ ကျင်းစန်း၏လက်ကိုဆွဲကာ ခေါ်သွားလေသည်။

ကျင်းစန်းကလည်း လိုက်ပါသွားလေသည်။

မကြာပါချေ။

လမ်းဆုံလမ်းခွရှိ လူစည်ကားသော စားသောက်ဆိုင် တစ်ဆိုင်သို့ ရောက်ရှိသွားကြလေသည်။

နှစ်ယောက်သား ဆိုင်ထဲဝင်ကာအားရပါးရ စားသောက်လိုက်ကြလေသည်။

ထိုအချိန်မှာပင်....

'ကယ်တော်မူကြပါရှင်'

စူးစူးဝါးဝါး အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။



ကျင်းစန်းသည် ခေါင်းထောင်၍ ကြည့်လိုက်ရာ မိန်းကလေးတစ်ယောက် ဒရောသောပါး ပြေးလာပြီး ခေါင်းတုံးကြီး တစ်ယောက်က နောက်မှလိုက်လာသည်ကို တွေ့လိုက်ရလေသည်။

ကျင်းစန်းက....

'ဒုက္ခပဲ'

မိန်းကလေးအတွက် စိုးရိမ်ကာ လွတ်ခနဲ ရေရွတ်လိုက်လေသည်။

လီထင်းကလည်း လှမ်းကြည့်လိုက်သည်။

သို့သော် မျက်မှောင်တစ်ချက်ကုတ်သွားပြီးဘာမှမပြောဘဲ ဆက်၍ စားသောက်နေလိုက်လေသည်။

ကျင်းစန်း မရိုးမရွ ဖြစ်သွားလေသည်။

မိန်းကလေးတစ်ယောက် ဒုက္ခရောက်နေသည်ကို တွေ့ပါလျက် လက်ပိုက်ကြည့်မနေသင့်ဟု ထင်မိသည်။

ပတ်ဝန်းကျင်ကို မသိမသာ အကဲခတ်လိုက်ရာ လူအတော်များများသည် မိန်းကလေးအား လှမ်းကြည့်နေကြသော်လည်း မည်သူကမျှ အကူအညီမပေးဘဲ နေကြသည်ကို တွေ့ရလေသည်။

ကျင်းစန်းမနေနိုင်တော့ပါချေ။

ထိုင်ရာမှဆတ်ခနဲ ထရပ်လိုက်လေသည်။

လီထင်းက သူ့အား ခေါင်းမမော့ကြည့်လိုက်သည့်တွင် ကျင်းစန်းက ဆိုင်ထဲမှ ပြေးထွက်သွားလေသည်။

ထိုစဉ်....

'အမယ်လေး'

ခေါင်းတုံးကြီးသည် မိန်းကလေးအား မိသွားပြီး လှမ်းဆွဲကာ ပါးရိုက်ချလိုက်လေသည်။

မိန်းကလေး စူးစူးဝါးဝါး အော်လိုက်လေသည်။

ကျင်းစန်း မနေနိုင်တော့ပါချေ။

'ချပ်လိုက်'

ဟု ခေါ်ကာ ခေါင်းတုံးကြီး၏ ပခုံးကို လှမ်းဆွဲလိုက်၏။

ခေါင်းတုံးကြီးသည် မိန်းကလေးအားမလွှတ်ဘဲ လက်ဆွဲထားကာ ကျင်းစန်းကို လှည့်ကြည့်လိုက်လေသည်။

ကျင်းစန်းက....

'ခင်ဗျား မတရားမလုပ်ပါနဲ့ဗျာ'

ဟု ပြောလိုက်၏။



ခေါင်းတုံးကြီးသည် ကျင်းစန်းအား မျက်လုံးပြူးကာ ကြည့်လိုက်ပြီး....

'ဟား....ဟား....ဟား'

ဟားတိုက်ရယ်မောလိုက်လေသည်။

ကျင်းစန်း မကျေမနပ် ဖြစ်သွားသည်။

'ခင်ဗျား လွှတ်မလား၊ မလွှတ်ဘူးလား'

ဟု ငေါက်လိုက်လေသည်။

ခေါင်းတုံးကြီးက....

'မလွှတ်ဘူး ဆိုရင်ကော'

ကျင်းစန်း ခံပြင်းသွားလေသည်။

'ကောင်းပြီ၊ ခင်ဗျားဒီလောက် ခေါင်းမာနေရင်တော့ မှတ်လောက်အောင် ဆုံးမရလိမ့်မယ်'

ဟုပြောကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ခေါင်းတုံးကြီးက...

'ဩော် ...တကယ့်သူရဲကောင်းကြီးတစ်ယောက်နဲ့မှလာတွေ့နေရတာကိုး၊ မင်းဘယ်လောက် အစွမ်းအစရှိသလဲ ကြည့်ရသေးတာပေါ့'

ချက်ချင်းပင် မိန်းကလေး၏လက်ကိုလွှတ်လိုက်ပြီး ကျောင်းစန်းနှင့် ရင်ဆိုင်လိုက်လေသည်။

မိန်းကလေးသည် အချုပ်အနှောင် ခံနေရရာမှ လွတ်မြောက်သွားပြီ ဖြစ်သော်လည်း ထွက်ပြေးမသွားဘဲ မလှမ်းမကမ်း၌ ရပ်ကာ အခြေအနေကို အကဲခတ်ကြည့်နေ၏။

ကျောင်းစန်းနှင့် ခေါင်းတုံးကြီးတို့ ထိပ်တိုက်ရင်ဆိုင်လိုက်ကြလေသည်။

ခေါင်းတုံးကြီးက....

'ကိုယ်နဲ့မဆိုင်ဘဲ ဝင်ရှုပ်ချင်တဲ့ကောင်လေး၊ သိကြသေးတာပေါ့'

ဟု ကြုံးဝါးကာ စတင်တိုက်ခိုက်လိုက်လေသည်။

ကျောင်းစန်းကလည်း....

'စိတ်ချ....ခင်ဗျားကို ဆုံးမမယ်'

ဟု ပြောကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ကျောင်းစန်းမှာ ဖခင်ထံမှ အခြေခံသိုင်းပညာရပ်များ သင်ယူခဲ့ရပြီး ရှောင်ကောင်းထံ၌ လာရောက် သိုင်းပညာ သင်ကြားနေသူ ဖြစ်လေသည်။

သိုင်းပညာ အသင့်အတင့် တတ်မြောက်ထားသော်လည်း တိုက်ပွဲအတွေ့အကြုံလုံးဝမရှိပါ။



ထို့ကြောင့် ကြမ်းတမ်းခက်ထန်သည့် ခေါင်းတုံးကြီးနှင့် ရင်ဆိုင်လိုက်ရသောအခါ မျှော်မှန်းသလို ဖြစ်မလာဘဲ တစ်ခဏအတွင်းမှာပင် အရေးနိမ့်သွားလေတော့သည်။

'ဝုန်း'

'ခွပ်'

'အား'

ခေါင်းတုံးကြီးသည် အသာစီးရသွားပြီး ဖိ၍ထိုးကြိတ်လိုက်လေသည်။

သိုင်းပညာတတ်ထားသောကျောင်းစန်းမှာ တိုက်ပွဲ အတွေ့အကြုံမရှိသဖြင့် ဖရိုဖရဲဖြစ်ကာ ထိုးကြိတ်ခံလိုက်ရတော့သည်။

ထိုအချိန်မှာပင်....

'သေစမ်း'

အခြေအနေစောင့်ကြည့်နေသော မိန်းကလေးက ဓားမြှောင်တစ်လက်ဆွဲထုတ်ကာ ခေါင်းတုံးကြီးအား ထိုးချလိုက်လေသည်။

မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် ခေါင်းတုံးကြီး မရှောင်နိုင်တော့ပါချေ။

'အား'

စူးရှစွာ အော်ဟစ်ကာ ဒယီးဒယိုင် ဖြစ်သွားလေသည်။

မိန်းကလေးသည် ခါးမြှောင်ကိုလွှတ်ချကာ ထွက်ပြေးသွားလေသည်။

သူမ၏အပြုအမူကြောင့် ကျင်းစန်း ကြောင်အမ်းအမ်းဖြစ်သွား၏။

ထိုစဉ်...

'ဟာ... ခါးနဲ့ထိုးပြေးပြီဟ'

'လိုက်ကြ'

'ဟိုကောင်ကိုဖမ်းထား'

အော်ဆဲဟစ်သံများ ထွက်ပေါ်လာသည်။

ပတ်ဝန်းကျင်မှလူများသည် ချက်ချင်း ဝိုင်းအုံလာကြလေသည်။

လူများသည် ခေါင်းတုံးကြီးဘက်မှရပ်တည်ကာ ကျင်းစန်းအား ရန်ပြုကြမည့်အသွင် ရှိနေကြပါတော့သည်။

ကျင်းစန်းသည် မည်သို့မျှနားမလည်နိုင်တော့ဘဲ မျက်စိသူငယ် နားသူငယ်ဖြင့် သေးအလူးလူးဖြစ်နေသော ခေါင်းတုံးကြီးအား ငေးကြည့်နေမိလေတော့သည်။

ထိုအချိန်မှာပင်....



'ညီလေး'

လီဆင်း၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

လီဆင်းသည် လူအုပ်ကိုတိုးဝှေ့ကာ ဝင်ရောက်လာသည်။ ကျင်းစန်း၏လက်ကိုဆွဲကာ လူအုပ်ကိုရင်ကော့ပြီး ရင်ဆိုင်လိုက်လေသည်။

'ဒါ...ကျုပ်ညီပဲ၊ ထိရဲတဲ့လူထိကြည့်၊ ကျုပ်နဲ့တွေ့မယ်'

ဟု ကြုံးဝါးလိုက်သည်။

ဒယီးဒယိုင်ဖြစ်နေသော ခေါင်းတုံးကြီးကိုလည်း ဂရုမစိုက်ပါ။

'လမ်းဖယ်ကြစမ်း'

ဟု အော်ငေါက်ကာ ရှေ့သို့ လှမ်းထွက်လိုက်လေသည်။

လီဆင်း၏ အပြုအမူကြောင့် လူအုပ်ကြီး ဘေးသို့ရွဲသွားကြသည်။

လီဆင်းသည် ပြောသည့်အတိုင်းလုပ်မည့် လူတစ်ယောက်အသွင်ရှိနေသည် မဟုတ်ပါလား။

လီထင်းနှင့် ကျင်းစန်းတို့သည် လူအုပ်ကြီးနှင့် ခလှမ်းကမ်းသို့ရောက်လျှင် လမ်းကြားတစ်ခုအတွင်း လှမ်းဝင်လိုက်ကြပြီး....

'မြန်မြန်လာ'

လီထင်းကပင် ကျင်းစန်း၏ လက်ကိုဆွဲကာ ပြေးလွှား သွား၏။

ကျင်းစန်းလည်း ဒရောသောပါး လိုက်သွားရလေတော့သည်။

*　*　*

'ဟောဟဲ....ဟောဟဲ'

ကျင်းစန်းမှာ မောဟိုက်လွန်းသဖြင့် ဟောဟဲလိုက်နေ၏။

လီထင်းက နဖူးပေါ်မှ ချွေးများကို သုတ်လိုက်သည်။

သူတို့သည် ပြေးလွှားလာရင်း မြို့ပြင်သို့ရောက်လာတော့မှ အရိပ်ကောင်းသောသစ်ပင်တစ်ပင်အောက်၌ အနားယူလိုက်ကြခြင်းဖြစ်လေသည်။

လီထင်းသည် အမောပြေသွားသည်နှင့်....

'တို့ သိပ်ကံကောင်းတယ်၊ ခေါင်းတုံးကြီးက သေးမြင်ပြီး တွန်လှုပ်ချောက်ချားနေလို့ပေါ့၊ နို့ မဟုတ်ရင် ညီလေးကို ရန်လုပ်မယ်ဆိုရင် မလွယ်ဘူး၊ လူအုပ်ကြီးကပါဝိုင်းလာကြမှာ သေချာတယ်'



ဟု ပြောလေသည်။

ကျင်းစန်းက....

'ကျွန်တော်က စေတနာနဲ့ ကူညီတာပါ၊ ခုတော့'

'အေး.... ညီလေးက အခြေအနေကိုမှမကြည့်ဘဲ၊ ထင်ရာ ရမ်းလုပ်တာကိုးကွ'

'ဗျာ'

ကျင်းစန်း မကျေမနပ်ဖြစ်သွားလေသည်။

'ကျွန်တော် မှားနေလို့လား အစ်ကိုကြီး'

'အေးကွ၊ မင်းမှားတာပေါ့'

'ကျွန်တော်က ဒုက္ခရောက်နေတဲ့မိန်းကလေးတစ်ယောက်ကို ကူညီဖို့ ကြိုးစားတာ မှားသလား'

ဤတွင်....

'ဟား....ဟား....ဟား'

လီထင်းက ဟားတိုက်ရယ်မောလိုက်လေသည်။

ကျင်းစန်းက....

'အစ်ကိုကြီး ဘာရယ်တာလဲဗျ'

'သဘောကျလို့လေ'

'ဟင်'

'ညီလေး၊ မင်းကကိစ္စတစ်ခုကို အပေါ်ယံကြည့်ပြီး ဆုံးဖြတ်ခဲ့တဲ့အတွက် မှားတာပေါ့၊ အဲဒီမိန်းကလေးဟာ ဘယ်သူလဲဆိုတာကော မင်းသိသလား'

ကျင်းစန်း ခေါင်းခါယမ်းလိုက်လေသည်။

'မသိဘူး'

လီထင်းက....

'အေး....မသိရင်မှတ်ထား၊ အဲဒါ အပျော်မယ်လေးတစ်ယောက်ပဲကွ'

'ဗျာ'

'အဲဒီမိန်းကလေးဟာ အပျော်မယ်လေးဆိုတာ တစ်မြို့လုံး သိကြတယ်ကွ'

ကျင်းစန်း ပါးစပ်အဟောင်းသား ဖြစ်သွားရပါတော့သည်။

လီထင်းက ဆက်၍ရှင်းပြလေသည်။

'သူဟာ ပျော်ပါးဖို့လာတဲ့လူတွေဆီက ငွေတွေကိုအလစ်သုတ်ပြီးထွက်ပြေးနေကျပဲ၊ ခုလဲ ခေါင်းတုံးကြီးဆီကငွေတွေကို အလစ်သုတ်လာတာပဲဖြစ်မယ်၊ ခေါင်းတုံးကြီးကို ဓားနဲ့တိုက်ခိုက်တာပဲကြည့်'



ကျင်းစန်း တွေဝေသွားပြီး....

'ဟုတ်ပါရဲ့၊ အဒေါ်ကိုရဲတင်းတဲ့မိန်းကလေးပဲ'

ဟု ရေရွတ်လိုက်လေသည်။

လီထင်းက...

'ဒါကြောင့် သူက ကယ်ပါယူပါ တစာစာအော်နေပေမယ့် သူ့အကြောင်းသိထားတော့ ဘယ်သူကမှ အရေးမလုပ်ကြတာပေါ့ ညီလေး၊ ဘာပဲဖြစ်ဖြစ် သေသေချာချာ စဉ်းစားလေ့လာပြီးမှလုပ်ပါ၊ မဆင်မခြင်မလုပ်ပါနဲ့၊ ကျုပ်ပြောတာကို သေသေချာချာ နားထောင်စေချင်တယ်'

ကျင်းစန်းက လီထင်းအား ကျေးဇူးတင်သောအကြည့်ဖြင့် ကြည့်လိုက်လေသည်။

'စိတ်ချပါ၊ အစ်ကိုကြီးရဲ့စကားကို ကျွန်တော် စွဲစွဲမြဲမြဲမှတ်ထားပြီး ဆင်ခြင်ပါ့မယ်ခင်ဗျာ'

ဟု အလေးအနက်ပြောလိုက်လေသည်။

* *

ကျင်းစန်း သက်ပြင်းချလိုက်လေသည်။

မည်မျှကြာအောင် အတွေးနယ်ချဲ့နေမိမှန်းမသိ။ အော်ဟစ်ကာ ပြေးလွှားသွားသည့် မိန်းကလေးနှင့် လိုက်လံဖမ်းဆီး

နေသူနှစ်ယောက်မှာ မြင်ကွင်းမှ ပျောက်ကွယ်သွားကြပြီ ဖြစ်လေသည်။

ကျင်းစန်းက လက်ဖက်ရည်ကို ကုန်အောင်သောက်လိုက်ပြီး ဆိုင်လုလင်တစ်ယောက်ကိုခေါ်ကာ ကျသင့်ငွေပေးချေလိုက်လေသည်။

ထို့နောက် ဆိုင်ထဲမှထွက်လာခဲ့လေသည်။

ဆိုင်ရှေ့သို့ရောက်လျှင် လူနှစ်ယောက်သည် မိန်းကလေးတစ်ယောက်အား ဖမ်းဆီးခေါ်ဆောင်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုမြင်ကွင်းအား လူအများကကြည့်နေကြပြီး တီးတိုးဝေဖန်ပြောဆိုနေကြလေသည်။

'တော်တော်ဆိုးတဲ့လူတွေ'

'အကြွေးမပေးနိုင်တာနဲ့ လူကို အဓမ္မသိမ်းမလို့တဲ့'

'ရှစ်ရာကောင်းလိုက်တာ၊ ထွီ...ဒီလူတွေရောက်လာမှပဲ ကျုပ်တို့မုရန်မြို့ နာမည်ပျက်တော့မယ်'

ထိုစကားသံများကြောင့် ကျင်းစန်း ခြေလှမ်းတုံ့ခနဲရပ်သွားလေသည်။

သေသေချာချာ ကြည့်လိုက်သောအခါ မကြာသေးမီက ဆိုင်ရှေ့မှ ဖြတ်ပြေးသွားသည့် မိန်းကလေးအား နောက်မှ



လိုက်သူနှစ်ယောက်က ဖမ်းဆီးရမိသွားခြင်းဖြစ်ကြောင်း တွေ့ရှိလိုက်ရလေသည်။

ထို့အပြင်....

ပြောဆိုနေသည့် စကားသံများအရ မိန်းကလေးသည် မတရားသဖြင့် အနိုင်ကျင့်ခံရကြောင်းလည်း သိလိုက်ရလေသည်။

ကျင်းစန်း စိတ်ဝင်စားလာပြီး ပို၍သေချာအောင် အနီးရှိလူတစ်ယောက်အား မေးကြည့်လိုက်လေသည်။

'ဘယ်လိုဖြစ်တာလဲဗျ'

ထိုလူလည်း အလွန်ပင် ပြောချင်နေပုံ ရလေသည်။

'ဘာဖြစ်ရမလဲ၊ သူဌေးကျောက်ဆိုတဲ့လူပေါ့၊ မုရန်မြို့ကို ပြောင်းလာတာ ငါးနှစ်လောက်ပဲ ရှိသေးတယ်၊ တစ်မြို့လုံး သူ့ရဲ့စီးပွားရေး လုပ်ငန်းတွေချည်း ဖြစ်ကုန်ပြီ၊ ငွေတိုးလဲချေးတယ်၊ နွမ်းပါးတဲ့လူတွေက မလွှဲမရှောင်သာ ငွေချေးမိပြီး ပြန်မဆပ်နိုင်ရင် ရှိတာ အကုန်သိမ်းတော့တာပဲ၊ အိမ်ယာမြေတွေမကဘူး လူကိုပါသိမ်းတာ၊ ဟို မိန်းကလေးကို ကြည့်ပါလား၊ သူဌေးကျောက်က အကြွေးနဲ့သိမ်းပြီး သူ့အိမ်မှာ အခိုင်းအစေ လုပ်ထားတာ၊ နှိပ်စက်လွန်းလို့ မခံနိုင်တာနဲ့ ထွက်ပြေးတာ ဖြစ်မှာပေါ့'

ကျင်းစန်း၏ရင်ထဲ ဒေါသထောင်းခနဲ ထသွားလေသည်။

ထိုစဉ်မှာပင်....

'ဝုန်း'

'အား'

'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျောင်းစန်း ရင်ထိတ်သွားကာ လှမ်းကြည့်လိုက်သောအခါ မိန်းကလေးအား ဖမ်းဆီးခေါ်ဆောင်သွားသည့် လူသန်ကြီးနှစ်ယောက်အား လူတစ်ယောက်က ဝင်ရောက်တိုက်ခိုက်လိုက်သည်ကို တွေ့ရလေသည်။

လူသန်ကြီးနှစ်ယောက်မှာ မရှုမလှခံလိုက်ရပြီး ထွက်ပြေးသွားကြလေသည်။

တိုက်ခိုက်မောင်းထုတ် လိုက်သူက မိန်းကလေးအား ငွေအချို့ ထုတ်ပေးပြီး....

'ကဲ... မိန်းကလေး၊ မင်းလဲ လူယုတ်မာတွေနဲ့ဝေးရာကို ပြေးပေတော့'

ဟု ပြောလိုက်လေသည်။

မိန်းကလေးသည် ငွေပေါ်ဒူးထောက်ကာ ရှိခိုးကန်တော့ပြီး ထွက်ပြေးသွားလေတော့သည်။



ကျောင်းစန်းသည် မိန်းကလေးအား ကယ်တင်လိုက်သူကို တွေ့လျှင် ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။

အကြောင်းမှာ....

ထိုလူသည် သူ၏ပညာသင်ဘက်အစ်ကိုကြီး လီထင်း ဖြစ်နေသည်မဟုတ်ပါလား။

ကျောင်းစန်း ဝမ်းသာသွားပြီး....

'အစ်ကိုကြီး'

ဟုခေါ်ကာ ပြေးသွားလိုက်လေတော့သည်။

*   *   *

## သိုင်းပြိုင်ပွဲ

မွန်းလွဲသွားပြီဖြစ်သည်။

စားသောက်ဆိုင်ထဲ၌ လူရှင်းနေ၏။

ပြတင်းပေါက်နှင့်ကပ်လျက်ရှိသော စားပွဲတစ်လုံး၌ထိုင်ကာ စားသောက်နေသူနှစ်ယောက်သာ ရှိနေတော့သည်။

ထိုလူနှစ်ယောက်မှာ ကျင်းစန်းနှင့်လီထင်းတို့ ဖြစ်ကြလေသည်။

ကျင်းစန်းက လီထင်းကိုခေါ်ဆောင်ကာ ဧည့်ခံကျွေးမွေးနေခြင်းဖြစ်ပေသည်။

သူ၏အိမ်သို့ခေါ်သော်လည်း လီထင်းက မလိုက်သဖြင့် စားသောက်ဆိုင်သို့လာခဲ့ရခြင်း ဖြစ်လေသည်။



မုချန်မြို့သို့ လီထင်းရောက်လာသဖြင့် ကျင်းစန်း အကြီးအကျယ် ဝမ်းသာနေပါတော့သည်။

ကျင်းစန်းက....

'အစ်ကိုကြီးရောက်လာလိမ့်မယ်လို့ ကျွန်တော် မထင်ခဲ့မိဘူး'

ဟု လှိုက်လှိုက်လှဲလှဲ ပြောလိုက်လေသည်။

လီထင်းက....

'အင်း....ကျုပ်က အရက်မူးပြီး ညီလေးအပေါ် ပြောဆိုခဲ့မိတာတွေကို စိတ်မကောင်းဖြစ်မိတယ်၊ ဒါပေမယ့် ကိုယ့်အဖြစ်နဲ့ကိုယ်ဆိုတော့ ရုတ်တရက် ညီလေးဆီကိုမလာဝံ့ဘူး'

'ဟာ....အစ်ကိုကြီးကလဲ ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး၊ ခုလိုဖြစ်ရတာလဲ ကျွန်တော့်အဖြစ်ကြောင့်ပါ၊ အစ်ကိုကြီးရဲ့နေရာမှာ ကျွန်တော်ရှိရင်လဲ ဒီလိုခံစားရမှာပဲ၊ အစ်ကိုကြီးကို ကျွန်တော်တောင်းပန်ပါတယ်'

ကျင်းစန်းက တောင်းပန်လိုက်လေသည်။

လီထင်း စိတ်မကောင်းဖြစ်သွားလေသည်။

'ကျုပ်ရဲ့စိတ်ထား သေးသိမ်သလောက် ညီလေးရဲ့စိတ်ထားက ဖြူစင်ပြည့်ဝလှပါပေတယ်ကွာ၊ ကျုပ်က ညီလေးကို တောင်းပန်ဖို့ လာခဲ့တာပါ'

'အစ်ကိုကြီးရယ်.... ကျွန်တော့်ကို ဘာမှတောင်းပန်နေစရာမလိုပါဘူးဗျာ'

'မဟုတ်သေးဘူး၊ ညီလေးဆီက ခွင့်လွှတ်တယ်ဆိုတဲ့စကားလေးရမှ ကျုပ် စိတ်ချောနိုင်မယ်၊ ကျုပ်ကို ခွင့်လွှတ်တယ်မဟုတ်လားဟင်'

လီထင်းသည် တောင်းပန်တိုးလျှိုးသော လေသံဖြင့် မေးလာလေသည်။

ကျောင်းစန်းက ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ....

'အစ်ကိုကြီးကို ခွင့်မလွှတ်နိုင်စရာ အကြောင်းမရှိပါဘူး၊ ခွင့်လွှတ်ပါတယ်၊ ကျွန်တော့်ရဲ့အမှားတွေကိုလဲ အစ်ကိုကြီး ခွင့်လွှတ်ရမယ်နော်'

ဟု ပြောလိုက်လေသည်။

လီထင်းက....

'ညီလေးရယ်'

ကြေကွဲစွာဖြင့် ညည်းတွားလိုက်လေသည်။

ကျောင်းစန်းက....

'ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ကြားမှာ ဘယ်လိုပြဿနာမျိုးမှ မရှိသင့်ပါဘူးဗျာ၊ ကဲ....ဒါတွေ မေ့ထားလိုက်ပါတော့၊ ကျွန်တော်တို့ ပျော်ပျော်ရွှင်ရွှင် နေကြရအောင်၊ အစ်ကိုကြီး ဒီကိုရောက်လာမှတော့ ကျွန်တော့်အိမ်ကို လိုက်ခဲ့ရမယ်နော်'



'ညီလေး'

လီထင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ကျောင်းစန်းက....

'အစ်ကိုကြီးမငြင်းပါနဲ့၊ အစ်ကိုကြီးက ကျွန်တော့်အိမ်ကို လိုက်မလည်ဘူးဆိုရင် ကျွန်တော်ဘယ်လိုမှ စိတ်ကောင်းနိုင်တော့မှာ မဟုတ်ဘူး'

ဟု အတင်းခေါ်နေသဖြင့် လီထင်း မတတ်သာတော့ပါချေ။

'ကောင်းပြီလေ၊ သွားကြတာပေါ့'

ဟု သဘောတူလိုက်ရလေတော့သည်။

ထို့နောက် စားသောက်ခ ကျသင့်ငွေပေးချေကာ နှစ်ယောက်သားဆိုင်ထဲမှ ထွက်လာခဲ့ကြလေတော့သည်။

* * *

တစ်ရက်...

နှစ်ရက်....

သုံးရက်....

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

လီထင်းမှာ ကျောင်းစန်း၏အိမ်သို့ ရောက်ရှိလာခဲ့သည်မှာ သုံးရက်ရှိသွားပြီ ဖြစ်လေသည်။

ထိုသုံးရက်အတွင်း ကျောင်းစန်းက လိုလေသေးမရှိအောင် ပြုစုခဲ့လေသည်။

လီထင်းမှာ ကျောင်းစန်း၏ ညွှံ့ဝတ်ပြုမှုကို 'အားတုံ့အားနာ ဖြစ်ရသည်အထိပင်။

သုံးရက်နေထိုင်ပြီးသွားလျှင် လီထင်းက....

'ညီလေး....ညီလေးရဲ့ ညွှံ့ဝတ်ကျေပွန်မှုဟာ အားနာစရာတောင် ကောင်းနေပါပြီ၊ ကျုပ်က ညီလေးဆီကို လာခဲ့တာဟာ ညီလေးကို တောင်ပန်ဖို့အပြင် ထိုက်ကျူးမြို့မှာကျင်းပတဲ့ သိုင်းပြိုင်ပွဲကိုသွားကြည့်မလို့ ညီလေးကို လာခေါ်တာပါ'

ဟု ပြောလေသည်။

ကျောင်းစန်းက....

'သိုင်းပြိုင်ပွဲဟုတ်လား'

ဟု မေးလိုက်လေသည်။

လီထင်းက....



'ဟုတ်တယ်ညီလေး၊ ထိုက်ကျူးမြို့စားကြီးဟာသိုင်းပညာရှင်တစ်ယောက်ဖြစ်တယ်၊ သိုင်းပညာထွန်းကားပြန့်ပွားရေးကို ဦးစားပေး အောင်ရွက်သူလဲဖြစ်တယ်၊ သူဟာ သိုင်းလောကက အထင်ကရပုဂ္ဂိုလ်တွေကိုဖိတ်ခေါ်ပြီး ထိုက်ကျူးသိုင်းပြိုင်ပွဲကို ကြီးကြပ် ကျင်းပလေ့ရှိတယ်၊ ပြိုင်ပွဲမှာ နာမည်ရှိပြီးသား သိုင်းပညာရှင်တွေကော၊ လူငယ်လူရွယ်တွေကော ဝင်ရောက် ယှဉ်ပြိုင်နိုင်အောင် စီစဉ်ပေးလေ့ရှိတယ်'

ကျောင်းစန်းက....

'အစ်တော့ကို စိတ်ဝင်စားစရာ ကောင်းမှာပဲနော်'

ဟု ပြောလိုက်လေသည်။

လီထင်းက....

'ကျုပ်က ထိုက်ကျူးပြိုင်ပွဲကိုသွားဖို့ ညီလေးကို လာခေါ်တာ'

'ဟင်'

'ညီလေးလိုက်မယ်မဟုတ်လား'

'ကျွန်တော်....'

လီထင်းက တည်ကြည်သောမျက်နှာထားဖြင့်....

'ညီလေး....တို့တစ်တွေကို သိုင်းလောက အတွေ့အကြုံရှာဖို့ရမယ်လို့ ဆရာကမှာလိုက်တယ် မဟုတ်လား၊ ညီလေးအ

အိမ်မှာပဲနေမယ်ဆိုရင် ဆရာ့စကားကို ဖယ်ရှားသလို ဖြစ်သွားမှာပေါ့'

ဟု ပြောလိုက်၏။

ကျင်စန်းသက်ပြင်းချလိုက်လေသည်။

'ကျွန်တော်လဲ သိုင်းလောက အတွေ့အကြုံရှာဖို့ စဉ်းစားထားပါတယ်'

'ဒါဖြင့်...ကျုပ်တို့ သွားရအောင်'

'ကျွန်တော်....'

'ညီလေး....ဘာတွေ စဉ်းစားနေတာလဲ'

ကျင်းစန်းက....

'ကျွန်တော့်ဖေဖေ ခရီးထွက်သွားပါတယ်၊ ဖေဖေအိမ်ကို ပြန်ရောက်လာမှပဲ သိုင်းလောကထဲဆင်းမယ်လို့ စိတ်ကူးထားတာပါ၊ ခုတော့....'

လီထင်းက....

'ညီလေးရဲ့အဖေက ဘယ်တော့ပြန်လာမလဲ'

ကျင်းစန်းက....

'ဖေဖေ ဘယ်တော့ပြန်လာမလဲဆိုတာတော့ မသေချာဘူး အစ်ကိုကြီး'



'ထိုက်ကျူးပြိုင်ပွဲက နောက်သုံးရက်နေရင် စတင်ကျင်းပတော့မှာ ဖြစ်တယ်၊ ညီလေးရဲ့အဖေကိုစောင့်နေရင် မီမယ် မစောင့်ဘူး'

ကျင်းစန်းက....

'ကောင်းပြီလေ၊ ကျွန်တော်တို့ သွားကြတာပေါ့'

လီထင်း ဝမ်းသာသွားလေသည်။

'ညီလေး လိုက်မယ်ဟုတ်လား၊ ဝမ်းသာလိုက်တာ၊ ကျုပ်တို့ ဒီကနေ့ပဲ သွားကြရအောင်'

ကျင်းစန်းက....

'ကျွန်တော် ခရီးထွက်ဖို့ ပြင်ဆင်လိုက်မယ်'

'ကောင်းပြီညီလေး'

ကျင်းစန်းသည် လူယုံတော် ယန်ဝေကိုခေါ်ကာ သူခရီးထွက်မည့်အကြောင်း ထိုက်ကျူးမြို့မှ သိုင်းပြိုင်ပွဲအား သွားကြည့်မည့်အကြောင်း ပြောပြလိုက်လေသည်။

ယန်ဝေသည် တားမြစ်ခြင်းမပြုဘဲ လိုအပ်သည်များကိုဝိစဉ့်ပေးလေသည်။

ထို့နောက်တွင်....

ကျောင်းစန်းနှင့် လီထင်းတို့သည် သိုင်းပြိုင်ပွဲ ကျင်းပမည့် ထိုက်ကျူးမြို့သို့ ဦးတည်ကာ ခရီးထွက်လာခဲ့ကြလေတော့သည်။

*　　*　　*

## အတွေ့အကြုံ

---

ထိုက်ကျူးမြို့....

ထိုက်ကျူးမြို့သည် ကျောင်းစန်း၏ဇာတိ မုရန်မြို့ထက် သုံးလေးဆမျှမကကြီးမားသော မြို့ကြီးတစ်မြို့ ဖြစ်လေသည်။

ထိုက်ကျူးမြို့တွင် သိုင်းပြိုင်ပွဲကျင်းပမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ သိုင်းသမားများ စိတ်ပါဝင်စားကြသူများ ရောက်ရှိလာကြသဖြင့် စည်ကားသိုက်မြိုက်နေပါတော့သည်။

ကျောင်းစန်းသည်လည်း လီထင်းနှင့်လိုက်လာခဲ့ရာ ထိုက်ကျူးမြို့သို့ ရောက်ရှိလာကြလေသည်။

သိုင်းပြိုင်ပွဲသည် သုံးရက်တိုင်တိုင် ကျင်းပလိမ့်မည်ဖြစ်ပါသည်။

ထို့ကြောင့်....

သိုင်းပြိုင်ပွဲကို ကြည့်ရှုခလေ့လာရန် ထိုက်ကျူးမြို့သို့ သုံးလေးရက်မျှ နေထိုင်ရမည်မှာ သေချာလှပေတော့သည်။

လီထင်းကပင်ဦးဆောင်ကာ သိုင်းပြိုင်ပွဲ ကြည့်ရှုခလေ့လာနေစဉ်ကာလတစ်လျှောက် အနားယူဘည်းခိုနိုင်ရန် တည်းခိုခန်းတွင် အခန်းငှားရမ်းနေထိုင်ဖို့ စီစဉ်လေသည်။

ထိုက်ကျူးမြို့တွင် တည်းခိုခန်းနှင့် ဧည့်ဂေဟာပေါင်း ဆယ့်လေးငါးခုမက ရှိလေသည်။

သို့သော်....

သိုင်းပြိုင်ပွဲသို့ ရောက်ရှိလာသော ဧည့်သည်များဖြင့် တည်းခိုခန်းတိုင်းလိုလို နေရာပြည့်နေပြီဖြစ်သည်။

အခန်းလွတ်မရှိတော့ပေ။

ကျင်းစန်းနှင့်လီထင်းတို့သည် တည်းခိုရန် ပထမဦးဆုံး အခက်ကြုံရလေတော့သည်။

ကျင်းစန်းနှင့်လီထင်းတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။

ကျင်းစန်းက....

'ဘယ်လိုလုပ်မလဲ အစ်ကိုကြီး'



ဟု မေးလိုက်လေသည်။

လီထင်းက....

'စိတ်မပျက်ပါနဲ့ ညီလေးရယ်၊ တို့တစ်တွေ ထိုက်ကျူးမြို့ထဲကို ဝင်လာကြတုန်းက မြို့ပြင်မှာ ဘုံကျောင်းတစ်ခု တွေ့ခဲ့တယ်မဟုတ်လား'

ကျင်းစန်းက....

'ဟုတ်ကဲ့....တွေ့ခဲ့ပါတယ် အစ်ကိုကြီး'

'အေး... အဲဒီဘုံကျောင်းမှာ အကျိုးအကြောင်း ပြောပြပြီး တည်းခိုခွင့်တောင်းရင် ရနိုင်ပါတယ်၊ စားစရာသောက်စရာတွေကတော့ ကိုယ့်ဘာသာ အဆင်ပြေသလို ကြည့်စီစဉ်ကြတာပေါ့'

ကျင်းစန်း သဘောတူလိုက်သည်။

'အစ်ကိုကြီးသဘောပဲလေ'

သူတို့သည် တည်းခိုစရာနေရာ မရနိုင်တော့သည့်နောက်ဆုံး၌ မြို့ပြင်ဘုံကျောင်းသို့သွားကာ အကူအညီတောင်းကြလေသည်။

ဘုံကျောင်းတွင် ရခေဿကြီးတစ်ပါးနှင့် သူ့တော်တစ်ပါးသာရှိသည်ကို တွေ့ရလေသည်။

ဘုံကျောင်းသည် ရှေးခေတ်ကလက်ရာဖြစ်ပြီး ကြီးမား ကျယ်ဝန်းလှပေသည်။

လူသူအရောက်အပေါက် အလွန်နည်းဟန်လည်း ရှိလေသည်။

လီထင်းက ရသေ့ကြီးအားဝတ်ပြုပြီး အခက်အခဲကို တင်ပြလိုက်သောအခါ ရသေ့ကြီးက ရွှောရွှောရှူရှူပင် ခွင့်ပြုခဲ့လေသည်။

ထို့ကြောင့်လည်း လီထင်းနှင့်ကျင်းစန်းတို့အတွက် အခက်အခဲတစ်ခု ပြေလည်သွားခဲ့ရလေတော့သည်။

*　　*　　*

နေမွန်းတည့်တော့မည် ဖြစ်လေသည်။

လီထင်းနှင့်ကျင်းစန်းတို့သည် ထိုက်ကျူးမြို့သို့ ခရီးကြမ်းနှင်လာခဲ့ကြရသဖြင့် မောပန်းနွမ်းနယ်နေကာ မြို့ပြင်ဘုံကျောင်း၌ တည်းခိုခွင့်ရသည်နှင့် စိတ်အေးလက်အေး တည်းခိုလိုက်ကြလေသည်။

ညအချိန်တွင် နှစ်ယောက်သား သိုင်းလောကအတွေ့အကြုံများကိုပြောရင်း ထိုက်ကျူးသိုင်းပြိုင်ပွဲအရေး တိုင်ပင်ဆွေးနွေးကြရင်း ညဉ့်နက်မှ အိပ်ပျော်ခဲ့ကြလေသည်။



သို့ဖြင့်....

ညဉ့်သန်းကောင်ကျော်မှ အိပ်ပျော်သွားခဲ့ကြပြီး မနက်စောစော မထနိုင်တော့ချေ။

နေအတော်မြင့်မှ အိပ်ရာမှနိုးလာကြသည်။

ရသေ့ကြီးနှင့်သူတော်တို့က သူတို့အတွက် စားသောက်ဖွယ်ရာများ စီစဉ်ကျွေးမွေးသည်ကို စားသောက်ရပြန်ပါသေး၏။

သို့ဖြင့်....

သိုင်းပြိုင်ပွဲသို့ ရောက်ရှိသွားသောအခါ နေမွန်းတည့်ချိန်ပင် ရောက်ရှိနေပြီဖြစ်ပြီး သိုင်းပြိုင်ပွဲကျင်းပနေပြီဖြစ်သည်ကို တွေ့ရလေတော့သည်။

*　　*　　*

သိုင်းပြိုင်ပွဲ။

သိုင်းပြိုင်ပွဲအား မြို့စားဂေဟာနှင့် မလှမ်းမကမ်းရှိ ကျယ်ဝန်းသော ပန်းဥယျာဉ်ကြီးအတွင်းမှ မြေကွက်လပ်တွင် ကျင်းပခြင်းဖြစ်လေသည်။

မြေကွက်လပ်အလယ်တွင် စင်မြင့်တစ်ခု ပြုလုပ်ထားပါသည်။

စင်မြင့်အရှေ့ဘက်၌ မြို့စားကြီးနှင့်တကွ အထူးဖိတ်ကြားထားသော သိုင်းလောကမှ ဧည့်သည်တော်များအတွက် ယာယီမဏ္ဍပ်တစ်ခု ဆောက်လုပ်ထားလေသည်။

ယခု....

မဏ္ဍပ်အတွင်း၌ စင်မြင့်အောက်ဘက် မြေကွက်လပ်၌ပါ ပွဲကြည့်ပရိသတ်များ၊ ပြိုင်ပွဲဝင်များဖြင့် ကျိတ်ကျိတ်တိုး စည်ကားနေပါတော့သည်။

လီထင်းနှင့်ကျင်းစန်းတို့သည် လူအုပ်ကြားမှ တိုးဝှေ့ဝင်လာခဲ့ကြလေသည်။

စင်မြင့်နှင့် မလှမ်းမကမ်းသို့ ရောက်သည်အထိ တိုးဝင်ကာ နေရာယူလိုက်ကြသည်။

သူတို့၏တိုးဝှေ့မှုကြောင့် အခြားလူများက မကျေမနပ်ဖြစ်ခဲ့ကြသည်ကို မကြားချင်ဟန်ဆောင်နေလိုက်ကြလေသည်။

လီထင်းနှင့်ကျင်းစန်းတို့ ရောက်ရှိသွားချိန်၌ စင်မြင့်ပေါ်၌ ပြိုင်ပွဲစတင်နေပြီဖြစ်လေသည်။

လူငယ်နှစ်ယောက်က ယှဉ်ပြိုင်နေကြခြင်း ဖြစ်လေသည်။

လီထင်းနှင့် ကျင်းစန်းတို့သည် ထိုယှဉ်ပြိုင်နေကြသူနှစ်ယောက်ကိုကြည့်ကာ ပြုံးမိလိုက်ကြလေသည်။

လီထင်းက....



'ညီလေး ဘယ်လိုသဘောရသလဲ'

ဟု မေးလိုက်လေသည်။

ကျင်းစန်းက ခေါင်းခါယမ်းလိုက်လေသည်။

'သူတို့ပညာမဆိုးပါဘူး၊ ဒါပေမယ့်....'

'မစွံဘူးမဟုတ်လား'

လီထင်း၏စကားကြောင့် ကျင်းစန်းက ရယ်မောလိုက်လေသည်။

လီထင်းက....

'တို့ဟာ ဆရာ့ကျေးဇူးကို ဘယ်တော့မှမမေ့ရဘူး၊ ဆရာသင်ပေးလိုက်တဲ့ပညာဟာ ဆုံးခန်းမတိုင်သေးပေမယ့် သိုင်းလောကမှာ ကောင်းကောင်းကြီး ရပ်တည်လို့ရတယ်၊ ဒါကြောင့်လဲ ဆရာက တို့ကို စိတ်ချလက်ချ စေလွှတ်လိုက်တာပေါ့'

ဟု ပြောလေသည်။

ကျင်းစန်းက....

'ဆရာ့ကျေးဇူးကို ကျွန်တော် ဘယ်လိုဘယ်တော့မှ မမေ့ပါဘူးအစ်ကိုကြီး'

ဟု ပြောလိုက်သည်။

သူသည် သုံးနှစ်ပြည့်လျှင် ဆရာဂျောင်ကောင်းထံသို့ အရောက်ပြန်သွားပြီး သိုင်းပညာဆုံးခန်းတိုင်အောင် ဆက်လက်သင်ယူရန် ဆုံးဖြတ်ထားသည်ကိုမူ မပြောဘဲနေလိုက်လေသည်။

လီထင်းက....

'ဒီပြိုင်ပွဲမှာ သိုင်းသမားကြီးတွေ ပါဝင်ကြတယ်ဆိုပေမယ့် ပြိုင်ပွဲစည်းကားအောင် အားဖြည့်ပေးတဲ့ သဘောပါ၊ တကယ်တမ်းကျတော့ လူငယ်လူရွယ်တွေသိုင်းလောကရဲ့သွေးသစ်လောင်းမယ့်လူတွေကို ဖော်ထုတ်ပေးဖို့ ရည်ရွယ်တာပဲဖြစ်တယ်၊ မြို့စားကြီးကလဲ ဆုငွေကို ထိုက်ထိုက်တန်တန် ချီးမြှင့်ထားတယ်လေ'

ဟု ရှင်းပြလေသည်။

ထိုစဉ်....

'ငှုန်း'

'အား'

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယှဉ်ပြိုင်နေကြသော လူငယ်နှစ်ယောက်အနက် တစ်ယောက်မှာ အဝေးလွင့်သွားပြီး ကျန်တစ်ယောက်က အနိုင်ရသွားသည်ကို တွေ့ရလေသည်။



တာဝန်ရှိသူတစ်ယောက်က အနိုင်ရအရှုံးစာရင်းကို ကြေညာပြီး နောက်ထပ်ယှဉ်ပြိုင်ရမည့်သူများအား ဖိတ်ခေါ်လိုက်လေသည်။

လူငယ်လူရွယ်နှစ်ယောက်က စင်မြင့်ပေါ် တက်လာပြီး ယှဉ်ပြိုင်လိုက်ကြပြန်သည်ကို တွေ့လိုက်ရလေသည်။

လီထင်းနှင့် ကျင်းစန်းတို့မှာ မျော်လင့်ချက်ကြီးစွာ လာရောက်ကြည့်ရှုကြပါသော်လည်း ပြိုင်ပွဲမှာ စိတ်ဝင်စားစရာမကောင်းသည့်အပြင် ပျင်းရိငြီးငွေ့ဖွယ် ကောင်းနေသဖြင့် စိတ်ပျက်သွားကြလေသည်။

လီထင်းက....

'ညီလေး၊ တို့ဝင်ပြိုင်ကြရင် မကောင်းဘူးလား'

ဟု ပြောလိုက်လေသည်။

ကျင်းစန်း မျက်လုံးပြူးသွားသည်။

'ကျွန်တော်တို့ ဝင်ပြိုင်မယ်ဟုတ်လား'

'ဟုတ်တယ်လေ'

'ဟာ....မဖြစ်ဘူးထင်ပါတယ်'

'ဘာကြောင့် မဖြစ်ရမှာလဲ'

ကျင်းစန်းက စိုးရိမ်သောလေသံဖြင့်...

'တော်ကြာ ဆရာဆူနေမှာစိုးရိမ်ရတယ်လေ'

ဟု ပြောလိုက်၏။

လီထင်းက ရယ်မောလိုက်လေသည်။

'ဖြစ်ရလေညီလေးရယ်၊ တို့ကိုအတွေ့အကြုံဗဟုသုတရှာဖို့ ဆရာကလွှတ်လိုက်တာ မဟုတ်လား၊ တို့တစ်တွေသိုင်းပြိုင်ပွဲမှာ ဝင်ပြိုင်တာကို ဆရာက ပိုတောင်သဘောကျဦးမှာပါ'

ကျင်းစန်းက....

'ဖြစ်ပါ့မလားအစ်ကိုကြီး'

'သိပ်ဖြစ်တာပေါ့ကွာ၊ ဘယ်လိုလဲညီလေး ဝင်ပြီး ယှဉ်ပြိုင်မယ်မဟုတ်လား'

ကျင်းစန်းက အနည်းငယ်စဉ်းစားလိုက်ပြီး....

'ကျွန်တော် မပြိုင်ချင်ဘူး'

ရှက်ရွံ့သောလေသံဖြင့် ပြောလိုက်လေသည်။

လီထင်းက....

'ညီလေး အတော်ခက်ပါလား၊ ညီလေးရဲ့ပညာနဲ့ မင်းဒီပြိုင်ပွဲကိုဝင်ရင် ပထမရနိုင်တယ်ကွ'

ဟုပြောလေသည်။

ကျင်းစန်းက....



'အစ်ကိုကြီးကော'

လီထင်းက....

'ငါလဲဝင်ပြိုင်မှာပေါ့'

ကျင်းစန်း သက်ပြင်းချလိုက်သည်။

လီထင်းဝင်ပြိုင်လျှင် သူမပြိုင်တော့ဟု ဆုံးဖြတ်လိုက်၏။

သူ့ကြောင့် လီထင်း အနှောင့်အယှက်ဖြစ်မည်ကို မလိုလားခြင်းကြောင့် ဖြစ်လေသည်။

စင်မြင့်ပေါ်၌ ယှဉ်ပြိုင်နေကြသော လူငယ်လူရွယ်များမှာ သိုင်းပညာမဆိုးကြပါချေ။

ထို့ကြောင့် သူတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဆိုပါက ဆုများ ဆွတ်ခူးကြရမည်မှာ သေချာလှပေသည်။

ကျင်းစန်းသည် တွေးတောစဉ်းစားပြီး ခေါင်းခါယမ်းလိုက်လေတော့သည်။

'ကျွန်တော်ဝင်မပြိုင်ဘူး အစ်ကိုကြီး'

'ညီလေးက....'

'ကျွန်တော် စိတ်မပါလို့ပါ အစ်ကိုကြီး'

လီထင်း သက်ပြင်းချလိုက်လေသည်။

'ကောင်းပြီလေ၊ ညီလေးဝင်မပြိုင်ဘူးဆိုရင် ကျုပ်က သွားပြီးစာရင်းပေးလိုက်မယ်'

'ကောင်းသားပဲ၊ ကျွန်တော်က အစ်ကိုကြီးကို အားပေးရမှာပေါ့'

'ဟား....ဟား....ဟား'

လီထင်းက သဘောကျစွာ ရယ်မောလိုက်လေသည်။

ထို့နောက်....

'ညီလေး ဒီမှာပဲစောင့်နေ'

ဟုပြောကာ ခပ်သွက်သွက် ထွက်သွားလေတော့သည်။

* * *

လီဆင်းသည် ပြိုင်ပွဲဝင်ရန် သွားရောက်စာရင်းပေးသွင်းနေပြီဖြစ်လေသည်။

ကျင်းစန်းတစ်ယောက်တည်း ကျန်ရစ်ခဲ့သောအခါ ဟိုဟိုသည်သည် ကြည့်လိုက်မိလေသည်။



စင်မြင့်ပေါ်မှပြိုင်ပွဲသည် သူ့အား စိတ်ဝင်စားအောင် ဆွဲဆောင်နိုင်စွမ်း မရှိပါချေ။

ကျင်းစန်းက အမှတ်တမဲ့ ငေးမောကြည့်မိလိုက်သည်နှင့် ထူးခြားမှုတစ်ခုအား တွေ့မြင်လိုက်ရလေသည်။

မလှမ်းမကမ်းတစ်နေရာ၌ အနက်ရောင်ဝတ်ဆင်ထားသော အဘွားအိုတစ်ယောက်အား တွေ့လိုက်ရခြင်းဖြစ်သည်။

ထိုအဘွားအိုသည် ကြောက်မက်ဖွယ်ကောင်းအောင် အရုပ်ဆိုး အကျည်းတန်သူ ဖြစ်နေပါတော့သည်။

'ဟင်'

အဘွားအို၏ရုပ်သွင်ကြောင့် ကျင်းစန်း ရင်ထိတ်သွားလေသည်။

နေ့ခင်းကြောင်တောင် မကောင်းဆိုးဝါး တစ်ကောင်အား တွေ့မြင်လိုက်ရသည်ဟုပင် ထင်ရသည်မဟုတ်ပါလား။

ကျင်းစန်းကြည့်နေစဉ်မှာပင် အဘွားအိုသည် မျက်နှာကို လက်ဝါးဖြင့် သပ်ချလိုက်လေသည်။

ထိုအခါ....

သူမ၏မျက်နှာကို ဇာပဝါတစ်ခုဖြင့် ဖုံးအုပ်ပြီးသား ဖြစ်သွားလေတော့သည်။

ကျင်းစန်း သက်ပြင်းချလိုက်သည်။

အဘွားအိုသည် ဇာပဝါကိုဖွင့်ကာ ပတ်ဝန်းကျင်ကိုကြည့်နေသည့် တဒင်္ဂအချိန်ကလေးမှာပင် သူမ၏ကြောက်မက်ဖွယ်ကောင်းသောမျက်နှာကို တွေ့မြင်လိုက်ရခြင်းဖြစ်ကြောင်း သတိပြုမိလိုက်လေသည်။

'ဇာပဝါအုပ်ထားသောအခါ ပင်ကိုယ်ယဉ်ရုပ်သွင်ကို တွေ့ရဖို့မလွယ်တော့ပါချေ။

ကျင်းစန်းသည် အဘွားအိုအား မဝံ့မရဲကြည့်ရင်း....

'သူဟာ စင်မြင့်ပေါ်ကသိုင်းပြိုင်ပွဲကို ကြည့်နေတာလဲ မဟုတ်ပါလား'

ထူးခြားမှုတစ်ခုကို အမှတ်မထင် သတိပြုမိလိုက်ပြန်လေသည်။

မရည်ရွယ်ပါဘဲ အဘွားအိုကြည့်နေသောနေရာကို ကြည့်လိုက်မိလေသည်။

ဤတွင်....

စင်မြင့်၏ ဝဲဘက်ထောင့်တစ်နေရာ၌ မိန်းကလေးတစ်ယောက်ရှိနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ထိုမိန်းကလေးအား တွေ့ရလျှင် ကျင်းစန်း ပါးစပ်အဟောင်းသား ဖြစ်သွားရလေတော့သည်။

အကြောင်းကား....



ထိုမိန်းကလေးသည် ရက်စက်ကြမ်းကြုတ်လှသည့် မြွေခွေး၏မြေး ကြုံလင်း ဖြစ်နေခြင်းကြောင့်တည်း။

ကြုံလင်းနှင့်မြွေခွေးတို့သည် ကျားဘီလူးနှင့်ဆိုက်ကျိုက်မှ သိုင်းသမားလေးယောက်အား သုတ်သင်ပစ်ခဲ့ကြသည်။

ယခု....

ကြုံလင်းအား ပြန်တွေ့လိုက်ရပြီဖြစ်သည်။

မြွေခွေး မည်သည့်နေရာ၌ ရောက်ရှိနေပါသနည်း။

သူတို့သည် မည်သို့သောအကြံအစည်ဖြင့် ဤပြိုင်ပွဲသို့ လာရောက်ခဲ့ကြခြင်း ဖြစ်ပါသနည်း။

ကျင်းစန်းသည် တွေးတောပြီး ရင်ထဲလေးလံလာလေတော့သည်။

စင်မြင့်ပေါ်၌ ပြိုင်ပွဲများ ဆက်လက်ကျင်းပလေသည်။

တချို့ရှုံးသွားပြီး တချို့အနိုင်ရသွားကြသည်။

တချို့ကား သရေပွဲဖြစ်သွားကြလေသည်။

လူငယ်လူရွယ်များ ယှဉ်ပြိုင်ပြီးသောအခါ ခေတ္တရပ်နားပြီး သိုင်းလောကဌ်ထင်ရှားသော သိုင်းသမားကြီးများ၏ သရုပ်ပြယှဉ်ပြိုင်ပွဲများ ကျင်းပမည်ဖြစ်လေသည်။

ထိုသိုင်းသမားကြီးများ၏ပြိုင်ပွဲကိုကြည့်ရမှ ပညာရမည်ဖြစ်ရာ ကျင်းစန်းက သည်းခံစောင့်ဆိုင်းနေလိုက်လေသည်။

လီထင်းက ကျင်းစန်းအနီးသို့ ပြန်လည်ရောက်ရှိလာလေသည်။

သူ၏မျက်နှာ ပြုံးရွှင်နေသည်။

'ညီလေးရေ ကျုပ်တော့ ကံကောင်းတာပဲ၊ လူကြီးတွေက ပြိုင်ပွဲဝင်စာရင်း ပိတ်ထားလိုက်ပြီဖြစ်ပေမယ့် ကျုပ်ကမေတ္တာရပ်ခံတာကို လက်ခံပြီး ယှဉ်ပြိုင်ခွင့် ပြုလိုက်တယ်'

ဟု ပြောလေသည်။

ကျင်းစန်း ဝမ်းသာသွားလေသည်။

'ကောင်းတာပေါ့ အစ်ကိုကြီးရယ်၊ ပထမရအောင် ယှဉ်ပြိုင်ရမယ်နော်'

လီထင်းက လက်မထောင်ပြလိုက်လေသည်။

'စိတ်ချ်ညီလေး၊ အားလုံး အံ့သြတုန်လှုပ်သွားရစေမယ်'



သူတို့နှစ်ယောက် ရယ်မောလိုက်ကြလေသည်။

အနီးပတ်ဝန်းကျင်မှ လူများက သူတို့အား လှည့်ကြည့်လာကြပါသည်။

ထိုအခါမှ လီထင်းနှင့်ကျင်းစန်းတို့ ကိုယ်ရှိန်သတ်လိုက်ကြလေသည်။

ကျင်းစန်းသည် လီထင်းက ပြိုင်ပွဲဝင်တော့မည် ဆိုခြင်းကြောင့် ကြုံလင်းနှင့် ရုပ်ဆိုးသော အဘွားအိုတို့ကိုပင် ရုတ်တရက် မေ့လျော့သွားသည်။

ထိုစဉ်....

ပြိုင်ပွဲအစီအစဉ် ကြေညာသူ၏အသံ ထွက်ပေါ်လာလေသည်။

ထိုကြေညာချက်အရ မကြာမီ သိုင်းလောကဌ် ထင်ရှားသော ရွှေဒေးသိုင်းသမားကျော်ဦးလွှနှင့် ငွေလုံသိုင်းသမားယုံသန်းတို့ သရုပ်ပြယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိလိုက်ရလေသည်။

ကျင်းစန်းတို့က စိတ်ဝင်စားစွာ စောင့်ကြည့်နေလိုက်ကြလေတော့သည်။

* * *

ရွှေခေါ်းကျောင်းလေး....

ငွေလုံယုသန်း....

ကျောင်းလေးနှင့် ယုသန်းတို့သည် ထင်ရှား ကျော်ကြားသော သိုင်းသမားကြီးများ ဖြစ်ကြလေသည်။

သူတို့သည် စင်မြင့်ပေါ်သို့ တက်လာကြပြီး သရုပ်ပြ ယှဉ်ပြိုင်ကြလေသည်။

ကျင်းစန်းတို့က စိတ်ဝင်စားစွာ ကြည့်နေကြသည်။

ထိပ်သီးသိုင်းသမားကြီးများ ဖြစ်ကြသည့်အလျောက် ကျောင်းလေးနှင့် ယုသန်းတို့၏ ပြိုင်ပွဲမှာ ပညာသားပါလှပေသည်။

ဓားကွက်ကောင်း လှံကွက်ကောင်းများကို တွေ့မြင်ရပြီး ကြည့်ရသည်မှာ အသည်းတယားယား ရှိလှပေသည်။

ပရိသတ်များသည် လွန်စွာမှပင် သဘောကျသွားကြပြီး လက်ခုပ်သြဘာပေးကာ ချီးကျူးကြလေသည်။

ကျောင်းလေးနှင့်ယုသန်းတို့သည် သိုင်းကွက်ပေါင်း သုံးဆယ်တိတိ သရုပ်ပြယှဉ်ပြိုင်ကြပြီး လျှင် တိုက်ပွဲကိုရပ်တန့်လိုက်ကြလေသည်။

အချိန်မှာ နေစောင်းသွားပြီ ဖြစ်သည်။



ကျောင်းလေးတို့၏ သရုပ်ပြပွဲပြီးသွားသည်နှင့် ပြိုင်ပွဲ၏ ပထမနေ့ကို အဆုံးသတ်လိုက်လေသည်။

ပွဲကြည့်ပရိသတ်များသည် အလျိုအလျိုပြန်ကုန်ကြသည်။

ပြိုင်ပွဲတစ်နေ့တာ ပြီးဆုံးသွားပြီဖြစ်ရာ လီထင်းနှင့် ကျင်းစန်းတို့သည်လည်း အများနည်းတူ လှည့်ပြန်လာခဲ့ကြသတော့သည်။

*  *  *

နေဝန်းနီမှာ အနောက်ဘက်၌ ငုပ်လျှိုးပျောက်ကွယ်သွားတော့မည် ဖြစ်ရလသည်။

အလင်းရောင်အားနည်းသွားပြီး အမှောင်ထုကတစ်စထက် တစ်စ အားကောင်းလာလေသည်။

တိုက်ကျူးမြို့၏ အိမ်တိုင်းလိုလို မီးထွန်းညှိလိုက်ကြပြီဖြစ်သည်။

နေဝင်ရီတရော အချိန်ရောက်သည့် ကိုင် လမ်းပေါ်တွင် သွားလာ လှုပ်ရှားနေကြသူများဖြင့် စည်ကားနေဆဲ....

သိုင်းလောကသားများစုရုံးရောက်ရှိလာတတ်သော နေရာများသည် စည်ကား သိုက်မြိုက်တတ်သလို ပြဿနာများ ဖြစ်ပေါ်နေတတ်သည် မဟုတ်ပါလား။

လီထင်းနှင့်ကျင်းစန်းတို့ကားဘုံကျောင်းသို့ မပြန်ကြသေးပါချေ။

သူတို့သည် စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်ကာ စားသောက်လိုက်ကြလေသည်။

သူတို့ တည်းခိုနေသော ဘုံကျောင်းမှရသေ့နှင့်သူတော်တို့သည် တရားကျင့်ကြံနေကြသူများဖြစ်ရာ ညစာမစားကြပါချေ။

ထို့ကြောင့်လည်း လီထင်းတို့က စားသောက်ဆိုင်တွင် ဝမ်းဗိုက်ဖြည့်တင်းလိုက်ကြခြင်းဖြစ်သည်။

သူတို့အတွက် ရသေ့ကြီးနှင့် သူတော်တို့ အလုပ်များကြမည်ကို မလိုလားကြပါချေ။

သူတို့ ဝင်ရောက်စားသောက်သောဆိုင်တွင် အခြားသော သိုင်းလောကလူငယ်လူရွယ်များ ရောက်ရှိနေကြသည်ကိုလည်း တွေ့ရလေသည်။

စားသောက်ရင်း ပြောဆိုနေကြသောစကားသံများ စီစီညံနေလေတော့သည်။



အများအားဖြင့် ပြိုင်ပွဲဝင်လူငယ်များအကြောင်းနှင့် ရွှေဓားလွှကျောင်း ငွေလှံယုသန်းတို့၏ သရုပ်ပြပွဲအကြောင်းကို ဝေဖန်ပြောဆိုနေကြခြင်း ဖြစ်လေသည်။

ကျင်းစန်းက စားသောက်ရင်း....

'ဒါထက် အစ်ကိုကြီး၊ ဘယ်တော့ပါဝင်ယှဉ်ပြိုင်ရမယ်ဆိုတာ ကျွန်တော့်ကို မပြောသေးဘူးနော်'

ဟု သတိရကာ မေးလိုက်လေသည်။

လီထင်းက....

'ဟုတ်သားပဲ၊ ညီလေးကိုတောင် ပြောမပြရသေးဘူး၊ ကျုပ်က မနက်ဖြန်ကစပြီး ပြိုင်ရမှာ ပွဲစဉ် သုံး ရောက်ရင် ချန်းစုဆိုတဲ့လူနဲ့ပြိုင်ရမှာ'

ဟု ပြောလေသည်။

ကျင်းစန်းက....

'ချန်းစုဆိုတဲ့လူကို အစ်ကိုကြီး သိသလား'

ဟု မေးလိုက်သည်။

လီထင်း ခေါင်းခါယမ်းလိုက်လေသည်။

'မသိဘူး၊ ဘယ်သူပဲဖြစ်ဖြစ် ယှဉ်ရမှာပဲ၊ ကျုပ်ဂရုမစိုက်ပါဘူး'

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်...

'ဟား... ဟား... ဟား'

ကျယ်လောင်သောရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လီထင်းနှင့်ကျင်းစန်းတို့ ကြောင်အမ်းအမ်း ဖြစ်သွားကြပြီး လှမ်းကြည့်လိုက်ကြလေသည်။

ထိုအခါ...

အပြာရောင်ဝတ်ထားသူ လူငယ်တစ်ယောက်က ရယ်မောရင်း အနီးသို့ရောက်ရှိလာသည်ကို တွေ့ရလေသည်။

ထိုလူငယ်သည် လီထင်းအားစိုက်ကြည့်ရင်း....

'ခင်ဗျားက လီထင်းလား'

ဟု မေးလာလေသည်။

လီထင်းက...

'ဟုတ်တယ်၊ မိတ်ဆွေက'

'ကျုပ်က ခင်ဗျားရဲ့ပြိုင်ဘက်ပေါ့ဗျာ'

'ဟင်'

မမျှော်လင့်သောစကားကြားလိုက်ရသဖြင့် လီထင်း အံ့ဩသွား၏။



ကျင်းစန်း ရင်ထိတ်သွားသည်။

ပြဿနာတစ်ရပ် ပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း နားလည်လိုက်မိလေသည်။

သူက လီထင်းကိုကြည့်လိုက်သည်။

လီထင်း စိတ်ထိန်းချုပ်နိုင်ပါစေဟု ဆုတောင်းမိလိုက်လေသည်။

ထိုမျှမကသေး ...

သရုပ်ပြယှဉ်ပြိုင်ခဲ့သည့် ကျောင်းလေ့နှင့်ယုသန်းတို့၏ ပြိုင်ပွဲကို ပြန်သည်မြင်ယောင်လာလေသည်။

ထိပ်တန်းသိုင်းသမားကြီးများသည် ထက်မြက်သောစွမ်းရည်ကို ထုတ်ဖော်ပြသရင်း အရေးအကြီးဆုံး အချက်တစ်ချက်ကို ဖော်ထုတ်ပြသသွားခဲ့လေသည်။

ထိုအချက်မှာ မိမိ၏စိတ်အစဉ်နှင့် မိမိအသုံးပြုသောသိုင်းကွက်များကို လိုအပ်သလိုထိန်းချုပ်နိုင်ရမည်ဖြစ်ကြောင်း ဖော်ထုတ်ပြသသွားခဲ့ခြင်း ဖြစ်လေ၏။

ထိန်းချုပ်နိုင်မှုစွမ်းအားသည် သရုပ်ပြပွဲ၏ အဓိကသင်ခန်းစာဖြစ်ကြောင်း ကျင်းစန်းက သဘောပေါက်ထားသော်လည်း လီထင်းက သတိမမူနိုင်ခဲ့ပါတကား။

လီထင်းက အပြာရောင်ဝတ်ထားသော လူငယ်ကိုကြည့်ကာ....

'မင်းက ကျုပ်နဲ့ပြိုင်မယ် ဟုတ်လား'

ဟု မေးလိုက်လေသည်။

ထိုလူငယ် ခေါင်းညိတ်လိုက်သည်။

'ကျုပ်က ပွဲဦးထွက်မှာပဲ ပြိုင်ဘက်တစ်ယောက်ကို အနိုင်ရထားပြီးပြီဗျ၊ ပြိုင်ပွဲစည်းကမ်းအရ ဒုတိယနေ့မှာ အနိုင်ရသူအချင်းချင်း ယှဉ်ပြိုင်ရမှာပဲ၊ မနက်ဖြန်ကျရင် ချုပြိုဇ်ပွဲဝင်လာတဲ့ ခင်ဗျားနဲ့ယှဉ်ပြိုင်ရမယ်ဆိုတာကို ကျုပ် သဘောမကျဘူး၊ ခင်ဗျားက ဘယ်သူနဲ့မှ မပြိုင်ရသေးဘူး၊ တစ်ပွဲနိုင်ထားတဲ့လူတစ်ယောက်ကို ယှဉ်မယ်ဆိုတော့ ရယ်စရာမကောင်းနေဘူးလား၊ ခင်ဗျားက ဘယ်လောက်တော်လို့ ပြိုင်ပွဲကြီးကြပ်သူတွေက အခွင့်အရေးပေးလိုက်တာလဲ'

သူ၏ မကျေမနပ်ချက်များကို ပြောလာလေတော့သည်။

လီထင်း မျက်မှောင်ကုတ်သွားပြီး....

'မင်းက ချန်းစုလား'

ဟု မေးလိုက်လေသည်။

အပြာရောင်လူငယ် ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်'

'လက်စသတ်တော့ ဒီလိုကိုး'



လူငယ်က အဘယ်ကြောင့် မကျေမနပ် လာရောက်ပြောဆိုနေရသည်ကို လီထင်း သဘောပေါက်သွားလေတော့သည်။

လူငယ် (ဝါ) ချန်းစုက....

'ခင်ဗျားက ဘယ်လောက်များအစွမ်းအစရှိလို့ ကျုပ်နဲ့ယှဉ်ပြိုင်ချင်ရတာလဲဆိုတာ ကျုပ်သိချင်တယ်'

ဟု မေးလာလေသည်။

လီထင်း ပခုံးတွန့်လိုက်သည်။

'မပူပါနဲ့လေ၊ မနက်ဖြန်မနက်ဆိုရင် သိရမှာပါ'

ဟု ချေပလိုက်လေသည်။

လီထင်းမှာ စိတ်ဆတ်သူဖြစ်ကြောင်း ကျင်းစန်း သဘောပေါက်ထား၏။

'အစ်ကိုကြီး ကျုပ်တို့သွားကြပါစို့'

စကားနည်းရန်စဲသဘောဖြင့် ထွက်သွားရန် တိုက်တွန်းလိုက်၏။

လီထင်းက....

'ကောင်းပြီ၊ သွားကြတာပေါ့'

ကျသင့်ငွေကို စားပွဲပေါ်တင်ကာ ထိုင်ရာမှထလိုက်လေသည်။

ချန်းစုက....

'ဒီလိုထွက်သွားလို့ ရမလား'

ချက်ချင်းလမ်းပိတ်ကာ ဟန့်တားလိုက်လေသည်။

ကျင်းစန်း မနေနိုင်တော့ပါ။

'မိတ်ဆွေ ကျုပ်တို့ကို မနှောင့်ယှက်ပါနဲ့လို့ တောင်းပန်ပါတယ်ဗျာ'

ဟု တောင်းပန်လိုက်လေသည်။

ချန်းစုက....

'ကျုပ်က နှောင့်ယှက်တာမဟုတ်ဘူး၊ ကျုပ်ကိုယှဉ်ချင်တယ်ဆိုတော့ ဘယ်လောက်အစွမ်းအစရှိသလဲ သိချင်လို့ ပြောနေတာ'

ကျင်းစန်းက....

'မနက်ဖြန်ကျရင် တွေ့ရမှာပဲမဟုတ်လားဗျာ၊ ခုတော့ ကျုပ်တို့ကို သွားခွင့်ပြုပါဦး'

ချန်းစု ခေါင်းခါယမ်းလိုက်လေသည်။

'မရဘူး၊ ကျုပ်နဲ့မယှဉ်ဘဲ ထွက်သွားလို့မရဘူး'

ဟု ခပ်ပြတ်ပြတ်ပြောလေသည်။



ချန်းစုက ရန်စနေသဖြင့် ရှောင်ထွက်သွားဖို့မလွယ်ရကား ကျင်းစန်း စိတ်ပျက်သွားလေတော့သည်။

လီထင်း၏မျက်နှာ တင်းမာသွားလေသည်။

ချန်းစုအား စိုက်ကြည့်လိုက်ပြီး....

'မင်း ဘေးဖယ်လိုက်စမ်း'

ဟု ဟောက်လိုက်လေသည်။

ချန်းစုက ရယ်မောလိုက်လေသည်။

'ခြော်...မင်းတို့ထွက်သွားချင်တယ် ဟုတ်လား၊ ကောင်းပြီ'

သူက ခြေနှစ်ဖက်ကိုခွဲကား၍ ရပ်လိုက်ပြီး....

'ငါ့ခြေထောက်အောက်က ဒူးထောက်ပြီးထွက်သွားမယ်ဆိုရင် သွားလို့ရမယ်'

ဟု ပြောလိုက်လေသည်။

သူတို့၏အဖြစ်အပျက်ကို အခြားသောစားသောက်နေသူများက သတိပြုမိကာ ဝိုင်းကြည့်လာကြပါသည်။

ချန်းစု၏စော်ကားမှုကြောင့်လည်းကောင်း၊ အများက ဝိုင်းကြည့်နေကြခြင်းကြောင့်လည်းကောင်း ကျောင်းစန်း ရှက်သွားလေသည်။

လီထင်းလည်း ဒေါပွသွားလေတော့သည်။

'ချန်းစု....မင်း ကိုယ့်ကိုယ်ကို ဒုက္ခရှာတာပဲ'

ဟု ငေါက်လိုက်သည်။

ချန်းစုက အမှုမထားဘဲ....

'ကျုပ်နဲ့မယှဉ်ဘဲ သွားလို့မရဘူး'

ဟု အကြောက်အကန် ပြောနေ၏။

လီထင်းက....

'ကောင်းပြီ....ဒီဆိုင်ထဲမှာ မကောင်းဘူး၊ အပြင်ထွက်ရအောင်'

'ဟား....ဟား....ဟား'

ချန်းစုက ရယ်မောလိုက်လေသည်။

'ကြိုက်ပြီဗျို၊ ကျုပ်တို့အပြင်သွားရအောင်'



ပြောပြောဆိုဆို ဆိုင်အပြင်သို့ ထွက်သွားလေသည်။

လီထင်းနှင့် ကျောင်းစန်းတို့လည်း လိုက်သွားကြ၏။

ဆိုင်ထဲမှအခြေအနေစောင့်ကြည့်နေသူများအနက်စိတ်ဝင်စားသူ တချို့ကလည်း လိုက်လာကြရာ ဆိုင်အပြင်ဘက်၌ စည်စည်ကားကား ဖြစ်သွားလေတော့သည်။

*           *           *

ဆိုင်အပြင်ဘက်၌ စည်ကားနေလေသည်။

လီထင်းနှင့် ကျောင်းစန်းတို့သည် ဆိုင်အပြင်ဘက်သို့ ရောက်လာကြပြီဖြစ်လေသည်။

ချန်းစုက လမ်းမပေါ်၌ မားမားမတ်မတ် ရပ်လိုက်၏။

သူ၏အသွင်သည် တိုက်ပွဲဝင်တော့မည့် စစ်သူကြီး တစ်ယောက်အသွင် ရှိနေပါသည်။

လီထင်းက....

'ညီလေး....မင်းနောက်ဆုတ်လိုက်'

ဟု ကျောင်းစန်းကိုပြောကာ ချန်းစုနှင့် ရင်ဆိုင်လိုက်လေသည်။

ကျောင်းစန်းက....

'အစ်ကိုကြီး၊ သတိထားနော်'

ပြောရင်း နောက်ဆုတ်လိုက်လေသည်။

စိတ်ဝင်စားသူများက မလှမ်းမကမ်းမှနေပြီး အကဲခတ်ကြည့်နေကြလေသည်။

လီထင်းနှင့် ချန်းစုတို့ မျက်နှာချင်းဆိုင်မိကြပြီဖြစ်သည်။

ကျောင်းစန်းက လီထင်းအား တားမြစ်ခြင်း မပြုတော့ပါချေ။

ရှိုင်းစိုင်း မောက်မာသည့်ချန်းစုအားဆုံးမသင့်သည်မဟုတ်ပါလား။

သို့မဟုတ်ဘဲ ခေါင်းငုံ့ခံနေလျှင် ဆရာဖြစ်သူ၏ဂုဏ်သိက္ခာကိုပင် ထိခိုက်သွားပေလိမ့်မည်။



လီထင်းက ချန်းစုအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး...

'မင်းကစမလား၊ ကျုပ်ကစရမလား'

ဟု မေးလိုက်လေသည်။

ချန်းစုက...

'ကျုပ်က တစ်ပွဲနိုင်ထားတဲ့ လူဆိုတော့ ခင်ဗျားကို အရေးမလုပ်ချင်ပါဘူး၊ ခင်ဗျားပဲစပါ'

ဟု ဝင့်ကြွားစွာ ပြောလေသည်။

လီထင်း ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ၊ ကျုပ်က စရမယ်ဆိုရင် သတိသာထားပေတော့'

စကားဆုံးလျှင် ချန်းစုထံသို့ ပြေးဝင်ကာ လျှပ်တစ်ပြက် တိုက်ခိုက်လိုက်လေသည်။

သူ၏လှုပ်ရှားမှုမှာ လျှပ်ပြက်သလို လျင်မြန်လှပါသည်။

ချန်းစုက ဟန်ပါပါဖြင့် သိုင်းကွက် ဖြင်နေစဉ်မှာပင် လီထင်းသည် သူ၏အနီးသို့ရောက်ရှိသွားပြီး ပါးရိုက်ချလိုက်လေတော့သည်။

'ဖြန်း'

'အား'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

ချန်းစု ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလေသည်။

နာကျင်သွားသော သူ၏ပါးပြင်ကို ယောင်ယမ်းကာ လက်ဖြင့် ပွတ်လိုက်သည်။

မျက်လုံးကြီးပြူးပြီး လီထင်းအား မယုံကြည်နိုင်စွာဖြင့် ကြည့်လေသည်။

အမြော်ကြီးပြီး မောက်မာလှသော ချန်းစုသည် ယှဉ်ပြိုင် တိုက်ခိုက်မည်ကြံရွယ်ရှိသေးသည် ပါးရိုက်ခံရကာ မရှုမလှ အရေး နိမ့်သွားသည်ကို တွေ့လိုက်ရသောအခါ....

'ဟား....ဟား....ဟား'

'ဟား....ဟား....ဟား'

လှောင်ပြောင်ရယ်မောလိုက်ကြလေတော့သည်။

ကျောင်းစန်းလည်း မနေနိုင်ဘဲ ရယ်မောလိုက်လေသည်။



လီထင်းသည် မောက်မာလှသည့် ချန်းစုအားပညာပြကာ ဆုံးမလိုက်ပြီ မဟုတ်ပါလား။

လီထင်းကမူ ရယ်မောချင်း မရှိပါချေ။

ချန်းစုအား စိုက်ကြည့်လိုက်ပြီး....

'ဘယ်လိုလဲ၊ မင်းယှဉ်ပြိုင်ချင်သေးသလား'

ဟု မေးလိုက်သည်။

'ခင်... ခင်ဗျား'

ချန်းစု ထစ်ထစ်ငေါ့ငေါ့ဖြစ်နေသည်။

လူပုံအလယ်တွင် အရှက်ကွဲသွားသဖြင့် ဒေါသ ခြောင်း ခြောင်း ထွက်သွားလေတော့သည်။

'တောက်....လူပါးဝလို့ အာလစ်ချောင်းပြီး တိုက်ခိုက်တဲ့ ကောင်ကများ'

ဟု စွပ်စွဲပြောဆိုလာလေသည်။

'ဘာ'

လီထင်း ဒေါပွသွားလေသည်။

ချန်းစုက....

'ကျုပ်က အငိုက်မခံရရင် မင်းကိုဂရုမစိုက်ဘူး'

လီထင်းက....

'ဒါဖြင့် မင်းကစပြီး တိုက်ခိုက်စမ်းပါ'

'စိတ်ချ'

ချန်းစုက ဓားမြှောင်တစ်လက် ဆွဲထုတ်လိုက်ပြီး....

'သေဖို့သာ ပြင်ထား'

ဟု အော်ငေါက်ကာ လီထင်းထံ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

ကျင်းစန်းက အေးအေးဆေးဆေးပင် လက်ပိုက်ကြည့်နေ၏။

လီထင်းသည် ချန်းစုအား ကောင်းကောင်းကြီး ဆုံးမနိုင်မည်ဟု ယုံကြည်ထားလေသည်။

သူယုံကြည်ထားသည့်အတိုင်းပင် လီထင်းက နောက်ဆုတ်ရှောင်တိမ်းခြင်းမပြုဘဲ ရှေ့တိုးကာ ရင်ဆိုင်လိုက်လေသည်။



'မင်းဘာတတ်နိုင်မှာမို့လဲ'

ဟု ငေါက်ကာ ချန်းစု၏လက်ထဲမှဓားကိုယူကာ ဓားကိုင်ထားသောလက်ကို လိမ်ချိုးလိုက်လေသည်။

'ဖြောင်း'

'အား'

အထိတ်တလန့်အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

ချန်းစု၏လက်ထဲမှဓားသည် လီထင်း၏လက်ထဲသို့ ရောက်သွားလေသည်။

လီထင်း၏ လက်လိမ်ချိုးမှုကြောင့် ချန်းစု၏လက်တစ်ဖက် သွင်သွင်ကျိုးသွားလေတော့သည်။

ချန်းစုဒူးဒယိုင်ဖြင့် နောက်ဆုတ်လိုက်လေသည်။

လီထင်းက....,

'ဒူးထောက်လိုက်စမ်း'

ဟု ငေါက်ကာ ချန်းစု၏ဝဲဘက်ဒူးဆစ်အား ခြေထောက်ဖြင့် လှမ်းကန်လိုက်လေသည်။

'ဖြောက်'

'အား'

ချန်းစုမှာ ချက်ချင်းပင် မြေပေါ်ဒူးထောက်ကျသွားလေသည်။

ရှေ့သို့ဟပ်ထိုးလဲကျမသွားစေရန် လက်နှစ်ဖက်ဖြင့် မြေပေါ်ထောက်ထားလိုက်သဖြင့် ကုန်းကုန်းကွကွကြီးဖြစ်သွားသည်။

လီထင်းက ရယ်မောလိုက်လေသည်။

'ကျုပ်ကို စော်ကားမော်ကားပြောခဲ့တာတွေကို ရှိခိုးတောင်းပန်စရာမလိုပါဘူး၊ ကျုပ်ကခွင့်လွှတ်ပါတယ်'

ဟု ပြောလိုက်သည်။

သူ၏စကားကြောင့်....

'ဟား....ဟား....ဟား'

'ဟား....ဟား....ဟား'

ဝိုင်းကြည့်နေသူများက ရယ်မောလိုက်ကြလေသည်။



ကျင်းစန်း သက်ပြင်းချလိုက်သည်။

ချန်းစု၏လုပ်ရပ်မှာ လွန်သည်မှန်သော်လည်း လီထင်းက အနိုင်ယူနိုင်မှန်းသိပါလျက် ထိခိုက်အနာတရဖြစ်အောင် တိုက်ခိုက်လိုက်ရန် မသင့်ဟု ယူဆမိလေသည်။

သို့သော် ဘာမှမပြောဘဲ နေလိုက်လေသည်။

ရယ်သံများဖြင့် ပွဲကျနေသည်ကိုလည်း စိတ်ပျက်သွား၏။

ကျင်းစန်း ကပျာကယာနောက်ဆုတ်လိုက်သည်။

ထိုစဉ်....

'မိုးလေသိုင်းကွက်က မဆိုးပါလား'

တိတိုးစကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ကျင်းစန်း ရင်ထိတ်သွားသည်။

လီထင်းက ချန်းစုအား ရှောင်ကောင်းသင်ကြားပေးသည့် မိုးကြိုးလက်ဝါးသိုင်းပညာမှ မိုးလေသိုင်းကွက်ကို အသုံးပြုကာ အနိုင်ယူလိုက်ခြင်း မဟုတ်ပါလား။

မိုးလေသိုင်းကွက်အကြောင်းကို သိထားသူမှာ ဖေခဲ့သူမဖြစ်နိုင်ဟု ယုံကြည်လိုက်မိလေသည်။

ကျင်းစန်း ကမျာကယာ လှမ်းကြည့်လိုက်၏။

ထိုအခါ...

ဆိုင်ရှေ့မှလှည့်ထွက်သွားသော အဘွားအို တစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

ထိုအဘွားအိုကိုမြင်လျှင်....

'ဟင်'

ကျင်းစန်း လွတ်ခနဲရေရွတ်လိုက်လေသည်။

အကြောင်းကား....

ထိုလှည့်ထွက်သွားသော အဘွားအိုမှာ ပြိုင်ပွဲစင်မြင့်အနီး၌ တွေ့ခဲ့ရသော ရုပ်ဆိုးအဘွားအို ဖြစ်နေသည် မဟုတ်ပါလား။

ထိုအဘွားအိုသည် မည်သူဖြစ်ပါသနည်း။

အဘယ်ကြောင့် မိုးလေသိုင်းကွက်အကြောင်း သိထားရပါသနည်း။



ကျင်းစန်း အကဲခတ်ကြည့်နေစဉ်မှာပင် အဘွားအိုသည် လမ်းကြားတစ်ခုအတွင်းသို့ တိုးဝင်ကာ မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

* * *

ချန်းစုသည် အကြီးအကျယ်အရှက်ကွဲသွားပြီဖြစ်လေသည်။

သူ၏မျက်နှာသည် သဖန်းသီးမှည့်ပမာ ညိုပုပ်ပုပ်ဖြစ်နေသည်။

ကမျာကယာထရပ်လိုက်ပြီး....

'မင်း သတိထား၊ ဒီကနေ့ကိစ္စအတွက် မင်းကို ဘယ်တော့မှ မကျေဘူးဆိုတာ မှတ်ထား'

ဟု ကြုံးဝါးလိုက်လေသည်။

ထို့နောက် ခြေတော့နင်းတော့နင်းဖြင့် ပြေးထွက်သွားတော့၏။

တဝါးဝါးတဟားဟားရယ်မောသံများက သူ၏နောက်သို့ လိုက်ပါသွားလေသည်။

'ကောင်းတယ်၊ ကြီးကျယ်တဲ့လူကို ဒီလိုဆုံးမရမယ်'

'မိတ်ဆွေလေးက တယ်တော်ပါလား'

'ကောင်းလိုက်တဲ့ သိုင်းကွက်တစ်ကွက်ကို အသုံးပြုနိုင်ခဲ့တာပဲ၊ ချီးကျူးပါတယ်ဗျာ'

လီထင်းအား ချီးကျူးပြောဆိုသောစကားသံများလည်း ထွက်ပေါ်လာလေသည်။

လီထင်း၏မျက်နှာတစ်ခုလုံး ပြုံးရွှင်နေတော့သည်။

ကျင်းစန်းဘက်သို့လှည့်ကာ....

'လာညီလေး'

ပြောပြောဆိုဆို ဆိုင်ထဲပြန်ဝင်ရန် ဟန်ပြင်လိုက်လေသည်။

ကျင်းစန်းက....

'အစ်ကိုကြီး ဘာလုပ်မလို့လဲ'

လီထင်းက....



'တို့စားသောက်လို့မပြီးသေးဘူးလေ၊ ပြီးတော့ ဟောဒီက မိတ်ဆွေတွေကိုလဲ ကျွေးမွေးပြုစုရဦးမယ်မဟုတ်လား'

သူ့အား ချီးကျူးခဲ့သူများအား လက်ငွေ့ယမ်းကာ ပြောလိုက်လေသည်။

ဤတွင်....

'ဟေး....ဒါမှသူရဲကောင်းလေးကွ'

'ကျုပ်တို့ကလဲ မိတ်ဆွေလေးနဲ့ မိတ်ဖွဲ့ချင်ပါတယ်ဗျာ'

'ကျုပ်တို့ပဲ မိတ်ဆွေလေးကို ဧကာခံပြီးပြုစုပါ့မယ်'

ဝိုင်းကြည့်နေသူများက တစ်ယောက်တစ်ပေါက် ပြောလာကြသည်။

လီထင်းက ရိပ်မိသဖြင့်....

'လာပါကွ၊ ဆရာက အတွေ့အကြုံဗဟုသုတရှာရမယ်လို့ ပြောထားတယ်မဟုတ်လား၊ ဒါဟာ တို့အတွက်အတွေ့အကြုံပဲပေါ့'

ဟုပြောလေသည်။

ကျင်းစန်းက....

'အစ်ကိုကြီး ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ၊ ကျွန်တော် ခေါင်းမူးနေလို့ပါ'

ဟု တောင်းပန်လိုက်လေသည်။

လီထင်းက....

'ဒါဖြင့် ညီလေး ဘယ်လိုလုပ်မလဲ'

'တုံကျောင်းကို ပြန်နှင့်မယ်လေ'

'ညီလေး ခဏလောက်တောင် မနေနိုင်ဘူးလား'

'ကျွန်တော် တကယ့်ကို ခေါင်းမူးနေလို့ပါ'

လီထင်း သက်ပြင်းချလိုက်သည်။

ယနေ့ည သူ၏အောင်မြင်မှုအပေါ်တွင် သာယာယစ်မူး သွားပုံရ၏။

'ကောင်းပြီလေ၊ ညီလေး ပြန်ချင်တယ်ဆိုရင်လဲ ပြန်နှင့်ပေါ့၊ ကျုပ်လိုက်လာခဲ့မယ်၊ ဟုတ်ပြီလား'

ဟု ပြောလိုက်လေသည်။

ကျင်းစန်းက....



'ဒါဖြင့် ကျွန်တော်သွားမယ်'

လီထင်းက ခေါင်းညိတ်ပြလိုက်လေသည်။

ကျင်းစန်းသည် လီထင်းအားနှုတ်ဆက်ကာ ထွက်လာခဲ့လေတော့သည်။

* * *

## ရှပ်ဆိုးအဘွားအို

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

ညသည် တဖြည်းဖြည်း မှောင်မိုက်လာလေသည်။

ကျင်းစန်းသည် လီထင်းအကြောင်းကိုတွေးရင်း ခြေလှမ်းမှန်မှန်ဖြင့်လျှောက်လာခဲ့ရာ မြို့ပြင်သို့ရောက်မှန်းမသိ ရောက်ရှိလာ၏။

မြို့ပြင်ရောက်လျှင် မလှမ်းမကမ်း၌ တောင်ကုန်းလေးတစ်ခုရှိနေပြီး ထိုတောင်ကုန်းလေးပေါ်မှ မီးရောင်များထွက်ပေါ်နေသည်ကို တွေ့ရလေသည်။

ကျင်းစန်း သက်ပြင်းချလိုက်သည်။



'ရသေ့ကြီးနဲ့သူတော်တို့ မအိပ်ကြသေးဘဲကိုး'

ဟု စိတ်ထဲရေရွတ်လိုက်လေသည်။

သူတော်သည် သူတို့ပြိုင်ပွဲသွားကြည့်သည်ကို သိနေသဖြင့် မိုးချုပ်သည့်တိုင် စောင့်နေခြင်းဖြစ်ထည်ဟု နားလည်ထားလေသည်။

ထို့ကြောင့် အားတုံ့အားနာဖြစ်သွားပြီး ခပ်သွက်သွက်လှမ်းသွားလိုက်လေသည်။

မကြာပါချေ။

ဘုံကျောင်းဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားလေသည်။

ဘုံကျောင်းအဝင်တံခါးမကြီး ဟာလာဟင်းလင်း ဖွင့်ထားပါ၏။

မီးရောင်များသည် အပြင်ဘက် ကျောက်လှေကားထစ်များပေါ်သို့တိုင် ဖြာကျနေသည်။

လူသံသူသံမကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ကျင်းစန်းက ကျောက်လှေကားထစ်များကိုဖြတ်ကျော်ကာ ဘုံကျောင်းအတွင်း လှမ်းဝင်လိုက်လေသည်။

ထိုအခါ....

ဘုံကျောင်း၏ဧည့်ခန်းတွင် ငြိမ်သက်စွာထိုင်နေကြသော သူတော်နှင့်ရသေ့ကြီးတို့အား တွေ့လိုက်ရလေသည်။

ကျင်းစန်း ခြေလှမ်းရပ်သွားလေသည်။

သူတော်နှင့်ရသေ့ကြီးတို့၏အသွင်မှာ ယခုညအဖို့ ထူးထူးခြားခြားရှိနေကြောင်းလည်း သတိပြုမိလိုက်လေသည်။

'သူတို့ကိုကြည့်ရတာ ထူးဆန်းတယ်'

ဟုတွေးကာ မလှမ်းမကမ်းသို့သွားပြီး ဒူးထောက်ချလိုက်သည်။

'တပည့်တော်ပြန်လာပါပြီ၊ မိုးချုပ်သွားတာကို ခွင့်လွှတ်ဖို့တောင်းပန်ပါတယ်'

ဟု ပြောလိုက်လေသည်။

ရသေ့ကြီးနှင့်သူတော်တို့သည် တင်ပျဉ်ခွေကာ မျက်နှာချင်းဆိုင် ထိုင်နေကြခြင်းဖြစ်လေသည်။

ကျင်းစန်းရောက်လာသဖြင့် မျက်လုံးဖွင့်ကာ ကြည့်လိုက်ကြ၏။



ရသေ့ကြီးက အသိအမှတ်ပြုသည့်သဘောဖြင့် ခေါင်းညိတ်ပြလေသည်။

သူတော်က....

'သူငယ် မင်းရဲ့အဖော်ကော'

ဟု မေးလာလေသည်။

ကျင်းစန်းက....

'သူက စားသောက်လို့မပြီးသေးတာကြောင့် ကျန်ခဲ့ပါတယ်၊ မကြာခင် လိုက်လာပါလိမ့်မယ်'

ဟု ပြောပြလိုက်လေသည်။

သူတော်က....

'ကောင်းပြီ၊ မင်း သွားပြီးအနားယူလိုက်ပါတော့'

'ဟုတ်ကဲ့ခင်ဗျာ'

ကျင်းစန်းက ထွက်သွားရန်ဟန်ပြင်လိုက်လေသည်။

'ခဏ'

ရသေ့ကြီးက ဟန့်တားလိုက်၏။

ကျင်းစန်းက လှည့်ကြည့်လိုက်သောအခါ ရသေ့ကြီးသည် သူ့အား စူးရှသောမျက်လုံးများဖြင့် ကြည့်နေသည်ကို တွေ့ရလေသည်။

ကျင်းစန်း ရင်ထိတ်သွား၏။

ထိုရသေ့ကြီးနှင့်သူတော်တို့သည် ထူးခြားသူများဖြစ်သည်ဟုလည်း ပထမဆုံးအကြိမ် သဘောပေါက်လာလေသည်။

ရသေ့ကြီးက....

'မင်းကိုပြောစရာရှိလို့ ခဏလာပါဦး'

'ဟုတ်ကဲ့'

ကျင်းစန်းက ရသေ့ကြီးလှမ်းခေါ်သည်တွင် ချက်ချင်းလှမ်းသွားလိုက်လေသည်။

ရသေ့ကြီးက....

'ကျုပ်က မင်းကို မပြောမဖြစ်လို့ ပြောရလိမ့်မယ်'

'ဟုတ်ကဲ့... ပြောပါခင်ဗျာ'



'မင်းတို့ကို ဆက်ပြီးလက်မခံနိုင်တော့ဘူးကွယ့်'

'ဗျာ'

'မင်းတို့နှစ်ယောက် ညတွင်းချင်းပဲ ထွက် သွား ရ လိမ့်မယ်'

ကျင်းစန်းသည် ကြားလိုက်ရသောစကားကြောင့် အံ့သြဆုံးအောင် ဖြစ်သွားရတော့သည်။

သူတို့အား ကြည်ကြည်ဖြူဖြူ လက်ခံခဲ့သော ရသေ့ကြီးသည် အဘယ်ကြောင့် ညတွင်းချင်းထွက်သွားရန်မောင်းထုတ်ရပါသနည်း။

ကျင်းစန်း စိတ်မကောင်းဖြစ်သွားပြီး....

'ကျွန်တော်တို့ ဘယ်လိုအပြစ်များ လုပ်မိလို့လဲခင်ဗျာ'

ဟု မေးလိုက်လေသည်။

ရသေ့ကြီး ခေါင်းခါယမ်းလိုက်လေသည်။

'မင်းတို့ ဘာအပြစ်မှ မလုပ်ပါဘူး၊ ဒါပေမယ့် ဒီနေရာမှာ ဆက်နေဖို့မသင့်လျော်တော့လို့ပါ'

သူတော်က....

'ဟုတ်တယ်ကွယ်၊ ကျုပ်က မင်းတို့ကို ခမောင်းမထုတ်ချင်ပါဘူး၊ ဒါပေမယ့် ပြဿနာပေါ်ပေါက်လာရင် မသိမဆိုင်မှင်းတို့ပါ ဒုက္ခရောက်သွားမှာ စိုးရိမ်လို့ပါ'

'ဗျာ'

ယခု....

ရသေ့ကြီးနှင့်သူတော်တို့၏ထူးခြားနေမှုမှာပြဿနာတစ်ခုဖြစ်ပေါ်လာနိုင်ခြင်းကြောင့် ဖြစ်ကြောင်း၊ သဘောပေါက်လာမိတော့သည်။

ရသေ့ကြီးတို့သည် မည့်သို့သော ပြဿနာမျိုးနှင့် ကြုံတွေ့နေရပါသနည်း။

ကျောင်းစန်း စိတ်ဝင်စားလာပြီး....

'ဦးမင်းတို့ ဘယ်လိုအခက်အခဲမျိုး ကြုံတွေ့နေရလို့ပါလဲခင်ဗျာ၊ ကျွန်တော်ကူညီနိုင်ရင် ကူညီပါရစေလား'

ဟု မေးလိုက်မိလေသည်။

သူတော်က...

'ကျုပ်တို့ဟာ....'



တင်စိုတစ်ခုပြောရန် ဟန်ပြင်လိုက်စဉ် ရသေ့ကြီးက ဟန့်တားလိုက်လေသည်။

'သူတော်...မှဆိုင်တဲ့လူတွေ ထွက်သွားတာအကောင်းဆုံးပါပဲ'

သူတော်သက်ပြင်းချလိုက်လေသည်။

ကျောင်းစန်းအား စိုက်ကြည့်ကာ....

'ဟုတ်တယ်...မင်းထွက်သွားတာ အကောင်းဆုံးပဲ'

ဟု ပြောလိုက်၏။

ကျောင်းစန်း မကျေမနပ်ဖြစ်သွားလေသည်။

'ကျွန်တော်က....'

သူ့စကားဆုံးအောင် မပြောလိုက်ရပါ၊ ရသေ့ကြီးက လက်ကာပြကာ ဟန့်တားလိုက်ခြင်းကြောင့် ဖြစ်လေသည်။

ကျောင်းစန်း စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွား၏။

ရသေ့ကြီးတို့အားကြည့်လိုက်သောအခါတစ်စုံတစ်ခုအားနားစွင့်နေကြသည့်အသွင် ရှိနေသည်ကို တွေ့မြင်လိုက်ရသေသည်။

ကျင်းစန်း ကြောင်အမ်းအမ်းဖြင့် နားစွင့်လိုက်မိ၏။

ထိုအခါ....

အဝေးမှ ပြေးလွှားလာနေကြသော အသံများကိုသဲ့သဲ့ ကြားလိုက်ရလေသည်။

ရသေ့ကြီးနှင့် သူတော်တို့ လှုပ်လှုပ်ရှားရှားဖြစ်သွားကြပါသည်။

'လာနေပြီ'

ရသေ့ကြီးက ပြောလိုက်သည်။

သူတော် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်....ကျုပ်တို့ဒီမှာ ဇာတ်မြှုပ်နေတာကို ဘယ်က ဘယ်လို သတင်းရသွားသလဲ မသိဘူး'

ရသေ့ကြီးက....

'ဒါပေါ့လေ၊ ကိုယ့်ကိုယ်ကိုတော့ လုံလုံခြုံခြုံထင်တာပေါ့၊ ဒါပေမယ့် သတိမထားမိတဲ့ ချို့ယွင်းချက်တွေ ရှိသေးတာပဲ မဟုတ်လား'



သူတို့သည် ကျင်းစန်းအား ပြိုင်တူ ကြည့်လိုက်ကြလေသည်။

တစ်ဖန် သူတော်က....

'သူငယ်....မင်းထွက်သွားဖို့ အချိန်မီသေးတယ်၊ မြန်မြန် ထွက်သွားပါတော့'

ဟု ပြောလေသည်။

ရသေ့ကြီးက ခေါင်းခါယမ်းလိုက်သည်။

'ခုမှတော့ ထွက်သွားလို့လဲရမှာ မဟုတ်တော့ဘူး၊ သူတို့ တွေ့ရင် ကြားကအချောင်အသက်ခံရဖို့ပဲရှိတယ်၊ ဒီမှာသူငယ် မင်းက အခန်းထဲဝင်ပုန်းနေလိုက်ပါ၊ ကျုပ်တို့ဘာပဲဖြစ်ဖြစ် မင်းထွက်မလာရဘူး'

ဟု မှာကြားလိုက်လေသည်။

ကျင်းစန်း ငိုင်နေ၏။

သူတော်က....

'သူငယ်....ကျုပ်တို့က မင်းတို့ကိုလက်ခံခဲ့တဲ့ ကျေးဇူးကို နားလည်တယ်ဆိုရင် ရသေ့ကြီးရဲ့စကားကို နားထောင်သင့်တယ်'

ဟု ပြောခဲ့လေသည်။

ကျင်းစန်း သက်ပြင်းချလိုက်လေသည်။

ရသေ့ကြီးတို့က အကြောင်းမရှိဘဲ ရှောင်ခိုင်းမည်မဟုတ်သည်ကို နားလည်သဘောပေါက်မိရကား....

'ကောင်းပါပြီခင်ဗျာ၊ ကျွန်တော်သွားပါတော့မယ်'

ဟု ပြောလိုက်သည်။

သူက ပုန်းအောင်းနေခြင်းမပြုဘဲ ဘုံကျောင်းမှ ထွက်သွားရန် ဟန်ပြင်လိုက်ခြင်း ဖြစ်လေသည်။

ရုတ်တရက်....

'မင်း ဘယ်သွားမလို့လဲ'

သူတော်က ခေါ်လိုက်သည်။

ထိုင်ရာမှ ဆတ်ခနဲခုန်ထလိုက်ပြီး ကျင်းစန်း၏လက်မောင်းကို လှမ်းဆွဲလိုက်လေသည်။

'ဟင်'



မမျှော်လင့်ဘဲ ခံလိုက်ရခြင်းကြောင့် ကျင်းစန်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

သူတော်သည် သာမာန်လူတစ်ယောက်မဟုတ်ဘဲ သိုင်းပညာတတ်မြောက်ထားသူတစ်ယောက် ဖြစ်နေသည် မဟုတ်ပါလား။

သူတော်သည် ထိပ်တန်းအဆင့်ရှိသိုင်းသမားတစ်ယောက်ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

သူတော်က....

'မင်းကိုတွေ့သွားရင် အသက်ပစ်လိမ့်မယ်၊ ဘုံကျောင်းထဲမှာပဲ ပုန်းနေပေတော့'

ဟု ပြောလိုက်သည်။

ကျင်းစန်း၏ ပခုံးပေါ်မှ သွေးကြောတစ်နေရာကို လက်ညှိုးဖြင့် ထောက်ချလိုက်လေသည်။

'အင့်'

ကျင်းစန်း မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် ရှောင်တိမ်းနိုင်စွမ်းမရှိတော့ဘဲ သွေးကြောပိတ် ခံလိုက်ရလေတော့သည်။

သူတော်သည် ကျောင်းစန်းအား ဆွဲယူကာ ဘုံကျောင်း ဆောင့်တစ်နေရာရှိ အမှောင်ရိပ်ထဲသို့ ပစ်သွင်းလိုက်၏။

'ဝုန်း'

ကျောင်းစန်းမှာ အမှောင်ရိပ်ထဲရောက်ရှိသွားကာ မလှုပ် မယှက် ဖြစ်သွားလေတော့သည်။

ထိုစဉ်မှာပင်....

'ဟား....ဟား....ဟား'

ကျယ်လောင်သော ရယ်မောသံများ ထွက်ပေါ်လာပြီး ဘုံကျောင်းထဲသို့ လူတစ်ယောက်ဝင်လာသည်ကို တွေ့မြင် လိုက်ရလေတော့သည်။

* * *

ရယ်မောသံသည် ငှက်ဆိုးတိုးသံပမာ စူးရှကျယ်လောင် စွာ ထွက်ပေါ်လာလေသည်။

လူတစ်ယောက်သည် ရယ်မောရင်း ဘုံကျောင်းအတွင်းသို့ လှမ်းဝင်လာလေသည်။

ထိုလူကိုမြင်လျှင် ကျောင်းစန်း ထိတ်လန့်သွားလေတော့ သည်။



အကြောင်းမှာ....

ထိုလူသည် အလွန်ရက်စက်ကြမ်းကြုတ်သော သွေးမြေ ခွေးပင် ဖြစ်နေသည်မဟုတ်ပါလား။

သွေးမြေခွေးသည် ကျားဘီလူးနှင့် ထိုက်ကျိုသိုင်းသမား လေးယောက်အားရက်ရက်စက်စက်သတ်ပစ်ခဲ့သူဖြစ်လေသည်။

ယခု....

အညာတရဘုံကျောင်းလေးတစ်ခုသို့ သွေးမြေခွေးရောက် ရှိလာသည်မှာ အဘယ်ကြောင့်ပါနည်း။

ရသေ့ကြီးနှင့်သူတော်တို့ ပြိုင်တူ ထရပ်လိုက်ကြလေသည်။

သွေးမြေခွေးသည် ရသေ့ကြီးနှင့်သူတော်အား စေ့ ကြည့်လိုက်ပြီး....

'ခင်ဗျားတို့ ဘယ်လိုလဲ၊ ခြေရာဖျောက်ကောင်းပေမယ့် နောက်ဆုံးတော့ ကျုပ်ကရှာတွေ့ခဲ့တာပဲ မဟုတ်လား'

ဟု ပြောလေသည်။

ရသေ့ကြီးက....

'ခင်ဗျားဟာ ကျုပ်တို့ကို ခြေရာခံမိသွားပြီဆိုတာ ကျုပ်တို့သိပါတယ်၊ ခင်ဗျားရောက်မလာခင် ရှောင်တိမ်း သွားလို့ရတာပဲ'

ဘွားမြေခွေးက...,

'ဒါဖြင့် ဘာကြောင့် ရှောင်မသွားကြတာလဲ ပြောစမ်းပါဦး'

ရသေ့ကြီးက တည်ကြည်သောမျက်နှာထားဖြင့်....

'ခင်ဗျားနဲ့ ရင်ဆိုင်ပြေရှင်းချင်လို့ပါပဲ'

ဟု ပြောလိုက်၏။

ဤတွင်....

'ဟား....ဟား....ဟား'

ဘွားမြေခွေးက ဟားတိုက်ရယ်မောလိုက်ပြန်သည်။

သူ၏အသံမှာ ဘုံကျောင်း တစ်ခုလုံး ပြိုကျသွားတော့မတတ် ကျယ်လောင်စွာ ထွက်ပေါ်လာတော့သည်။

ပထမပိုင်းပြီး၏။

(ဒုတိယပိုင်းဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်)

# ဝဏ္ဏအောင်

## မစ္ဆရိယအမှား

(ဒုတိယပိုင်းဇာတ်သိမ်း)